# ငါ့မှာ အပတ်တိုင်း အလုပ်အသစ် ရှိတယ်

**ဘာသာပြန် - ထွန်းလင်းအောင်**

## အခန်း (၅၁၁)

## လူ့လောကကြီးက ခက်ခဲတယ်

မာစီးတီး၏ ကျယ်လောင်သည့်
အင်ဂျင်သံကိုကြားတော့ တံတားအလယ်တွင်
ပိတ်ဆို့ထားကြသည့် လူတိုင်း ရုပ်ဆိုး
အကျည်းတန်သွားကြ၏။

သို့သော်လည်း မည်သူကမျှ လင်းရီ သူတို့ကို
တိုက်ဝံ့လိမ့်မည်လို့ မယုံကြည်ကြချေ။

အကယ်၍ လင်းရီ မသက်မရှင်ချင်တော့ဘူး
ဆိုလျှင်တော့ တစ်မျိုးပင်။ တစ်စုံတစ်ယောက်ကို
သတ်လိုက်ပါက မာစီးတီး ဆယ်စီးပေးလျှင်ပင်
လျော်ရန် လုံလောက်လိမ့်မည် မဟုတ်ချေ။ ယင်းက
လူတစ်ဦးကို ချွတ်ခြုံကျသွားစေသည်အထိ ပြုလုပ်ရန်
လုံလောက်၏။ ယင်းအတွေးအခေါ်က
ကျန်သူများအပေါ်တွင် အလုပ်ဖြစ်သော်လည်း လင်းရီ
အပေါ်တွင်တော့
အသုံးမဝင်ချေ။အကြောင်းပြချင်ကတော့ ရိုးရှင်းသည်။
အဘယ်ကြောင့်ဆိုသော် သူက လင်းရီ
ဖြစ်နေသောကြောင့်ပင်။

တုံ့ဆိုင်းခြင်း အလျှင်းမရှိ လင်းရီ လီဗာကို တအား
နင်းချလိုက်သည်။ သားရဲရိုင်းကြီးတစ်ကောင်ကဲ့သို့
ပြေးလာနေသည့် လင်းရီ၏ကားကို မြင်တော့
တံတားပေါ် ရှိ ရွာသားများအားလုံး
ကြောက်ချေးပန်းသွားကြလေသည်။ သူတို့၏
ခြင်းတောင်းများကိုပင် ဂရုမစိုက်နိုင်အားတော့ပဲ
တံတားဘေးသို့ ကမန်းကတမ်း ပြေးသွားကြ၏။
အချို့အဘိုးကြီးများဆိုလျှင် သူတို့၏ တောင်ဝှေးများကို
ပစ်ချပြီး လူငယ်များထက်လျှင်မြန်စွာ
ရှောင်ပြေးသွားကြလေသည်။

လင်းရီတို့ကား ရှေ့မှ မောင်းထွက်သွားသည်ကို
မြင်တော့ နောက်ရှိ ထရပ်ကားမှလည်း မျက်ခြည်မပြတ်
လိုက်လာခဲ့၏။ နောက်ဆက်တွဲကတော့ တံတားပေါ်တွင်

ဖုန်မှုန့်များ နေရာအနှံ့ ပေကျံနေပြီး
ငါးအသေကောင်များလည်း လမ်းလည်တွင်
ပြန့်ကျဲနေကာ တောင်းများလည်း
ကျိုးကြေနေလေသည်။ ရွာသားများအဖို့တော့
ဝမ်းနည်းစရာ မြင်ကွင်းကြီးပင်။

"မျိုးမစစ်လေး.. မင်း အသေဆိုးနဲ့ သေမယ့်ကောင်...
ငါတို့ကို ပြန်လျော်ပေးစမ်း...."

"ဒီမှာ အော်နေလို့ ဘာထူးမှာ... ရွာထဲမှာ
သွားရှာကြမယ်... ငါတို့ သူ့ကို ရှာတွေ့အောင်
ရှာရမယ်...."

"သူလုပ်တာနဲ့ ငါ နှလုံးရောဂါတောင် ရတော့မလို့...
ငါ့ကိုလည်း ဖြေရှင်းချက်ပေးရမယ်...."

"ဟုတ်တယ် သွားစို့.. သွားရှာပြီး ဖြေရှင်းချက်တောင်းကြမယ်...."

ကျောက်တုံးတုံတားကို ကျော်ဖြတ်ပြီးနောက် နှစ်ယောက်သား ပေချောင်မြို့သို့ ဦးတည်လိုက်လေသည်။

"ဒီ ပေချောင်မြို့ ဒေသခံတွေက အတော်လေးဆိုးရွားတာပဲ..."လင်းရီ ပြောလိုက်သည်။

"ဆင်းရဲလွန်းတော့ ငတ်မှာကြောက်လို့ သောင်းကျန်းနေကြတာနေမှာပါ..."

"ဖြစ်နိုင်တယ်...."

မြို့ထဲတွင်တော့ မီတာရာကျော်ရှည်သော လမ်းတစ်ခု ရှိသည်။ လမ်း၏ ဘေးနှစ်ဖက်တွင်တော့ ယိုင်နဲ့နေသည့် ဆိုင်လေးများ တန်းစီနေပြီး ကမ္ပည်းပြားပေါ်တွင် ရေးသားထားသည့် ဆေးသားစာလုံးတို့မှာလည်း အဖြူရောင်သို့ ကူးပြောင်းနေချေပြီ။ အချို့ကတော့ သစ်သားပြားများပေါ်တွင် စာလုံးများ ရေးသားကာ ကမ္ပည်းပြားများအဖြစ် အသုံးပြုထားကြ၏။

ပေချောင်မြို့သို့ ရောက်သွားသည်မှာ ခေတ်နောက်ပြန်ဆွဲနေသည့် နေရာတစ်ခုသို့ ရောက်ရှိလာသည့် အလား လင်းရီ ခံစားနေရတော့သည်။

"အမှန်ဆို ပေချောင်မြို့က
အဲ့လောက်မဆိုးသေးဘူး...သူ့အောက်မှာ ဒီထက်ဆိုးတဲ့ ရွာတွေ တစ်ဒါဇင်လောက် ရှိနေသေးတယ်... အဲ့ဒီက အခြေအနေတွေဆို အရမ်းဆိုးတယ်... ကျောင်းဆိုတာ တကယ့်ကို ချမ်းသာတဲ့ မိဘတွေရဲ့သားသမီးမှ နေနိုင်တာမျိုးပေါ့...."

"မပူနဲ့... အဲ့ဒီ ပြဿနာက ကျောင်းဆောက်ပြီးသွားတာနဲ့ ဖြေရှင်းပြီးသား ဖြစ်သွားလိမ့်မယ်... "လင်းရီ ပြောလိုက်ပြီး "အချိန်တစ်ချို့လောက်တော့ ကြာမှာပေါ့...."

"အွန်း - အွန်း....."

နှစ်ယောက်သား မြို့ထဲ ဝင်ရောက်လာသောအခါ လူအများအပြား၏ အမြင်အာရုံကို ဆွဲဆောင်သွားခဲ့လေသည်။

၎င်းတို့အတွက်တော့ မာစီးတီးမောင်းနိုင်ခြင်းမှာ မိသားစု၏ ဂုဏ်ကျက်သရေကို ဆောင်နိုင်သည်နှင့် အတူတူပင်။

လီချူးဟန်၏ လမ်းညွှန်ပေးမှုအောက်တွင် နှစ်ယောက်သား မြို့ကို ဖြတ်ကျော်လာပြီး မြို့ပြင်သို့ ရောက်ရှိလာခဲ့၏။ သူတို့၏နောက်တွင်တော့ လေ့ကားထစ်စိုက်ခင်းများမှာ ဖြတ်သွားဖြတ်လာ ပုံရိပ်သဖွယ် ကျန်ရစ်ခဲ့လေသည်။ စိမ်းစိုနေသည့် လယ်ကွင်းပြင်များကို ဖြတ်ကျော်ပြီး

နောက်ဆုံးတွင်တော့ တောင်ပူစာလေး တစ်လုံးထံသို့ ရောက်ရှိလာခဲ့၏။

ပေချောင်မြို့ခံများကတော့ ယင်းတောင်ကို ရှီးရှန်း( အနောက်တောင်)ဟု ခေါ်ဝေါ်ကြပြီး အကယ်၍ တစ်စုံတစ်ဦးမှ အနီးစွာရောက်သွားလျှင် ဤနေရာ၌သာ လာရောက် မြှုပ်နှံလေ့ရှိကြလေသည်။

လီချူးဟန်၏ မိခင်ကိုတော့ ညစ်ပတ်သည့် လမ်းနှင့် ဆယ်ပေအကွာတွင် မြှုပ်နှံထားသောကြောင့် လင်းရီတို့ အချိန်အကြာကြီး လမ်းမလျှောက်လိုက်ရပေ။ ထို့နောက် သုံးယောက်သား ၊ ဒရိုင်ဘာ အပါအဝင် ကားပေါ်မှ ပစ္စည်းများကို အောက်သို့ချကြ၏။

ထိုအချိန်တွင်ပဲ လင်းရီ ပြဿနာ တစ်ခုကို သတိထားမိသွားလေသည်။

ယခု နေရာ၌ လူသေအလောင်းများကို အခေါင်းနှင့်တကွ မြှုပ်နှံလေ့ရှိပြီး မီးရှို့သည့် အလေ့အထ မရှိချေ။ အကယ်၍ အုတ်ဂူကို ရွေ့ချင်သည်ဆိုပါက အနည်းငယ် အခက်ကြုံရနိုင်လေသည်။

သို့သော်လည်း ငွေကြေးက အရာအားလုံးကို ဖြေရှင်းပေးနိုင်သည် မဟုတ်ပါလော။

ပစ္စည်းများ အောက်ချပြီးနောက် လင်းရီ လီချူးဟန် ပြောစကားကို နားမထောင်ပဲ ဒရိုင်ဘာကို ယွမ်နှစ်ရာ ပေးလိုက်၏။ ဒရိုင်ဘာလည်း ပျော်ရွှင်စွာဖြင့် ထိုနေရာမှ ထွက်ခွာသွားခဲ့လေသည်။

ထို့နောက် လင်းရီ မီးခြစ်ဖြင့် ငွေစက္ကူများကို အုတ်ဂူပေါ်တွင် မီးတင်ရှို့သည်။ လီချူးဟန်လည်း ဘေးတွင် ရပ်ကြည့်နေ၏။ သူမ၏ သက်တမ်းတွင် သေလူများကို များစွာကြုံတွေ့ရခဲ့ခြင်းကြောင့်လားတော့မသိ သာမန်လူတစ်ယောက်ကဲ့သို့ ငိုကြွေးနေခြင်း မရှိတော့ချေ။ ထိုအစား သူမ အရမ်းကို တည်ငြိမ်နေခဲ့၏။

လင်းရီ ဝယ်လာခဲ့သည့် ပစ္စည်းများမှာ များပြားလွန်း၍ အကုန်လုံးလောင်ကျွမ်းပြီးမြောက်သွားရန် တစ်နာရီခွဲခန့် အချိန်ယူလိုက်ရလေသည်။

"ငါ ဒီမှာ ခဏလောက် နေဦးမယ်...ရမလား...."

"အင်း...ရပါတယ်..."

ညစ်ပတ်နေသည့် မြေပြင်ကို သန့်ရှင်းရေးပြုလုပ်ရန် အာရုံမရှိတော့ပဲ လီချူးဟန် ဆတ်ခနဲ ထိုင်ချလိုက်၏။

"အမေ့ကို အမြဲတမ်း ကျေးဇူးတင်နေခဲ့တာ..."လီချူးဟန်၏ အကြည့်တို့မှာ ညင်သာနေပြီး သူမ လင်းရီကို စကားပြောနေခြင်းလော သို့မဟုတ် မြုပ်နှံခံထားရသည့် သူမအမေကို စကားပြောခြင်းလော သို့မဟုတ် သူမ မျက်နှာကို ထွေးပွေ့သွားသည့် လေညင်းလေးများကို ပြောနေခြင်းလော မသဲကွဲပေ။

"အမေက ပညာမတတ်ဘူး...ဆင်းရဲတဲ့ ကျေးတောသူ အမျိုးသမီးလေး... ဒါပေမယ့် ငယ်ငယ်ကတည်းကရင် ပညာတတ်မြောက်ဖို့က အရမ်းအရေးကြီးတယ်ဆိုပြီး ငါ့ကို ကြိုးစားလေ့လာခိုင်းတယ်.... "

"ငါ ငယ်ငယ်တုန်းက ဆင်းရဲတော့ မိသားစုကလည်း ကျောင်းထားဖို့ မတတ်နိုင်ဘူး... ပြီးတော့ မောင်လေးတစ်ယောက်လည်း ရှိနေသေးတယ်ဆိုတော့ ကျောင်းသွားဖို့ အခွင့်အရေး လုံးဝမရှိတာပေါ့... ကံကောင်းချင်တော့ ငါတို့အိမ်နဲ့ ဘေးချင်းကပ်ရပ် အဘွားနဲ့အဘွား စုံတွဲက  ကောင်တီမှာ စာသင်ပေးတဲ့ ကျောင်းဆရာတွေလေ... ငါ့ကို သနားတာနဲ့ နေ့တိုင်း ဘယ်လိုရေးရ ဖတ်ရမလဲဆိုတာ သင်ပေးတယ်... မူလတန်းသင်ရိုးကို  ပြီးရုံလေးတင်ပေါ့...  "

"ဂျူနီယာ အထက်တန်း တက်ရတော့မယ်ဆိုတော့ အဘိုးနဲ့အဘွားက ငါ့ကို ကောင်တီစီ ခေါ်သွားပေးတယ်... သူတို့ စာပြနေတဲ့ ကျောင်းလေးဆီကိုပေါ့... အဘိုးက ငါ့ကောင်းကြောင်းတွေ အများကြီး ပြောပြပေးတော့ အမေက ငါ့တောင် ယွမ် ငါးဆယ် လက်ဆောင်ပေးလိုက်သေးတယ်... ကျောင်းအုပ်ကြီးကလည်း ငါ့ကို ချွင်းချက်အနေနဲ့ စကောလားရှစ်ပေးပြီး ကျောင်းတက်ခွင့် ပေးခဲ့တယ်လေ.... မဟုတ်ရင်တော့ ငါ ခုချိန်လောက်ဆို ဆိုင်တစ်ဆိုင်မှာ စားပွဲထိုး လုပ်နေရလောက်ပြီ...."

"ဒါပေမယ့် ငါ ချမ်းချမ်းသာသာနဲ့ ဘာမှ ပူပန်စရာမလိုပဲ နေရတဲ့ အချိန်ကျတော့ အမေက ငါ့ဘေးနားမှာ မရှိတော့ဘူး..."လီချူးဟန် ညင်သာစွာဖြင့် ရေရွတ်လိုက်သည်။

"အမေ ငယ်ငယ်တုန်းက အလုပ်ကြမ်းလုပ်တာအပြင် ငါ့ကို ဆူတတ်သေးတယ်.. ရိုက်တတ်သေးတယ်.... ဒေါက်တာက ငါ့အမေ အလုပ်အရမ်းလုပ်လို့ ပင်ပန်းလွန်းပြီး သေနိုင်တယ်လို့ တိတ်တိတ်လေး ပြောပြဖူးတယ်.... နောက်ဆုံးကျတော့လည်း အမေ အဆုတ်ကင်တာ ဖြစ်ပြီးတော့မှ သူ့ဘဝမှာ သောက်ဖူးခဲ့တဲ့ ဈေးအကြီးဆုံးဆေး နှစ်ယွမ်တန် ယူသနေးရှားကို သောက်ပြီးတော့ ဝေဒနာ မခံစားရပဲ ငါ့ကို အပြုံးလေးနဲ့ နှုတ်ဆက်သွားတယ်လေ........ "

"အဲ့ဒီ အချိန်တုန်းက ငါ့ကိုယ်ငါ
အရမ်းစွမ်းအားမဲ့တယ်လို့ ခံစားရတယ်...
ငါတတ်နိုင်တယ်ဆိုတာ ကလည်း ဘာမှ မရှိဘူး...
အရွယ်ရောက်လာလို့ ငါ့အခြေအနေ နည်းနည်းလေး
ပိုကောင်းလာပြီဆိုရင်တောင်မှ ခုလည်း
စွမ်းအားမဲ့နေတုန်းပဲလေ..."

လင်းရီ တစ်ခွန်းမျှ ဝင်မပြောပဲ လီချူးဟန် ပြောသမျှကို
နားထောင်နေလိုက်၏။ သူမလိုအပ်သည်မှာ
စိတ်ခွန်အားပေးမှုမဟုတ်ပဲ သူမ ရင်ဖွင့်သမျှကို
နားထောင်ပေးမည့် နားတစ်စုံပင်။

လင်းရီ ရုတ်ချည်း ဝမ်းနည်းသလို ခံစားလိုက်ရသည်။ ဤအကြောင်းပြချက်ကြောင့် သူမ အိမ်ထောင်မပြု သားမမွေးချင်ရခြင်း ဖြစ်လောက်၏။

တိတ်ဆိတ်စွာဖြင့် လင်းရီ လမ်းလျှောက်လာပြီး လေကြောင့် ရှုပ်ပွနေသည့် သူမ၏ ဆံနွယ်များကို သပ်ရပ်အောင် ပြုပြင်ပေးရင်း ဖြူဝင်းသောမျက်နှာပြင်ပေါ်တွင် ဖြည်းညင်းစွာ စီးကျနေသည့် မျက်ရည်တို့အား ညင်သာစွာ ဖယ်ရှားပေးလိုက်သည်။

"လင်းရီ...."

လီချူးဟန် လင်းရီကို တင်းကြပ်စွာ ဖက်လိုက်ရင်း မျက်ရည်တို့ ထိန်းချုပ်မရနိုင်အောင်

စီးဆင်းလာခဲ့တော့၏။သူမရင်ထဲတွင်
မျိုသိပ်ထားရသည့် နာကျင်မှုတို့ကို ပုံအပ်ပြီး ငိုကြွေးရန်
ရင်ခွင်တစ်စုံကို သူမရှာတွေ့ခဲ့ချေပြီ။

ပြောကြသည်ကတော့ အခက်အခဲကို နဖူးတွေ့ဒူးတွေ့
ကြုံတွေ့ပြီး နာကျင်ခံစားဖူးမှသာလျှင်
လူတစ်ယောက်ကို အထက်သို့
တက်လှမ်းနိုင်စေနိုင်မည်။ သို့သော်လည်း သူမတွင်
တစ်ပါးသူ၏ အထက်တွင် နေချင်စိတ်
ဘယ်သောအခါကမျှ မရှိခဲ့။ထိုသို့ဆိုလျှင်တောင်
ကမ္ဘာကြီးက သူမကို ညှာတာထောက်ထားခြင်း လုံးဝ
မပြုချေ။

"မငိုနဲ့တော့လေ... အန်တီက နင့်ကို
ကောင်းကင်ဘုံကနေ ကြည့်နေလိမ့်မယ်..."
လင်းရီ မျက်ရည်များကို ပြန်ဖယ်ရှားပေးလိုက်၏။
မျက်ရည်များကြောင့် ကြည်လဲ့နေသော
မျက်ဝန်းတစ်စုံကို ကြည့်ရင်း လင်းရီလည်း
ဝမ်းနည်းမှုတို့ ကူးစက်လာလေသည်။

"အင်းပါ..."

နှစ်ယောက်သား အုတ်ဂူရှေ့တွင် မတ်တပ်ရပ်လိုက်ပြီး
လင်းရီ လီချူးဟန်၏ ပခုံးကို ဖက်ကာ "အန်တီ...
စိတ်မပူပါနဲ့... ကျွန်တော် ချူးဟန်ကို သေချာလေး
စောင့်ရှောက်ပေးမှာပါ... သူ့ကို ဘယ်သူကမှ
အနိုင်မကျင့်စေရဘူး... "

မျက်ရည်တို့ဝဲနေရင်း လီချူးဟန်၏ အကြည့်တို့မှာ ညင်သာနေခဲ့၏။

"သွားစို့... ပြီးပြီမလား..."လင်းရီ လီချူးဟန်ကို ကြည့်၍ ပြောလိုက်ပြီး "အန်တီ့ကို ကျိုးဟိုင်ခေါ်သွားပြီးရင် ငါတို့ သွားလည်ချင်တဲ့အချိန် သွားလည်လို့ရပြီလေ..."

"အွန်း..."

မျက်လုံးထောင့်စွန်းရှိ မျက်ရည်စများကို လက်နှစ်ဖက်ဖြင့် ဖယ်ရှားရင်း လီချူးဟန် စိတ်တည်ငြိမ်အောင် ပြုလုပ်ကာ လင်းရီနှင့်အတူ လှည့်ထွက်လာခဲ့လိုက်လေသည်။

"အစ်မ... "

လင်းရီ နောက်သို့ နောက်သို့ လှည့်ခါရှိသေး ဆိုင်ကယ်တစ်စီးဖြင့် လူငယ်တစ်ယောက် အဝေးမှ ရောက်ချလာသည်ကို မြင်တွေ့လိုက်ရ၏။

"အဲ့ကောင်က မင်းမောင်လေးလား..."လင်းရီ မေးလိုက်ပြီး "သူလည်း အန်တီ့ရဲ့အုတ်ဂူကို လာကြည့်တာလား...."

"အင်း....သူက ငါ့ရဲ့မောင်လေး လျိုခိုင်... သူလာလည်တာ ဟုတ်လား မဟုတ်လားတော့ ငါလည်း မပြောတတ်ဘူး..."

လီချူးဟန်၏ အဖြေက လင်းရီကို ရှုပ်ထွေးသွားစေခဲ့၏။

သူက အုတ်ဂူကို လာမကြည့်ဘူးဆိုရင် ဒီဘာလာလုပ်မှာလဲ...

"ဒါနဲ့ မင်းတို့နှစ်ယောက်က မျိုးရိုးနာမည်လည်း မတူကြဘူးနော်...."

လီချူးဟန် ခေါင်းညိမ့်လိုက်သည်။ "ငါ တက္ကသိုလ်တက်တုန်းက နာမည်ပြောင်းပြီးတော့ အမေ့ရဲ့ မျိုးရိုးနာမည်ကို ယူလိုက်တာလေ...."

"သဘောပေါက်ပြီ...."

လမ်းဘေးတွင် ဆိုင်ကယ်ထိုးရပ်ပြီးနောက် လျိုခိုင် လီချူးဟန်ဆီသို့ အပြေး ရောက်ချလာလေသည်။

"အစ်မ... နင် ဒီအချိန်လာမယ်ဆိုတာ ငါ သိသားပဲ..."

သူတို့နှစ်ယောက်ရှေ့သို့ ရောက်သောအခါ လျိုခိုင် ရည်ရွယ်ချက်ရှိရှိ အရှိန်ကို လျှော့ချလိုက်ပြီး လင်းရီကို သတိထားသော အကြည့်ဖြင့် ကြည့်လိုက်သည်။

"နင်ဘာလို့ ဘာမှ ယူမလာခဲ့တာ..."လီချူးဟန် မေးမြန်းလိုက်၏။

"ကျွန်တော်က အစ်မကို လာရှာတာလေ... "လျိုခိုင်ပြောလိုက်ပြီး "ကျွန်တော့်ကို ပိုက်ဆံ

နည်းနည်းလောက် ပေးစမ်းပါ... ခု အိမ်မှာ မြေဩဇာဝယ်ဖို့ ပိုက်ဆံ မလောက်တော့ဘူး....”

## အခန်း (၅၁၂)

## တံခါးကို ဆောင့်ကန်ပြီး စားပွဲလှန်မယ်

"အဲ့ဒါ နင်တို့မိသားစုကိစ္စလေ... ငါ့မှာ နင်တို့ကိုပိုက်ဆံပေးစရာ အကြောင်းမရှိဘူး..."

"ကျွန်တော်က အစ်မရဲ့မောင်လေးလေ... ဘာလို့ တာဝန်မရှိရမှာ..."လျိုခိုင်၏ အမူအရာ ပြောင်းလဲသွားပြီး ယုံကြည်ချက်အပြည့်ဖြင့် ပြောလိုက်၏။

"ဒါတောင်  မိန်းမ မယူရသေးလို့နော်...  မိန်းမ ယူတော့မယ့်အချိန်ကျရင် အစ်မ ကျွန်တော့်ကို ကျိုးဟိုင်မှာ အိမ်လည်း ဝယ်ပေးရမယ်..."

"ငါ ဒီနှစ်တွေထဲမှာ နင်တို့သားအဖကို ပိုက်ဆံတွေ ပေးပေါင်း မနည်းတော့ဘူး... နင်တို့မှာလည်း နင်တို့ ဘဝနဲ့ ရှိသလို ငါ့မှာလည်း ငါ့ဘဝနဲ့ ရှိတယ်... အားလုံးက ဘဝကိုယ်စီနဲ့....ငါတို့က ခု ဘာမှမသက်ဆိုင်တော့ဘူး... နောက် ဘယ်တော့မှ ပိုက်ဆံ လာမတောင်းနဲ့တော့..."လီချူးဟန် ပြောလိုက်ပြီး "ပြီးတော့ နင် မြေသြဇာဝယ်ဖို့ ငွေတောင်းတာ မဟုတ်ဘူး... လောင်းကစား လုပ်မလို့မလား.... ငါ့ကို လာမလိမ်ပါစမ်းနဲ့..."

"ကျွန်တော် လောင်းကစား မလုပ်တော့တာ ကြာပြီ... ဘုရားစူး...တကယ်ကြီး မြေသြဇာဝယ်မှာ...မများဘူး ယွမ်ငါးထောင်လောက်လေးပဲ.. မြန်မြန်လုပ်စမ်းပါဗျာ... ဒီမှာ အရေးတကြီး လိုအပ်နေလို့..."

" မနှစ်တုန်းက ငါ ဒီလာတုန်းက နောက်ဆုံးအကြိမ်ဆိုပြီး ယွမ်တစ်သောင်းပေးခဲ့ပြီပြီလေ... နင်လည်း သဘောတူ လက်မှတ် ထိုးခဲ့တာပဲ... နောက်တစ်ကြိမ် ပိုက်ဆံ ပြန်လာတောင်းတယ်ဆိုတော့ နင့်ဘက်က မလွန်ဘူးလား..."

"အဲ့ဒါဆို အစ်မက အမေ ချန်ထားခဲ့တဲ့ မြေတွေ ခြောက်သွေ့နေမှာကို မြင်ချင်လို့လား...

ကျွန်တော်တို့သားအဖတွေ အိမ်မှာ ငတ်သေမှာကို ကြည့်ရက်လို့လား..."

"ငါ နင်တို့ သားအဖကို လုံလောက်အောင် ပေးကမ်းခဲ့ပြီးပြီ... ဘယ်အချိန်ထိ ပေးကမ်းစေချင်နေသေးတာလဲ..."လီချူးဟန် အမူအရာ ကင်းမဲ့စွာဖြင့် ဆိုလိုက်ပြီး "နင်လည်း နင်ဘာလုပ်လဲဆိုတာ အသိဆုံးဖြစ်မှာပါ... ပိုက်ဆံရတာနဲ့ အရက်သောက်မယ်... အံစာလောင်းမယ်... ငါ ဘယ်လောက်ပဲ ပိုက်ဆံပေးနေပါစေ နင့်ဘက်က လုံလောက်တယ်ဆိုတာ ရှိလာမှာ မဟုတ်ဘူး..."

"တကယ်... ဒီတစ်ခါ နောက်ဆုံးပဲ... ကျွန်တော့်ကို ယွမ် ငါးထောင်ပေးရင် နောက်ထပ် မတောင်းဆိုတော့ဘူး...."

"မပေးနိုင်ဘူး...."လီချူးဟာန် ခပ်ပြတ်ပြတ် ပြောလိုက်ပြီး "နင် မနှစ်တုန်းကလည်း ဒီလိုပဲ ပြောခဲ့တာပဲ... ငါ နင့်စကားကို ဘယ်လို ယုံကြည်ပေးရမှာ..."

"အစ်မ .. နင်က လူမှ ဟုတ်ရဲ့လား... နင့်ရဲ့ မောင်လေးကိုတောင် မကူညီဘူးဆိုတော့ ကျွေးမွေးခဲ့တာတွေ အလကားပဲ..."

ဖြန်း..

လီချူးဟန် သူမ လက်ကို မြောက်လိုက်ပြီးလျိုခိုင်၏ မျက်နှာကို ဖြန်းခနဲမြည်အောင် ရိုက်လိုက်သည်။

"အမေက ငါ့ကို ရှာကျွေးခဲ့တာ.. နင်ကျွေးတဲ့ ထမင်း တစ်စိတောင် ငါမစားဖူးဘူး... ငါ့ကို အဲ့လိုစကားမျိုး လာမပြောနဲ့... ပြီးတော့ နင်တို့ မိသားစုနဲ့လည်း ငါ သံယောဇဉ်ဖြတ်ပြီးသွားပြီ...."

"မင်း ငါ့ကို ရိုက်တယ်ပေါ့လေ..."
လျိုခိုင် သူ့မျက်နှာကို လက်ဝါးဖြင့် အုပ်ထားပြီး လီချူးဟန် သူ့ကိုပါးရိုက်လိမ့်မည်လို့ လုံးဝ မျှော်လင့်မထားခဲ့ချေ။

"ဒီတစ်ချက်က နင့်ကို သတိပေးတာပဲ... ဘယ်နနှစ် ရှိပြီလဲ... သောက်စားမူးယစ် သုံးဖြုန်းနေပြီးတော့မှ

အကြီးကို အကြီးလို မရိုသေတတ်တဲ့အကောင်... နင်က လူလိုမသိတတ်တဲ့ကောင်ပဲ..."

"ကောင်းပြီလေ... ကျုပ် ဒီစကားတွေကို မှတ်ထားတယ်... မင်းက မိသားစုနဲ့ အဆက်အသွယ်ဖြတ်ချင်နေတယ်ဆိုတော့လည်း.... ယုံချင်ယုံ မယုံချင်နေ ..ကျုပ်တို့သားအဖနှစ်ယောက် မနက်ဖြန် ကျိုးဟိုင် ဆေးရုံကို လာပြီးတော့ မင်းရဲ့ နာမည်ကို သိက္ခာကျအောင် ဖျက်ဆီးပြမယ်..."

"နင်..."

လီချူးဟန် အလွန်အမင်း ဒေါသထွက်နေပြီး တဆတ်ဆတ် တုန်ယင်နေသည်။ သူမ

ထိုအသားအဖနှစ်ယောက် ထိုမျှ အရှက်ကင်းမဲ့လိမ့်မည်ဟု မျှော်လင့်မထားခဲ့ချေ။

"ချူးဟန်.. စိတ်အေးအေးထား..."လင်းရီ သူမ၏ ပခုံးကို ပုတ်လိုက်ပြီး "တစ်ချို့ကိစ္စတွေက ချက်ချင်း လက်ငင်းဖြေရှင်းမှရမှာ......အချိန်ဆွဲနေလို့ မဖြစ်ဘူး... "

"ဒါပေမယ့် ဖြေရှင်းဖို့ နည်းလမ်းမှ မရှိတာ... ငါပြန်လာတဲ့ အချိန်တိုင်း သူက ဒီနေရာမှာ ကြိုစောင့်နေပြီးတော့ ငွေတောင်းတယ်... ဒီနေ့သာ စောမရောက်လာခဲ့ဘူးဆိုရင် အမေ့အုတ်ဂူတောင် လာလို့ရမှာ မဟုတ်ဘူး..."

"ဒါကြောင့်မို့လည်း ငါက တစ်ခါတည်း ဖြေရှင်းဖို့ ပြောနေတာလေ...မင်း ဒါကို အချိန်ဆွဲနေလို့ မရဘူး...."

လှိုင်ခိုင် လင်းရီကို အသိအမှတ်ပြုစွာ တစ်ချက်ကြည့်လိုက်ပြီး "မင်းရဲ့သူငယ်ချင်းက အလိုက်သိပြီးတော့ ပြဿနာ မဖြစ်အောင် ဘယ်လို နေရမလဲဆိုတာ သိသားပဲ... သူ့ကြောင့်သာ မဟုတ်လို့ကတော့ မင်း ဆေးရုံမှာ အလုပ်ဆက်လုပ်လို့ ရမှာတောင် မဟုတ်ဘူးနော်... ငါတို့က မင်းမျက်နှာ မပြရဲလောက်အောင် နာမည် ဖျက်ပစ်မှာ..."

"မင်းကို ဒီမှာ ပိုက်ဆံလာတောင်းခိုင်းတဲ့သူက မင်းအဖေမလား... ဒီနေရာက စကားပြောလို့

ကောင်းတဲ့နေရာမဟုတ်ဘူး.. မင်းရဲ့အိမ်ကို
သွားကြမယ်... "

"ကောင်းပြီလေ... ပိုက်ဆံ ရမယ်ဆိုရင်
ဘယ်နေရာမှာပြောပြော အဆင်ပြေတယ်...."

လျိုခိုင် နောက်သို့ လှည့်လိုက်ပြီး "အဲ့ လမ်းဘေးမှာ
ရပ်ထားတဲ့ မာစီးတီးက မင်းတို့ကားလား...
အတော်လေးဈေးကြီးမယ့်ပုံပဲ... ကျုပ် တစ်ခါမှ
မာစီးတီး မမောင်းဖူးသေးဘူး..."

"အိပ်မက်မက်မနေနဲ့.. မင်းဆိုင်ကယ်ကို မင်းမောင်း... "

"ဘာသဘောတုန်းကွ... ဒီတိုင်း မာစီးတီးလေးပဲ
မဟုတ်ဘူးလား... ငါ့ပေးမောင်းလိုက်တော့

ဘာဖြစ်သွားမှာကြလို့... မင်းက ငါ့ကို
အထင်သေးတာလားဟျောင့်..."

"မင်းပိုက်ဆံ မလိုချင်တော့ဘူးလား..."

"အိုကေလေ... မင်းတို့မောင်း... ငါ ဆိုင်ကယ်နဲ့
လိုက်ခဲ့မယ်..."

လင်းရှိ လီချူးဟန်၏ ပခုံးကို ကိုင်လိုက်ပြီး
"သွားကြစို့လေ..."

နှစ်ယောက်သား ကားထဲဝင်လိုက်ကြပြီး လျိုခိုင်လည်း
နောက်မှ ဆိုင်ကယ်ဖြင့်လိုက်ကာ လီချူးဟန်၏
နေအိမ်သို့ အသီးသီး ဦးတည်လိုက်ကြသည်။

လီချူးဟန်၏ အိမ်မှာ မြို့ထဲတွင် မရှိပဲ မီတာ ရာကျော်လောက်သာဝေးသော ရွံ့စေးနှင့်ဆောက်လုပ် ထားသည့် တဲကုပ်လေးတစ်ခုသာ ဖြစ်၏။

မာစီးတီးအနီရောင်တစ်စီး ဝင်ရောက်လာသည်ကိုမြင်တော့ လူတိုင်း ဝိုင်းအုံလာကြလေသည်။ သူတို့ တစ်သက်နှင့်တစ်ကိုယ် ယခုလို ကားအကောင်စားမျိုးကို မမြင်ဖူးကြချေ။

နှစ်ယောက်သား ကားထဲမှ ထွက်လာပြီးနောက် လင်းရီ သစ်သားပြားကို တံခါးပုံစံ တပ်ဆင်ထားသည့် အိမ်ကို လက်ညှိုးထိုးပြရင်း "အဲ့တာက မင်းရဲ့အိမ်လား..."

"အွန်း...."လီချူးဟန် ရှက်ကိုးရှက်ကန်း ဖြစ်စွာဖြင့် ခေါင်းညိမ့်လိုက်၏။

"သွားမယ်... မင်းပဲ အိမ်ထဲမှာ စကားပြောချင်တယ်လို့ ပြောထားတာမဟုတ်ဘူးလား..ခု အထဲသွားစို့..."နောက်မှ အမောတကြီး ပြေးလာရင်း လျိုခိုင် ပြောလိုက်သည်။

လင်းရီ ရုပ်တည်ဖြင့် လျှောက်သွားလိုက်ပြီး သစ်သားတံခါးကို ဆောင့်ကန်၍ ဖွင့်လိုက်လေသည်။ ထိုအခါ တပ်ရုံမှ တပ်ထားသည့် သစ်သားတံခါးမှာ အဝေးသို့ လွင့်ပျံသွားခဲ့ပြီး အထဲတွင် အရက်သောက်နေသည့် သက်လတ်ပိုင်းလူကြီးမှာ ထိုအခြင်းအရာကိုမြင်တော့ ရှော့ခ်ရသွားခဲ့၏။

လီချူးဟန်၏ ဖခင်မှာ လျိုတကျွင်းဖြစ်ပြီး သူ၏ ပုံစံမှာ ခေါင်းတုံးပေါက်ကေ ၊ အသားက ခပ်မည်းမည်းဖြင့်

အပေါ် ပိုင်း ဗလာကျင်းနေလေသည်။ စစ်ဝတ် ဘောင်းဘီ အစိမ်းရောင်ကို ဝတ်ဆင်ထားပြီး အဝါရောင် ညှပ်ဖိနပ်အစုတ်တစ်ရံကို လည်း စီးနင်းထား၏။ သူထိုင်နေသည့် နေရာအနီးနားရှိ စားပွဲပေါ်တွင် ဆန်အရက် သုံးလုံး ရှိနေပြီး မြေပဲဆားလှော် တစ်ပန်းကန်ကိုလည်း အမြည်းအဖြစ် ချထားသေးသည်။ သောက်ရင်းစားရင်းဖြင့် ဇိမ်ကျနေဟန်ပင်။ ယခုလို လင်းရီမှ တံခါးကို ဆောင့်ကန်လိုက်သောကြောင့် သူ၏ ခေတ္တစည်းစိမ်ကို ပျက်စီးသွားစေခဲ့သည်။

"ဟျောင့် မင်းဘာလုပ်နေတာတုန်းကွ..."လို့ခိုင် နောက်မှ ဒေါသ တကြီးဖြင့် အော်ဟစ်လိုက်သည်။

လင်းရီ တံခါးဘောင်တွင် ကန့်လန့်ဖြတ်နေ၍
လျိုတကျွင်းကို ကြည့်ကာ "ခင်များတို့ နှစ်ယောက်က
ချူးဟန်နား နှစ်တိုင်း
ပိုက်ဆံတောင်းနေတဲ့သူတွေမလား..."

"သူက ငါ့သမီးလေ... ဖအေက သမီးနား
ပိုက်ဆံတောင်းတာ အဲ့တာ ဆန်းသလား..."
လျိုတကျွင်း မချေမငံ ပြန်ပြောလိုက်သည်။

ဝုစ်... ခွမ်း....

လင်းရီ တစ်ခွန်းမျှမဆိုပဲ စားပွဲကို လှန်ပစ်လိုက်ပြီး
လျိုတကျွင်းကို ထပ်မံရှောင်ခ်ရသွားစေလိုက်၏။
ထို့နောက် မျက်လုံးပြူး မျက်ဆံပြူးဖြင့်  ဒေါသတကြီး

မတ်တပ်ရပ်ကာ "မင်း -ီးလုပ်တာလားကွ...
ဒါငါ့အိမ်...."

"သိတယ်လေ... ကျုပ်လည်း ခင်များအိမ်ကို
တမင်သပ်သပ် လာခဲ့တာ... ခု ကျုပ်ပြောမှာကို
ခင်များနားက သေချာလေးနားထောင်....ခုက စပြီး
ချူးဟန်နား ပိုက်ဆံ ထပ်တောင်းဖို့
စဉ်းတောင်မစဉ်းစားနဲ့... ခင်များတို့ ထပ်တောင်းတဲ့
အသံကြားလို့ကတော့ ကျုပ်ကိုယ်တိုင် ဒီလာပြီး
ခင်များတို့ သားအဖနှစ်ယောက်လုံးကို အရှင်လတ်လတ်
မြေမြှုပ်ပစ်လိုက်မယ်... နားလည်လား..."လင်းရှီ
လူသတ်ပြီး အသားပါ ဝါးစားတော့မည့် အသွင်ဖြင့်
ခြိမ်းခြောက်လိုက်သည်။

"မင်း... မင်းကို ဥပဒေက အရေးယူမှာ
မကြောက်ဘူးလားကွ...."

"ကျုပ်က ဥပဒေပဲ... ကျုပ် ဒီနေ့ ရှင်းအောင်
ပြောထားပြီးပြီ... ယုံတာမယုံတာကတော့
ခင်များတို့အပိုင်းပဲ... မယုံရင် စမ်းကြည့်ကြ...
အသက်အပိုပါတယ်ဆိုရင်ပေါ့......."

လိုျတကျွင်းနှင့် လိုျခိုင်တို့မှာ အားနည်းသူကိုသာ
အနိုင်ကျင့်တတ်ကြပြီး အားကြီးသူကိုတော့
သေးထွက်လုမတတ် ကြောက်ရွံ့ကြလေသည်။
ထို့အပြင် လင်းရီမှာ မာစီးတီး အကောင်းစားကြီး
စီးသူဖြစ်၍ ပိုက်ဆံ၏ အရှိန်အဝါကို ရှိန်နေသည်လည်း
ဖြစ်ကောင်းဖြစ်နိုင်သည်။ လီချူးဟန်ကိုသာ

အော်ငေါက်ရဲကြပြီး လင်းရီကိုတော့ တစ်ခွန်းမျှ
ပြန်မပြောဝံ့ကြပဲ နီရဲနေသော မျက်နှာကြီးဖြင့်သာ
မကျေမချမ်း ကြည့်နေကြ၏။

အစမှ အဆုံးထိတိုင် လီချူးဟန် စကားတစ်ခွန်းမျှ
ဝင်မပြောပေ။ သူမ လျို့မိသားစုအတွက်
ခံစားချက်တစိုးတစိမျှ မရှိတော့ပဲ သူစိမ်းများထက်ပင်
ပို၍ ဝေးကွာသူများပမာ ဖြစ်သွားကြလေပြီ။ လင်းရီ
သူမကို ကူညီ၍ အဆိုပါ သားအဖနှစ်ယောက်လုံးနှင့်
အဆက်အသွယ်ဖြတ်နိုင်ရန် ကူညီပေးဖို့လည်း
တိတ်တဆိတ် မျှော်လင့်နေမိသည်။
သို့မှသာ  အနာဂတ်တွင် သူမ ထိုလူများနှင့်
ရင်းနှီးပတ်သက်စရာ မလိုတော့ပဲ
စိတ်အေးချမ်းသာစွာဖြင့် နေထိုင်နိုင်ပေမည်။

"အဘိုးကြီး ကျုပ်မေးနေတယ်လေ.. ခင်များ နားကန်းနေလား...."

"ကြား ကြားပါတယ်...."

လင်းရီမျှော်လင့်ထားသည့် အတိုင်း ထိုသားအဖနှစ်ယောက်လုံးတွင်မည်သည့် အစွမ်းအစတို့မျှ ရှိမနေချေ။ အိမ်ရှိ စိုက်ခင်းမှ ရောင်းရငွေ မစို့မပို့လေးအပြင် သူတို့၏ အဓိက အသုံးစရိတ်မှာ လီချူးဟန်ထံမှ ညစ်ယူ၍ရသည့် ငွေပမာဏ ဖြစ်၏။

သို့သော်လည်း သူတို့၏ ပတ်သက်ဆက်နွယ်မှုကို အခွင့်ကောင်းယူ၍ လီချူးဟန်ကိုသာ ဖအေဟူသော

ခေါင်းစဉ်ဖြင့် ကိုင်ပေါက်ကာ အနိုင်ကျင့်ဝှံ့ကြပြီး လင်းရီကဲ့သို့ မျက်နှာစိမ်းနှင့် ရင်ဆိုင်ရချိန်တွင် သားအဖနှစ်ယောက်လုံးမှာ သူရဲဘောကြောင်ကြသူများ ဖြစ်သွားကြချေပြီ။

"ကြားရင် ပြီးတာပဲ..."

လင်းရီ တစ်ဖက်သို့လှည့်ပြီး လီချူးဟန်၏ လက်ကိုဆွဲကာ "သွားစို့.. ဒီကိစ္စ ဒီမှာတင် ပြီးပြီ... သူတို့ မင်းနား ထပ်လာတောင်းရဲရင် ငါ့ကိုသာပြော...."

"အွန်း...."

"ထွက်သွားဖို့ စဉ်းတောင် မစဉ်းစားနဲ့.... "

နှစ်ယောက်သား တံခါးအပြင်ဘက်သို့ ထွက်ခါရှိသေး လူဆယ်ယောက်ထက်မနည်း သူတို့ရှိသည့် နေရာသို့ ပြေးလာနေကြကြောင်း မြင်တွေ့လိုက်ရ၏။ သူတို့အားလုံး တံတားပေါ်တွင် လမ်းပိတ်ထားကြသည့် စျေးသည်များပင်။ သို့သော်လည်း သက်ကြီးရွယ်အိုများအပြင် လူငယ်များလည်း ပါလာကြ၏။ သူတို့၏ မျက်နှာအမူအရာကို အကဲဖြတ်ကြည့်ရသလောက်တော့ သူတို့နှင့် မိသားစု တော်စပ်သူများ ဖြစ်ရပေမည်။

"ဘာလဲ... ငါး ဝယ်ခိုင်းချင်နေပြန်ပြီလား...."

**အခန်း (၅၁၃)**

## လင်းရီ၏ ဖုံးကွယ်ထားသော အတွေးများ

"ငိုးပဲ... ငါ လခွမ်းမို့လို့ အဲ့လိုလာပြောနေတာလားကွ.... "လူကြီးတစ်ယောက်မှ မတ်တပ်ရပ်ပြီး လင်းရီကို လက်ညိုးထိုးကာ "မင်းက ငါတို့ရဲ့ငါးတွေကို ကားနဲ့ တက်ကြိတ်သွားတယ်... ပြီးတော့ ငါ့အဖေကိုလည်း နှလုံးဖောက်အောင် လုပ်လိုက်တယ်... မြန်မြန်လျော်ကြေးပေးစမ်း...."

"မဖြစ် မဖြစ်ဘူး.. အမယ်လေး ငါ့နှလုံးတွေ.... ငါ့နှလုံးတွေ နေလို့ မကောင်းတော့ဘူး....."

ထိုလူကြီးတစ်ယောက် ပြောပြောပြီးချင်းတွင် ဘေးရှိ အဘိုးကြီးမှာ ရင်ဘက်ကို ဖိ၍ မြေပြင်ပေါ်တွင် လဲလျောင်းပြီး "အိုက်ယိုးဝေး.... ငါ့နှလုံးတွေ နေလို့

မကောင်းလှချည်ရဲ့... ဒီဝေဒနာကို ခံစားနေမယ့်အစား
ငါ့ကိုသာ သတ်လိုက်ပါတော့လားကွာ..."

အဘိုးကြီး မြေပြင်ပေါ်တွင် ထိုသို့ပြောရင်း
လဲလျောင်းနေသည်ကို မြင်တော့ ကျန်သည့်
သူ့အပေါင်းအပါများလည်း ထိုသို့
လိုက်လုပ်လိုက်ကြလေသည်။

"လျော်ကြေးပေးစမ်း.."

လူ အယောက် နှစ်ဆယ်ထက်မနည်း လင်းရီနှင့်
လီချူးဟန်တို့ကို ဝိုင်းရံထားကြပြီး "ငါပြောလိုက်မယ်...
မင်းတို့နှစ်ယောက် လျော်ကြေးမပေးလို့ကတော့ ဒီကနေ
ထွက်သွားဖို့ စိတ်တောင်မကူးနဲ့..."

"ငါ ဒီကောင့်ကို သိတယ်... သူက ချူးဟန်ရဲ့ လက်အောက်ငယ်သားပဲ... ငါတို့ ဆေးရုံမှာ ဆရာဝန်သွားပြတော ငါ့သားကို ရဲဖမ်းခိုင်းပြီးတော့ ယွမ်တစ်သိန်းတောင် ညစ်လိုက်သေးတယ်...ဒီနေ့တော့ သူ့အလှည့် ကိုယ့်အလှည့် တွေ့ကြပြီပေါ့ကွာ..."ဝေအာကျူးမှ ပြောလိုက်သည်။

"လင်းရီ..."

လီချူးဟန် လင်းရီကို ကြည့်လိုက်ပြီး "ငါတို့ခု ဘယ်လိုလုပ်ကြမလဲ..."

"မင်း ကြောက်နေပြီလား...."

"နင်သာ ဘေးမှာ ရှိနေရင် ငါ ဘာကိုမှ မကြောက်တော့ဘူး..."

လီချူးဟန် လင်းရီ၏ လက်ကိုဆုပ်ကိုင်လိုက်ပြီး ထိုအခိုက်အတန့်တွင် သူမတို့နှစ်ဦး တွဲလက်မဖြုတ်တော့ပဲ လူအုပ်ကြီးကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်တော့မည်။

"အားလုံး ဘေးဖယ်ကြစမ်း ......"

လေထုသိပ်သည်းနေစဉ်တွင် လူအုပ်ကြီး၏ နောက်မှ အသံဗလံများကို ကြားလိုက်ရ၏။

လင်းရီ လှမ်းကြည့်လိုက်သောအခါ လူငယ်သုံးယောက် ရောက်လာသည်ကို မြင်တွေ့လိုက်ရလေသည်။

"အစ်ကိုစွန်းလည်း ရောက်လာတာလား..."

ထိုသူ ရောက်လာသည်ကိုမြင်တော့ လျိုခိုင် အပြေးအလွှား သွားနှုတ်ဆက်လိုက်၏။

လျိုခိုင်ပြောသည့် အစ်ကိုစွန်းဆိုသူမှာ စွန်းမောက်ချင်း၏ သား စွန်းတိလျန်ပင်။

"လျိုခိုင်.... မင်းအစ်မ ပြန်လာပြီလို့ ပြောသံကြားလို့ ... အဲ့ကောင်မလား..."

"လှရက်လိုက်တာကွာ... မင်းတို့ လျိုမိသားစုကလို့တောင် မထင်ရဘူး..."

"သူမက အမေနဲ့ တူတာလေ... "

"ကောင်းပြီ... ခု မင်းဘေးမှာ သွားရပ်နေလိုက်တော့....
မင်းနဲ့ မဆိုင်တော့ဘူး....."

စွန်းတိလျှန် ရှေ့သို့ လှမ်းအနည်းငယ် လျှောက်လိုက်ပြီး
"ဘာလို့ ဒီမှာ ဆူညံဆူညံ လာလုပ်နေကြတာ...."

"တိလျှန်... ဒီနှစ်ယောက်က ငါ့အဖေရဲ့ ဈေးဆိုင်ကို
ဖျက်ဆီးပြီးတော့ နှလုံးဖောက်အောင်လည်း
လုပ်လိုက်သေးတယ်... ဒါကြောင့်မို့ သူနဲ့ အကျိုးသင့်
အကြောင်းသင့် ဆွေးနွေးကြမလို့...."

"ငါနေတဲ့ နေရာမှာ အဲ့လို ကိစ္စမျိုး
ဖြစ်ပျက်သွားတယ်ပေါ့....."

စွန်းတိလျှန် မြေပြင်ပေါ် လဲနေကြသည့် လူများကို တစ်ချက် ကြည့်ပြီးနောက် လင်းရီနှင့် လီချူးဟန်တို့ဘက် လှည့်ကာ "မင်းကဘာကောင်လဲ... ပေချောင်မြို့ကို လာပြီးတော့ ထင်ရာစိုင်းဝံ့နေတယ်ပေါ့လေ... အဲ့ငါးတွေထဲမှာ ငါ့ရှယ်ယာဝေစုလည်း ရှိတယ်ဆိုတာကို မင်းက နားမလည်တာလား.... ဒါမှမဟုတ် မင်း ဒီလိုလုပ်ပြီး ငါ့ကို စီးပွားပျက်အောင် လုပ်နေတာလားကွ...."

"လမ်းပိတ်ပြီး ပိုက်ဆံတောင်းတဲ့ စီးပွားရေးလား...မင်းတို့ကောင်တွေက လူမှုရေး နားမလည်တဲ့ တောသားတွေလားပဲ..."

"တောသားဆိုတော့ကော ဘာဖြစ်လဲ... မင်းက မာစီးတီးကြီး မောင်းနေတယ်ဆိုတော့ ငါတို့လို တောသားတွေကို အထင်လာသေး နေတာလား...."စွန်းတိလျှန်ပြောလိုက်ပြီး "မင်း ဒီက ထွက်သွားချင်သေးလား...."

"ဆိုတော့...."

"အဲ့တာဆို လွယ်လွယ်လေးပါ .. ရွာသားတွေက မင်းကြောင့် ကြောက်လန့်ကုန်ပြီး နှလုံးဖောက်သွားတယ်ဆိုတော့ မင်းကို ခက်ခဲအောင်လည်း မလုပ်ချင်ဘူး... ယွမ် နှစ်သိန်းပေးပြီးတော့ အဲ့စော်လေးကို ငါနဲ့ အဖော်ပြုပြီး အရက်သောက်ခိုင်းလိုက်ရင် ကြေပြီ...."

ဖြောင်း...

လင်းရီ တစ်ခွန်းမျှ မဆိုပဲ လက်သံပြောင်ပြောင်ဖြင့် စွန်းတိလျှန်၏ ပါးကို အရာထင်အောင် ဖြတ်ရိုက်လိုက်သည်။

"ဟော့ကောင် နိုးထတော့... နေ့ခင်းကြောင်တောင်ကြီး ဘာအိပ်မက်တွေလာမက်နေတာ..."

လင်းရီ စွန်းတိလျှန်ကို ပါးရိုက်လိုက်သည်ကို မြင်တော့ လူတိုင်း ကြက်သေသေသွားကြ၏။

ဒီလူ ရူးသွားပြီလားဟ... သူ စွန်းတိလျှန်ကို ပါးရိုက်လိုက်တယ်...

ပေချောင်မြို့ကနေ မထွက်သွားချင်တော့လို့များလား...

လီချူးဟန် မျက်မှောင် အနည်းငယ် ကြုတ်သွားပြီး လင်းရီ နားအနားသို့ ကပ်၍ တိုးတိုးလေး ပြောလိုက်သည်။

"ငါ သေချာတော့ မမှတ်မိပေမယ့် သူက မြို့တော်ဝန်လျန်ရဲ့ သားထင်တာပဲ..."

လင်းရီ ခေါင်းတဆတ်ဆတ် ညိမ့်လိုက်ပြီး " ဆိုတော့ ဒီကောင် ဒီလောက် အောက်ခြေလွတ်နေတာ မဆန်းတော့ပါဘူး..."

စက္ကန့်အနည်းငယ် ကြာပြီးနောက် စွန်းတိလျန် ကြောင်အနေရာမှ အသိပြန်ဝင်လာလေသည်။

"မင်း ငါ့ကို ရိုက်ဝံ့တယ်ပေါ့လေ... "

" အေး ... မင်း လမ်းမဖယ်ပေးဘူးဆိုရင် ပါးရိုက်တာလောက်နဲ့ ပြီးသွားမယ့် ကိစ္စ မဟုတ်ဘူး..."လင်းရီ ပြောလိုက်ပြီး "ပြီးတော့ မင်းအဖေက စွန်းမောက်ချင်းမလား... မင်းအဖေကိုယ်တိုင် ဒီရောက်နေရင်တောင်မှ ငါ့ကားကို မတားဝံ့ဘူးကွ... မင်းကိုယ်မင်း ဘာကောင်ထင်နေတာလဲ...."

"မင်း... မင်းက ငါ့အဖေကို သိနေတယ်..."စွန်းတိလျှန် ရုတ်ချည်း ကြောက်ရွံ့သွားခဲ့၏။ သူ့အဖေကို သိရုံတင်မက ထိုသို့လည်း ပြောဝံ့နေပုံကို ထောက်ပါက

သူ့ အပြစ်ပြု၍ မရသူများဆိုတာ
သိသာထင်ရှားနေလေသည်။

"မင်းအဖေကို မေးကြည့်လိုက်... သူ ငါ့ကို သိလားလို့..."

ထိုအချိန်တွင် အနီရောင် ရှာရီ တစ်စီး
ရောက်ချလာသည်။ မောင်းလာသူကို မြင်တော့ လူတိုင်း
အလိုလို လမ်းဖယ်ပေးလိုက်ကြ၏။

ရွာထဲတွင် ကားစီးနိုင်သူမှာလည်း စွန်းမောက်ချွင်း
တစ်ဦးတည်းသာ ရှိလေသည်။

"အိုက်ယိုး... မစ္စတာလင်း... နောက်ဆုံးတော့ ကျုပ်
ခင်များကို ရှာတွေ့သွားပြီ..."

စွန်းမောက်ချွင်း အချိန်အတန်ကြာ ပျောက်ဆုံးနေသော သူ့အဘိုးကို မြင်လိုက်ရသည့် အတိုင်း စိတ်လှုပ်ရှားစွာဖြင့် ပေါင်ကို ဖြန်းခနဲ ရိုက်လိုက်သည်။

"ကျုပ်ကို ရှာနေတာလား...."

"အမှန်ပဲ... ကျုပ် အတွင်းရေးမှူးဝူဆီက ကြားတာတော့ မစ္စတာလင်းက မာစီးတီး အနီရောင် ဝယ်ပြီးတော့ ဒီနေ့ မြို့ကို လာမယ်လို့ ကြားထားတယ်... မနက်တုန်းက မစ္စတာလင်းရဲ့ ကားကို မြင်လိုက်တဲ့သူတွေ ရှိသံကြားတော့ ကျုပ် မြို့ထဲ လိုက်ရှာတာ ရှာမတွေ့ဘူး....ဖုန်းဆက်ပြန်တော့လည်း မကိုင်တာနဲ့ မြို့ပြင်နားထိ ရောက်လာခဲ့တာလေ... နောက်ဆုံး ဒီနား

လူတွေ အုံနေလို့ ဘာဖြစ်နေလဲ စပ်စုကြည့်တော့မှ မစ္စတာလင်းကို ရှာတွေ့တော့တယ်...... "

"ကျုပ်ကတော့ ခင်များတို့ ပေချောင်မြို့ကို နောက်တစ်ကြိမ် လာရမှာတောင် အတော်လေး လန့်သွားပြီ... မြို့အဝင်တုန်းကလည်း တံတားအလယ်ခေါင်မှာ လမ်းပိတ်ပြီးတော့မှ ငါးတွေအတင်းရောင်းတယ်... ခင်များသားကလည်း အဲ့ငါးတွေထဲမှာ သူ့ရှယ်ယာတွေ ပါတယ်ဆိုပြီး မဝယ်လို့ ခြိမ်းခြောက်နေပြန်ရော... ခု သူ့လူတွေနဲ့ မြေပြင်ပေါ်မှာ လဲတဲ့သူက လဲနဲ့ ကျုပ်လုပ်လို့ နှလုံးဖောက်နေတယ်ဆိုပြီး လျော်ကြေးတောင်းနေပြန်ပြီ....ပေချောင်မြို့က တော်တော်လေးကို ကြောက်ဖို့ ကောင်းနေတာပဲ.... "

မြေပြင်ပေါ် ရှိ လဲနေသူများကိုကြည့်ပြီးနောက်
စွန်းမောက်ချွင်း၏ ခန္ဓာကိုယ်မှာ ဒေါသထွက်လွန်း၍
တဆတ်ဆတ် တုန်ယင်လာလေသည်။

ထို့နောက် မွေးရကျိုးမနပ်သည့် သူ့သားဘက်သို့
လှည့်ကာ ပါးတစ်ချက် ခပ်ပြင်းပြင်း ရိုက်ချလိုက်၏။

ဖြောင်း...

ကျယ်လောင်သော မြည်သံနှင့်အတူ စွန်းတိလျန်
တစ်ပတ်လည်သွားပြီး လဲကျလု မတတ်
ဖြစ်သွားခဲ့သည်။

ထို့နောက် လူတိုင်းကို ကြည့်ကာ

"မင်းတို့ကောင်တွေ သောက်ရှက်မရှိကြဘူးလားကွ... မစ္စတာလင်းက ဒီကိုလာပြီး လမ်းတွေ ကျောင်းတွေ ဆောက်ပေးဖို့ လုပ်နေတာ... ဒါပေမယ့် မင်းတို့ကောင်တွေက ညွှဲ့သည်ကို ဒီလိုမျိုး ဆက်ဆံနေကြတယ်ပေါ့လေ... ပေချောင်မြို့ကို အိုးမဲသုတ်နေကြတာလား...."

"ကျောင်းတွေ လမ်းတွေ ဆောက်မယ်...."စွန်းတိလျှန် သူ့ပါးစပ်ကို ကြောင်အစွာ ပွတ်သပ်ရင်း "ပရဟိတ လုပ်ဖို့ လာခဲ့တာ သူလား...."

"မဟုတ်ရင် မစ္စတာလင်းလို ပုဂ္ဂိုလ်မျိုးက ငါတို့ရဲ့ စုတ်ပြတ်သပ်နေတဲ့မြို့ကို ဘာဘာလာလုပ်မယ်လို့ထင်လဲ..."

လူတိုင်း တိတ်ဆိတ် ငြိမ်သက်သွားခဲ့ကြ၏။ မြေပြင်ပေါ်၌ လဲလျောင်းနေသူများလည်း ကမန်းကတမ်း ကုန်းရုန်းထကြကာ သူတို့၏ မျက်နှာထက်တွင်တော့ အရှက်ရနေသည့် အမူအရာတို့က ကြီးစိုးထားလေသည်။

လျိုတကျွင်းနှင့် လျိုခိုင်တို့လည်း မြေပြင်ပေါ်တွင် သံမှိုရိုက်ထားသကဲ့သို့ တောင့်တောင့်ကြီး ရပ်နေမိကြ၏။ လီချူးဟန် ထိုမျှ ချမ်းသာကြွယ်ဝသည့် အမျိုးသားတစ်ယောက်ကို ရှာတွေ့သွားလိမ့်မည်လို့ ထင်မထားခဲ့ချေ။

"မစ္စတာလင်း.. ကျုပ် တကယ်ကို တောင်းပန်ပါတယ်ဗျာ.... ဒီလိုမျိုးတွေ

ဖြစ်လာလိမ့်မယ်လို့ကျုပ် ထင်မထားမိဘူး...
ကျုပ်ကိုယ်ကျုပ် အရှက်ရစေမိပြီ..."

"ခင်များ ဒီလူတွေကို သေချာလေး
ဂရုစိုက်လိမ့်မယ်လို့တော့ မျှော်လင့်တယ်.. မဟုတ်ရင်
ခင်များရဲ့ပေချောင်မြို့ကို ဘယ်သူမှ လာရဲကြတော့မှာ
မဟုတ်ဘူး... အဲ့လိုဆို ဒီမြို့လည်း ဒုံရင်းက ဒုံရင်း
ဖြစ်နေမှာပဲ...တိုးတက်ဖို့
အိပ်မက်မက်နေလိုက်တော့...."

"ဟုတ်ဟုတ် မစ္စတာလင်းပြောတာ မှန်ပါတယ်.. ကျုပ်
ပြန်ရောက်ရင် ဒီသဘောက်မသားတွေကို သေချာလေး
သွန်သင်လိုက်ပါ့မယ်... ဒီလိုကိစ္စမျိုး
ထပ်မဖြစ်စေရပါဘူး..."

"အဲ့တာဆို အလုပ်ကိစ္စ စကားပြောကြရအောင်... "

"ဟုတ် ဟုတ်... မစ္စတာလင်း.. ကားထဲဝင်လိုက်ပါ.. ကျုပ်တို့ ဖြည်းဖြည်းချင်း ဆွေးနွေးကြတာပေါ့..."

"အင်း... "

ထို့နောက် စွန်းမောက်ချွင်း မြို့ထဲမှ အတန်ငယ် လက်ရာကောင်းသည့် စားဖိုမှူးကို ခေါ်ယူ၍ လင်းရီနှင့် လီချူးဟန်ဆို့အတွက် အရသာရှိသည့် ဟင်းလျာများကို စားပွဲအပြည့် ချက်ပြုတ်ခိုင်းလိုက်လေသည်။

ထိုနေ့လည်ခင်းတွင်ပဲ စွန်းမောက်ချွင်း လင်းရီကို ခေါ်ဆောင်လာခဲ့ပြီး ပေချောင်မြို့၏

အခြေအနေအကြောင်း စားရင်းသောက်ရင်း ဆွေးနွေးပြောဆိုကြ၏။

ယင်းကလည်း ပေချောင်မြို့အောက်တွင် ရွာဆယ်ရွာ ရှိနေပြီး သူတို့၏ တည်နေရာက အနီးအနားရှိ ရေယာမျာ းကို ကူညီပေးရန်နှင့် ယခု ပရဟိတကို ဖြန့်ဝေပေးရန် အချက်အချာ နေရာတစ်ခု ဖြစ်နေသောကြောင့်ပင်။

နှစ်ရက်တာ လိုက်လံကြည့်ရှု သုံးသပ်ပြီးနောက် လင်းရှီနှင့် လီချူးဟန်တို့ အသင့်လျော်ဆုံး နေရာတစ်ခုကို ရွေးချယ်လိုက်သည်။ ကျန်ရှိနေသည်ကတော့ အရေးအကြီးဆုံး အပိုင်းဖြစ်သည့် စာချုပ်လက်မှတ်ထိုးရန်ပင်။

"မစ္စတာလင်း.. ကျုပ်တို့ မနက်ဖြန်ကျမှ လက်မှတ်ထိုးကြရင်ကော... ကျုပ်သတင်းထောက်တွေကော ခေါ်ထားလိုက်မယ်... ဒီလိုကိစ္စကြီးက အများပြည်သူဆီ မချပြလို့ ဘယ်ဖြစ်မှာ...."

"မလိုဘူး.. ဒီနေ့ပဲ လက်မှတ်ထိုးကြမယ်... "လင်းရီ ပြောလိုက်ပြီး "ဒါပေမယ့် ကျုပ်ဘက်က တစ်ခုတောင်းဆိုစရာ ရှိတယ်.. ခင်များ ကျုပ်ပြောတဲ့ အတိုင်းသာ လုပ်ပေး..."

"ပြောစရာရှိရင် လွတ်လွတ်လပ်လပ်သာ ပြောပါ မစ္စတာလင်း... ကျုပ်ဘက်က အစွမ်းကုန် ကူညီပေးမှာပါ...."

"ကျုပ်တို့ လက်မှတ်ထိုးပြီးလို့ ခင်များ လူထုဆီ ချပြတော့မယ်ဆိုရင် လင်းယွမ်အုပ်စုက ဒီငွေတွေကို ထောက်ပံ့ပေးတယ်လို့ မပြောပဲ CITIC အုပ်စုက စပွန်ဆာပေးတယ်လို့ပဲ ကြေညာလိုက်.. ကျုပ်တို့ နာမည်ကို တစ်ခွန်းမှ မဟနဲ့.... "

**အခန်း (၅၁၄)**

**ငါ နင့်အတွက် ကလေးမွေးပေးဖို့ ဆန္ဒရှိပါတယ်...**

လင်းရီ၏ တောင်းဆိုမှုက စွန်းမောက်ချွင်းကို ပဟေဠိ ဖြစ်သွားစေသည်။

"CITIC အုပ်စုက မစ္စတာလင်းရဲ့ကုမ္ပဏီ
မဟုတ်ဘူးမလား... အဲ့လိုဆိုရင် မစ္စတာလင်းအတွက်
ဘယ်အကျိုး ရှိတော့မှာ..."

"ကျုပ်ပြောတဲ့ အတိုင်းသာ လုပ်စမ်းပါ..."လင်းရီ
လက်ဝှေ့ယမ်းလိုက်ပြီး "ဒီပိုက်ဆံတွေကို
လင်းယွမ်အုပ်စုက
ထောက်ပံ့ပေးထားတယ်ဆိုရင်တောင် ကျုပ်တို့နဲ့
မသက်ဆိုင်ဘူး..."

လင်းရီ မူလက ယခု အစီအစဉ်ကို ဝန်ရှူးအား
လုပ်ခိုင်းရန် စီစဉ်ထားခဲ့၏။ သို့သော်လည်း
အဆုံးတွင်တော့ သူမမှ သူ့ကို စကားပြောရန်ပင်

အခွင့်အရေး မပေးခဲ့သောကြောင့် စွန်းမောက်ချွင်းကိုသာ စေခိုင်းလိုက်တော့သည်။

"ကောင်းပြီလေ.. မစ္စတာလင်း သဘောပါ... CiTic အုပ်စုက ပံ့ပိုးပေးတယ်လို့ပဲ ကြေညာလိုက်ပါ့မယ်..."

လင်းရှီ ခေါင်းညိမ့်လိုက်ပြီး "ဆောက်လုပ်ရေးနဲ့ ပတ်သက်ပြီး ဆွေးနွေးဖို့ကတော့ ကျုပ် ဒီကိုတစ်ယောက်သပ်သပ် စေလွှတ်လိုက်မယ်... ခင်များက သူတို့နဲ့ ပူးပေါင်းပေးပါဦး... "

"အဲ့အပိုင်းတော့ စိတ်ချပါ မစ္စတာလင်း.. ကျုပ် လိုလေသေးမရှိအောင် ဆောင်ရွက်ပေးသွားမှာပါ..."

အဆိုပါကိစ္စကိုဆွေးနွေးပြီးနောက် လင်းရီနှင့် လီချူးဟာန်တို့ ချက်ချင်း မပြန်ကြသေးချေ။ နောက်တစ်နေ့တွင် လီချူးဟာန်အမေ၏ အုတ်ဂူကို ရွှေ့ရဦးပေမည်။

ထိုကိစ္စနှင့် စပ်လျဉ်း၍လည်း သူထျန်းရန်ကို အကြောင်းကြားထားပြီး အုတ်ဂူရွှေ့ပြောင်းသည့် ကိစ္စအား ပြုလုပ်ပေးရန် တစ်စုံတစ်ယောက်ကို ပေချောင်မြို့သို့ စေလွှတ်ခိုင်းထား၏။ သက်ဆိုင်သည့် ရိုးရာအခမ်းအနားများကို ပြုလုပ်ရန်အတွက် နောက်တစ်နေ့ ဆက်နေရဦးပေမည်။

လွန်ခဲ့သည့် နှစ်ရက်ခန့်ကပင် စွန်းမောက်ချွင်းမှ လင်းရီတို့ နေထိုင်နိုင်စေရန် ပေချောင်မြို့မှ

ကောင်းပေ့ဟူသည့် တစ်ရာ စတုရန်းမီတာ ကျယ်ဝန်းသော အုတ်ဖြင့်ဆောက်ထားသည့် အိမ်ကို စီမံပေးထားလေသည်။

ပုံမှန်အားဖြင့် အရေးကြီး ဧည့်သည်တော်များသာ ထိုနေရာ၌ နေခွင့်ရှိသည်။

"နင့်အတွင်းခံကော..."အိပ်ရာ မဝင်ခင် လီချူးဟန်မှ မေးမြန်းလိုက်၏။

"ဟမ်... အတွင်းခံ..."

"အွန်း.. ငါ လျော်ပေးမလို့လေ...."

"မလိုအပ်ဘူး ထင်တာပဲ... မနက်ဖြန်ရောက်တဲ့ အထိကို ခြောက်လောက်သေးဦးမှာ မဟုတ်ဘူး...."

"ဒရိုင်ရာ ရှိတယ်လေ..ငါအဲ့တာနဲ့ ခြောက်အောင် လုပ်ပေးမယ်....." လီချူးဟန် ပြောလိုက်ပြီး "ဒီညတော့ ကိုယ်လုံးတီးနဲ့ အိပ်လိုက်တော့... အဲ့တာက ကြွက်သားဖွံ့ဖြိုးမှုအတွက်လည်း အထောက်အကူဖြစ်စေတယ်လေ... ခြောက်ပြီးသွားတော့မှပဲ နင့်ကို ပြန်ပေးလိုက်မယ်..."

"အာ.... မင်းကျတော့ကော...."

"ငါလည်း တူတူပဲလေ...."

"အဲ့တာဆို ကောင်းပြီ...."

လင်းရီ သက်တောင့်သက်သာ ရှိစွာဖြင့်
လဲလျောင်းလိုက်ပြီး လီချူးဟန်ကတော့ သူ၏
ပစ္စည်းများကို ယူဆောင်ကာ ခြံဝန်းထဲသို့
ဆင်းသွားခဲ့သည်။

သူ တစ်ချက် ခိုးကြည့်လိုက်၏။ လီချူးဟန်၏ ပုံရိပ်မှာ
မှိန်ဖျော့ဖျော့ မီးအလင်းရောင်၏အောက်တွင်
စိတ်ကူးယဉ်ဆန်လှပြီး နှလုံးသား အနက်ရှိုင်းဆုံး
တစ်နေရာမှာ ညင်သာသည့် အရှိန်အဝါများလည်း
ရေးတေးတေး ထွက်ပေါ်နေလေသည်။

ညင်သာပြီး သိတတ်တဲ့ ယောကျ်ားတိုင်းရဲ့ အိပ်မက်
အမျိုးသမီးဆိုတာ ဒါကိုခေါ်တာလား...

နောက်တစ်နေ့ နံနက်တွင်တော့ ထျန်းရန်
စေလွှတ်လိုက်သည့် လူမှာ ပေချောင်မြို့သို့ အစောကြီး
ရောက်ရှိနေသည်။

ရိုးရာ အခမ်းအနား ကျင်းပခြင်း၊ ဝမ်းနည်းကြောင်း
ပြသခြင်း ၊ မီးသဂြိုဟ်ပေးခြင်း ....အစရှိသဖြင့်
ပြုလုပ်ရန် လိုအပ်သည်များကို အဆင့်ဆင့်
ပြုလုပ်သွား၏။ လျိုခိုင်နှင့် လျိုတကျွင်းတို့ကတော့
ဘေးတွင် ရပ်ကြည့်နေကြသည်။သူတို့၏ ခံစားချက်များ
ရှုပ်ထွေးနေသော်လည်း တစ်ခွန်းမျှ ဝင်မပြောဝံ့ကြချေ။

ကြီးမားသည့် ကိစ္စမဟုတ်သော်လည်း အဆိုပါကိစ္စများ
ပြီးစီးရန် နေ့တစ်ဝက်ခန့် အချိန်ယူလိုက်ရလေသည်။
ထို့နောက် သူမ အမေ၏ အရိုးပြာအိုးကို

ရင်ဝယ်ပိုက်လျက် လင်းရီကားထဲသို့ ဝင်ကာ ပေချောင်မြို့ထဲမှ ထွက်လာခဲ့လိုက်၏။ ကား၏ နောက်ကြည့်မှန်မှတစ်ဆင့် ပေချောင်မြို့၏ ပုံရိပ်မှာ ဝေးတထက် ဝေးကွာလာလေသည်။

'ပေချောင်'ဟု နာမည်နှစ်လုံးတည်းသာ ရှိသော်လည်း လီချူးဟန်အတွက်ကတော့ အဓိပ္ပာယ်များ၊ အမှတ်တရများစွာ ရှိခဲ့လေသည်။

"ကြည့်မနေနဲ့တော့... ခု အဲ့တာက အတိတ်ဖြစ်သွားပြီ..."လင်းရီ မောင်းနေရင်း ပြောလိုက်၏။

"အွန်း....ငါ ဘယ်တော့မှ ပြန်မလာတော့ဘူး..."

"တန်ဖိုးအရှိဆုံး အရာကလည်း မင်းလက်ထဲ ရောက်နေပြီလေ... ဘာမှ လွမ်းဆွေးနေစရာ အကြောင်းမရှိတော့ဘူး..."

လင်းရီ မျက်လုံးထဲတွင်တော့ လီချူးဟန်မှာ အထီးကျန်ဆန်သည့် သင်္ချိုင်း စောင့်ရှောက်သူ မိန်းကလေးဖြစ်၏။ ပေချောင်မြို့မှာ သူမ နှလုံးသား အနက်ရှိုင်းဆုံးတစ်နေရာတွင် မြုပ်နှံထားသည့် သင်္ချိုင်းကြီးပင်။

သူမ နှလုံးသားထဲရှိ အတိတ်၏ နာကျည်းဖွယ်ပုံရိပ်များလည်း လွင့်စင်သွားပြီး ရောင်နီဖြာသည့် နေ့သစ်တစ်ခုကို

ပိုင်ဆိုင်နိုင်ဖို့ရာ  သူတိတ်တခိုးလေး
မျှော်လင့်နေမိသည်။

.........

နှစ်ယောက်သား ကျိုးဟိုင်သို့ ပြန်ရောက်လာသည့်
အချိန်တွင်တော့ လေးနာရီကျော်နေပြီးဖြစ်၏။

ဖုန်းရွှေအရ လူကို နံနက်ခင်းအချိန်တွင် မြုပ်နှံသည်က
အကောင်းဆုံးဖြစ်သောကြောင့် အရိုးပြာများကို
ပြန်သယ်ဆောင်သွားပြီး နံနက်ခင်းရောက်မှ မြုပ်နှံရန်
စီစဉ်လိုက်၏။

"နင် ဒီည အားလား...."လီချူးဟန် လင်းရီကို
ရှုန်းလဲ့နေသည့် မျက်ဝန်းတို့ဖြင့် မေးမြန်းလိုက်သည်။

" ကုမ္ပဏီမှာ ငါ့လုပ်စရာတွေ
အများကြီးပဲ.....မင်းနဲ့အတူ ညစာစားပေးဖို့တော့
မဖြစ်နိုင်လောက်တော့ဘူး ထင်တယ်......"

"အင်းပါ.. ကိုယ့်ကိုယ်ကိုလည်း အရမ်းကြီး
အပင်ပန်းမခံနဲ့ဦးနော်... အနားယူဖို့လည်း သတိရဦး..."

"အင်း...."လင်းရီ ခေါင်းညိမ့်ပြီး ထွက်ခွာရန်
ဟန်ပြင်လိုက်သည်။

သို့သော်လည်း လင်းရီ နောက်သို့ လှည့်ခါရှိသေး
လီချူးဟန်၏ အသံကို နောက်မှ ကြားလိုက်ရ၏။

"လင်းရီ...."

"ဘာကျန်သေးလို့လဲ... "

လီချူးဟန်၏ အမူအရာမှာ အနည်းငယ် ခက်ခဲနေပြီး လိမ္မော်ရောင် နေအလင်းရောင်အောက်တွင် သူမ၏ ရှက်သွေးဖြန်းနေသည့် မျက်နှာကို လင်းရီ အထင်းသား မြင်တွေ့နေရသည်။

"နင် ကလေးတွေကို ချစ်တယ်လို့ ပြောဖူးတယ်မလား...."

"အင်းလေ... ဘာလဲဖြစ်လို့...."လင်းရီ အတော်လေးရှုပ်ထွေးနေခဲ့၏။

"ငါက လက်ထပ်ဖို့ စိတ်ကူးမရှိဘူးဆိုပေမယ့် နင့်ရဲ့ ရင်သွေးလေးကိုတော့ လွယ်ပေးနိုင်ပါတယ်...."

"ရင် ရင်သွေးလေး...."

"နင် စိတ်မခြောက်ခြားနဲ့နော်... ငါ နင့်ကို ဒုက္ခမပေးပါဘူး...နင်လိုချင်ရင် ငါနင့်အတွက် လွယ်ပေးဖို့ ဆန္ဒရှိပါတယ်...."

'အာ.....'

အမျိုးသမီး ဒေါက်တာတွေ အားလုံးက ဖွင့်ပြောရင် သူများနဲ့ မတူကြဘူးလား...

"ခု ကြိုးစားကြရင်ကော... မြန်မြန်လုပ်ရင် အချိန်မှီလောက်မှာပါ.. အိမ်ကလည်း အသံလုံတယ်မလား...."

လီချူးဟန်၏ မျက်နှာမှာ ပန်းသီးလေးတစ်လုံးကဲ့သို့ နီရဲသွားခဲ့၏။

"ငါ......"

လီချူးဟန်၏ ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေသည့် အသက်ရှူသံတို့ကို ကြားတော့ လင်းရီကျယ်လောင်စွာ ရယ်မောလိုက်ပြီး "ငါ ဒါကိုမှတ်ထားမယ်... လန့်မနေပါနဲ့... အနည်းဆုံးတော့ ခုလောလောဆယ် ကလေးယူဖို့ အစီအစဉ်မရှိသေးဘူး... ငါ့ကို နောက် လေးငါးနှစ်လောက် ပေးပျော်စမ်းပါဦး..."

"အွန်း... အဲ့တာဆိုလည်း ငါစောင့်နေမယ်နော်... နင့်အတွက် ငါ ဘာမဆို လုပ်ပေးဖို့ အဆင်သင့် ရှိနေမယ်သိလား..."

လင်းရီ ပြုံးပြီး ထွက်ခွာသွားခဲ့သည်။ လီချူးဟန် ထိုသို့ ပြောလာခြင်းအတွက်လည်း သူ မအံ့သြပေ။ သူမ၏ မွေးရပ်မြေကို တိုးတက်အောင် ကူညီပေးပြီး သူမအမေ၏ အုတ်ဂူကို သယ်လာနိုင်အောင် ပြုလုပ်ပေးခဲ့သည့် အတွက်လည်း သူမလင်းရီကို ကျေးဇူးကြွေး အများကြီး တင်နေသလို ခံစားမိမှာ အမှန်ပင်။ ထို့ကြောင့်လည်း ပြန်ဆပ်ရန် အလို့ငှာ သူမ ထိုသို့ ဆုံးဖြတ်ချက် ချလိုက်ခြင်းဖြစ်လောက်၏။ ကျေးဇူးတင်စိတ်ဖြင့်ဘ ခန္ဓာကိုယ်ပေးဆပ်သည့် နည်းလမ်းကို လင်းရီ အလိုမရှိပေ။ ထို့ကြောင့် အလောမကြီးပဲ သူမ၏ စိတ်ကို အနည်ထိုင်စေရန် အချိန်တစ်ချို့ပေးလိုက်ပြီး တစ်ဖက်လှည့်မှ ပြန်လည် သုံးသပ်ခိုင်းလိုက်၏။

လီချူးဟန်၏ အိမ်မှ ထွက်လာခဲ့ပြီးနောက် လင်းရီ ကျီချင်းရန်နှင့် တွေ့ဆုံရန် ချောင်ရန်အုပ်စုသို့ ထွက်လာခဲ့လိုက်သည်။

ယင်းကလည်း ချင်းရန်မှ သူပြန်အလာကို ကြိုဆိုသည့် အနေဖြင့် စားပွဲကြိုမှာထားပြီး ဟော်ယွမ်ယွမ်နှင့် ချီရှန်းကျောက်တို့ကို ဖိတ်ခေါ်ထားလေသည်။ လင်းရီလည်း အလုပ်ကိစ္စ ပြောစရာရှိသည်နဲ့ ကွက်တိဖြစ်သွား၏။

"ဘော့စ်.. ဒီတစ်ခေါက် ပေချောင်မြို့ကို သွားတာ ဘယ်လို ခံစားရလဲ..."သီသန့်ခန်းထဲတွင် ဟော်ယွမ်ယွမ်မှ ဝိုင်နီတစ်ခွက်ကို မြှောက်ရင်း မေးလိုက်၏။

"ဆင်းရဲလွန်းလို့ အိမ်သာတောင်
မရှိသလောက်ပဲ..."လင်းရီ ပြောလိုက်ပြီး
"အခြေခံကျကျပြောရရင် ကလေးတွေအားလုံး နီးပါးက
အိမ်မှာပဲ စာသင်ကြတာ... သုံးဆယ်ရာခိုင်နှုန်းလောက်
အတန်အသင့် ပိုက်ဆံရှိတဲ့ မိဘတွေပဲ
ကျောင်းထားနိုင်ကြတာ...ဒါကြောင့်မို့ ငါတို့
ဒီပရောဂျက်ကို အရေးတကြီးကိုင်တွယ်ဖို့ လိုနေပြီ...."

"မပူနဲ့ ငါ့ဘက်က အကုန်လုံး စီစဉ်ပြီးသွားပြီ...
ပေချောင်မြို့က ပရောဂျက်ကို အဓိကထားပြီးတော့
သုံးလအတွင်း အပြီးသတ်ဖို့
ခန့်မှန်းထားတယ်..."ကျီချင်းရန်မှ ပြောလိုက်၏။

"အင်း... အကောင်းဆုံးလုပ်.. တခြား ပရောဂျက်တွေကိုလည်း ပစ်ထားမိသလိုမျိုး မဖြစ်စေနဲ့ဦး..."

ကျီချင်းရန် တောက်ပစွာ ပြုံးလိုက်ပြီး "အဲ့ဒီအတွက်တော့ စိတ်ပူစရာမလိုဘူး... ငါ့ဘက်က လိုအပ်တာတွေ အကုန်လုံး စီစဉ်ထားပြီးသား...."

လင်းရီ ခေါင်းညိမ့်လိုက်ပြီး ဟော်ယွမ်ယွမ်ကိုကြည့်ကာ "ဒီပရောဂျက်ကို လင်းယွမ်အုပ်စုရဲ့နာမည်အောက်မှာ မလုပ်နဲ့... ငါမင်းကို အရင်ကလည်း ပြောဖူးပါတယ်.. CITIC အုပ်စုရဲ့နာမည်အောက်မှာပဲ ထားလိုက်... ဘယ်လို အကျိုးအမြတ်ကိုမှ ငါ မလိုချင်ဘူး..."

"ဟင်... ဘာလို့လဲ..."ကျီချင်းရန် မပျော်မရွှင်ဖြစ်သွားခဲ့၏။ လင်းရီ ဆုံးရှုံးမှုကို သူမ မကြည့်ရက်ချေ။

"ဘာလို့လဲဆိုတော့ ငါးမီလီယမ်ကလွဲရင် ကျန်တဲ့ပိုက်ဆံက CITIC က ထောက်ပံ့ထားတာပဲလေ... ငါ သူများအပေါ် အမြတ်မထုတ်ချင်ဘူး..."လင်းရီ ပြောလိုက်ပြီး "ဒါပေမယ့် ငါတို့ဘက်ကလည်း အရှုံးမရှိပါဘူးဟ....CITIC ရဲ့ဂုဏ်သတင်း မွေးနေချိန်မှာ  ချောင်ရန်အုပ်စုကလည်း ပိုက်ဆံရတယ်လေ... ပြီးတော့ ပေချောင်မြို့အတွက်လည်း ကျောင်းတွေ လမ်းတွေ ဖြစ်မြောက်သွားမယ်... သုံးယောက်လုံး

အကျိုးအမြတ်ရှိတဲ့ အခြေအနေပဲ... ငါတော့

အတော်လေးမဆိုးဘူးလို့ ထင်တာပဲ... "

ကျီချင်းရန် သူမ နှုတ်ခမ်းကို ဖိကိုက်လိုက်၏။

အမှန်တော့ သူမ ပိုက်ဆံရသည်ကို ဂရုမစိုက်ပေ။

အရေးကြီးဆုံးက လင်းယွမ်အုပ်စုအတွက်

ဂုဏ်သတင်းကောင်းတစ်ချို့ တည်ဆောက်ပေးရန်ပင်။

သို့သော်လည်း လင်းရီမှ အဆင်ပြေသည်ဟု ဆိုနေ၍

ဆွေးနွေးညှိနှိုင်းဖို့ရာ အခန်းကဏ္ဍ မရှိတော့ချေ။

အမှန်တော့ လင်းရီ ထိုသို့ပြုလုပ်သည်ကလည်း

သူ့အကြောင်းနှင့်သူ ရှိ၏။ ရှန်းရှူးရီမှ သူ့ကို

ထိုငွေပမာဏကို ပေးရင်း သူမ၏ အထောက်အထားကို

ဖော်ပြကာ သတိပေးထားခဲ့သည်။ သူလည်း သူမ၏

ပိုက်ဆံကိုယူကာ ကိုယ်စား
အကျိုးဆောင်ပေးလိုက်လေသည်။ ထိုအတွက်
အကျိုးအမြတ်ကိုတော့ လင်းရီမယူပဲ ယခုဆို
ရှန်းရှူးရီမှ လင်းရီအပေါ် အကူအညီတစ်ခု
အကြွေးတင်သွားလေပြီ။ ယင်းက တစ်ချက်ခုတ်
နှစ်ချက်ပြတ်ပင်။

ငါက တည်သီးဖြစ်ရင် ဖြစ်မယ်.. ဒါပေမယ့် ငါ့ကို အဲ့လို
လာညှစ်လို့တော့ ဘယ်ရမှာ....

"စကားမစပ် Cisco က ငါတို့ကို ပိုက်ဆံဘယ်နေ့
ချေမှာလဲလို့ မေးလာသေးလား..."

"ခု ကုန်ပစ္စည်းတွေက ထုတ်လုပ်ပြီးသွားလို့
ကုန်စာရင်းတွေကို အဆုံးသတ် စီစစ်နေပြီ...

သဘော်ကနေ တင်ဆောင်ခကိုတော့ သန်ဘက်ခါ ပေးမယ်လို့ သဘောတူထားတယ်...."

"ကောင်းပြီ... ငါနားလည်ပြီ..."လင်းရီ ပြောလိုက်ပြီး "အဲ့ဒါဆို အဲ့တိုင်းပဲ လုပ်ကြတာပေါ့...."

"ဒါဆို ကျန်တဲ့ ၂.၅ ဘီလီယမ်ကို ပေးဖို့ စီစဥ်ထားလိုက်ရတော့မလား..."

"ငါ့ဖင်ကြီးကိုပဲ စီစဥ်လိုက်လေ... အဲ့တာ ၂.၅ ဘီလီယမ်ကွ...ဝက်နံကင်တွေ ဘယ်လောက်တောင် ဝယ်လို့ရတယ်လို့ ထင်လဲ... "လင်းရီ သူ့လက်ကို ဝှေ့ယမ်းလိုက်ပြီး "ရော့ ဒါလေးစားပြီး ကော်လဂျင်ကို ပြန်ဖြည့်လိုက်...."

"အဲ့တာဆို ကျွန်မတို့က ဘာလုပ်ရမှာလဲလို့..."

"CISCO က သန်ဘက်ခါဆို ပြိုလဲပြီ... ငါတို့ဘက်က တစ်ပြားမှ ပေးစရာမလိုဘူး..."

လင်းရီ၏ စကားကို ကြားတော့ သုံးယောက်လုံး အကြည့်ဖလှယ်လိုက်ကြ၏။

Cisco က ခု တက်သစ်စနေမင်းကြီးလို ဖြစ်နေတာလေ.. ဘယ်လိုလုပ်ပြီး ဗြုန်းစားကြီး အောက်ပြုတ်ကျသွားမှာလဲတဲ့....

"ဟုတ်သား.. Cisco ရဲ့စတော့ အခြေအနေကော ဘယ်လိုရှိလဲ..."
လင်းရီ မေးမြန်းလိုက်၏။

"လွန်ခဲ့တဲ့ သုံးရက်လောက်ကစပြီးတော့
သူတို့ရဲ့ရှယ်ယာတန်ဖိုးတွေက တစ်ဟုန်ထိုး
တက်နေတာ.. အကြောင်းပြချက်ကိုတော့ ရှင်လည်း
သိပါတယ်... အပြင်မှာ Didi နဲ့ Ciscoတို့ ယွမ်
သုံးဘီလီယမ်တန် စာချုပ်ချုပ်ထားတဲ့အကြောင်း
ပျံ့နေတာလေ... အဲ့သတင်းကြောင့်မို့လည်း
ချောင်ကျားတုံးရဲ့အသားတင်ပိုင်ဆိုင်မှုက ၅၀
ဘီလီယမ်လောက်အထိ ဖြစ်လာပြီ... ခုဆို သူက
နည်းပညာ နယ်ပယ်မှာ ဒိတ်ဒိတ်ကျဲ
သူဌေးကြီးတစ်ဦးတောင် ဖြစ်နေပြီ.... "

"အဲ့လိုဖြစ်အောင် လုပ်ထားတာကလည်း
ငါ့လက်ချက်ပဲ ... ဘာမှ အံ့အားသင့်မနေကြနဲ့... "လင်းရီ

ပြောလိုက်ပြီး ကျီချင်းရန်ကို ကြည့်ကာ "ငါ မင်းကို Cisco ရဲ့စတော့တွေမှာ ၁၀၀ မီလီယမ်လောက် ရင်းနှီးထားခိုင်းတာ မှတ်မိသေးလား.... "

"အွန်း မှတ်မိတယ်လေ.. "လင်းရီ ပြန်ပြောလိုက်ပြီး "ခုဆို နှစ်ဆတောင် ဖြစ်နေလောက်ပြီ..."

"သန်ဘက်ခါ ကိုးနာရီမတိုင်ခင် အားလုံးကို ထုတ်ရောင်းလိုက်တော့... တစ်ပြားတစ်ချပ်လေးတောင် မကျန်စေနဲ့... "

သုံးဦးစလုံး လင်းရီထံတို့ အကြည့်တို့ စုပြုံသွားခဲ့ကြပြီး "ဘော့စ်.. သန်ဘက်ခါ ကိုးနာရီကျရင် ကြီးကြီးမားမားကြီးတွေ လုပ်တော့မလို့လား..."

လင်းရီ ရယ်မောလိုက်ပြီး သုံးယောက်လုံးကို သိချင်စိတ်ပြင်းပြအောင် ပြုလုပ်လိုက်ကာ "သန်ဘက်ခါ မင်းတို့နှစ်ယောက်လုံး ကုမ္ပဏီသွားစရာ မလိုဘူး... ဒါပေမယ့် လှလှပပလေးတော့ ဝတ်ခဲ့ကြ.. ငါမင်းတို့ကို ပြပွဲတစ်ခု ကြည့်ခိုင်းမယ်...."

"နားလည်ပါပြီ..."

စားသောက်ပြီးနောက် လေးယောက်မှာ သုံးအုပ်စုခွဲလိုက်ပြီး အသီးသီး အိမ်ပြန်သွားကြ၏။

လင်းရီနှင့် ကျီချင်းရန်တို့ကတော့ ကျိုကျုံးဗီလာထံ ပြန်လာကြလေသည်။

သူမှာထားသည့် စက်ပစ္စည်း ကိရိယာတို့မှာ
တပ်ဆင်ပြီးဖြစ်သောကြောင့် လင်းရီ အကိုကြီးလက်ပင့်၍
အလုပ်စလုပ်ရန်သာ လိုအပ်တော့သည်။ ယခင်အတိုင်း
လင်းရီကတော့ အလုပ်ကို အာရုံစိုက်နေပြီး
ကျီချင်းရန်ကတော့ ပျင်းရိနေသော
ကြောင်ပေါက်လေးတစ်ကောင်ကဲ့သို့ ဆိုဖာပေါ်တွင်
အလုပ်လုပ်နေလေသည်။

"လင်းရီ... နင် သန်ဘက်ခါကျရင် ဘယ်လည်း
သွားမှာ..."ကျီချင်းရန် မေးလိုက်၏။

"ဘာလို့...မင်းလည်း လိုက်ချင်လို့လား..."

"ငါသွားချင်တယ်လို့ မပြောပါဘူး.. ဒီတိုင်း
သိချင်ရုံလေးပါ..."

"စိတ်မဝင်စားဘူးဆိုရင်လည်း ဘာလို့ အဲ့လောက် အများကြီးတွေ လာမေးနေတာ.."

"ငါ့မှာ သိခွင့်မရှိဘူးလားလို့လား... "ကျီချင်းရန် မကျေမနပ် ပါးဖောင်းသွားခဲ့ပြီး "နင်က ငါ့ကိုလည်း မဖိတ်ခေါ် ကြည့်ပဲနဲ့ ငါမသွားချင်ဘူးဆိုတာ ဘယ်လိုသိလဲ..."

"ဒါဆိုလည်း ကျုပ်က ဥက္ကဌကျီကို ...."

"အိုကေ... သဘောတူတယ်..."

လင်းရီ ပြောစရာစကား ကင်းမဲ့သွား၏။

"ငါပြောလို့ မပြီးသေးဘူးလေ... ဘာလို့ သဘောတူလိုက်တာ...."

"နင်ဘာပြောမလဲဆိုတာ ငါကြိုသိနေတာပဲလေ.. ဒါကြောင့်မို့ ငါလည်း ကြိုသဘောတူလိုက်တာ...."

"ဒါပေမယ့် ငါက မင်းကို ကလေးအတူအလုပ်ဖို့ တောင်းဆိုနေတယ်ဆိုရင်ကော....."

**အခန်း (၅၁၅)**

**စတင်တော့မည့် ရှေ့ပြေးလက္ခဏာ**

နောက်တစ်နေ့ နံနက်တွင်တော့ နှစ်ယောက်သား အလုပ်ကိုယ်စီသို့ မောင်းနှင်သွားကြသည်။

လင်းရီကတော့ သုသန်သို့ ဦးတည်လိုက်ပြီး လီချူးဟန်၏ အမေကို မြုပ်နှံပေးရန်အတွက် စီစဉ်စရာရှိသည်များကို စီစဉ်လေသည်။ နေ့လည်မတိုင်ခင်တွင် အားလုံး စီစဉ်ပြီးဖြစ်၏။

အုတဂူကျောက်တိုင်ရှေ့တွင်ရပ်နေရင်း လီချူးဟန် လှပသော လီလီပန်းစည်းတစ်စည်းကို ၎င်းရှေ့တွင် ချလိုက်သည်။ လေပြေညင်းများမှ သူမ၏ ဆံနွယ်များကို မသိမသာ လှုပ်ခတ်သွားစေပြီး ယခုတစ်ကြိမ်တွင်တော့ သူမ မျက်နှာထက်တွင် အပြုံးဖျော့ဖျော့လေး ဖြစ်ပေါ်လာ၏။

သူမအတွက်တော့ ယနေ့က သူမဘဝတွင် အမှတ်အရဆုံး နေ့လေးတစ်နေ့ ဖြစ်သည်ဟု

ပြောလျှင်လည်း မမှားချေ။ ယခုမှစ၍

လူသူယောက်ယပ်ခပ်နေသော အနီ မြို့ပြကြီးတွင်

သူမတစ်ဦးတည်း အထီးကျန်မဆန်တော့ပါ။

"သွာစို့.. အချိန်ကျပြီ..."လင်းရီ ပြောလိုက်ပြီး "ငါတို့

နေ့လည်ကြ ခွဲစိတ်မှုတစ်ခု လုပ်ရဦးမှာ..."

"အွန်း..."

နှစ်ယောက်သား ဘေးချင်းကပ် လမ်းလျှောက်လာပြီး

ဟွာရှန်းဆေးရုံသို့ ဦးတည်လိုက်သည်။

မွန်းလွဲပိုင်း ခွဲစိတ်မှုကိုတော့ တစ်နာရီတွင် စတင်ပြီး

လင်းရီကတော့ ခေါင်းဆောင်ခွဲစိတ်သူပင်။

အင်မတန်ခက်ခဲသည့် ခွဲစိတ်မှုတစ်ခု ဖြစ်သော်လည်း လင်းရီလက်ထဲတွင်တော့ လွယ်ကူချောမွေ့စွာဖြင့် ပြီးဆုံးသွားခဲ့၏။ ခွဲစိတ်မှု ရလဒ်မှာ လုံးဝ စိတ်ကျေနပ်စရာကြီးပင်။

လင်းရီ၏ ဆေးပညာ အရည်အချင်းတို့မှာ သူမထက် သာလွန်နေသည်ဟု လီချူးဟန် ခံစားနေရပြီး လင်းရီမှာ သူမထက် ဒါရိုက်တာရာထူးနေရာနှင့် ထိုက်တန်လေသည်။

သို့သော်လည်း လင်းရီကတော့ အလွန်အမင်း စိတ်ပျက်နေခဲ့၏။ သူ လူနာများအတွက် အလေးအနက်ထားပြီး ခွဲစိတ်မှုများကို လုပ်ဆောင်နေပါသော်လည်း အဘယ်ကြောင့်

လူနာများက သူ့ကို ပိုးထည်တံခွန် တစ်ခုလေးတောင် မပေးနိုင်ကြသနည်း။

ခွဲစိတ်မှုပြီးနောက် လင်းရီ လီချူးဟန်ကို နှုတ်ဆက်ပြီး သုတေသနစင်တာသို့ မောင်းနှင်သွားလိုက်သည်။ ထို့နောက် လုရင်းကို သူ့ရုံးခန်းထဲသို့ ခေါ်လိုက်၏။

"သတင်းစာရှင်းလင်းပွဲ လုပ်ဖို့အတွက် အကုန် ရယ်ဒီပဲလား..."

"အားလုံး အဆင်ပြေပြေပါပဲဘော့စ်... ကျွန်မတို့ မနက်ဖြန် မနက် ကိုးနာရီကျရင် စတင်ကျင်းပမှာပါ...."လုရင်း ပြောလိုက်ပြီး "ဖုန်းလန် မီဒီယာရဲ့ဥက္ကဋ္ဌချောင်ကတော့ ကျွန်မကို အစီအစဉ်တင်ဆက်သူ လုပ်ခိုင်းနေတယ်... ဒါပေမယ့်

ကျွန်မကတော့ ခြေချော်လက်ချော် ဖြစ်ပြီး

သတင်းစာရှင်းလင်းပွဲကို ဖျက်ဆီးလိုက်သလို

ဖြစ်မှာဆိုးလို့ ဉက္ကဌလင်း လုပ်လိုက်ပါလား..."

"မင်းက ငါတို့ သုတေသနစင်တာရဲ့

ပန်းအလှလေးလေ... ဒီတာဝန်ကို သေချာပေါက်

ထမ်းဆောင်ရမှာပေါ့ဟ...."လင်းရီ ပြုံးလိုက်ပြီး

"ဆက်ဆီကျကျ ဝတ်ခဲ့... ငါ နောက်ကနေ တိတ်တဆိတ်

အားပေးနေမယ်...."

"ဘော့စ်က ကျွန်မ စကတ်တိုနဲ့ စတော်ကင်

အနက်ရောင် ဝတ်တာကိုပဲ မြင်ချင်နေတာမလား... "

"အဲ့လိုမပြောပါစမ်းပါနဲ့... နားထောင်ရတာ
တစ်မျိုးကြီးပဲ... ငါကပဲ မင်းနဲ့အတူ အိပ်ချင်တဲ့
ပုံစံပေါက်နေပြီ..."

"ဘော့စ်... တကယ်လို့ ဆေးရုံကကော
အမျိုးသမီးသုတေသနပညာရှင်တွေနဲ့
ပြည့်နှက်နေမယ်ဆိုရင် ရှင်သူတို့ကိုလည်း
စကတ်တိုလေးတွေနဲ့ စတော်ကင် ဝတ်ခိုင်းမှာပဲလား..."

"ဘယ်ဝတ်ခိုင်းမှာ...."

"ဟင် ဘာလို့..."

"ဘာလို့လဲဆိုတာတော့ ဟွာရှရဲ့
အခြေအနေကြောင့်လေ... မင်းလိုမျိုး

အမျိုးသမီးသုတေသန ပညာရှင်တွေကတော့ အများကြီးရှိတယ်... ဒါပေမယ့် တကယ့်အရည်အချင်း ရှိတဲ့သူတွေကျတော့ အသက်ကြီးသွားပြီ... ငါက ဘာလို့ အန်တီကြီးတွေ စကတ်တိုနဲ့ အနက်ရောင် စတော်ကင် ဝတ်တာကို ကြည့်ချင်ရမှာ... တကယ်လို့များ အဲ့လိုဖြစ်လာခဲ့မယ်ဆိုရင် သရဲရုပ်ရှင် ကြည့်ရတာထက်တောင် ထိတ်လန့်ဖို့ ကောင်းသွားဦးမယ်... "

"ခစ်ခစ်... အဲ့တာဆိုလည်း ကျွန်မကို ချီးကျူးပေးလို့ ကျေးဇူးတင်ပါတယ်နော်..."လုရင်း ပြုံးလိုက်ပြီး "မနက်ဖြန်အတွက် ကျွန်မ ဘာတွေ ပြင်ဆင်ထားရဦးမလဲ ဘော့စ်...."

"ချစ်ပ် 2.0 နည်းပညာရဲ့အချက်အလက်တွေ အကုန်လုံးကို သေချာလေး ပြင်ဆင်ထားလိုက်... ချစ်ပ် 1.0 ကို ကြေညာမယ်ဆိုတာက ဒီတိုင်း ကာဗာသဘောပဲ... ငါတို့က အဲ့တာကို ငါးစာအနေနဲ့ မျှားပြီး သူတို့ လာဟပ်တဲ့ အချိန်ကျတော့မှ ချစ်ပ် 2.0 ကို ထုတ်ပြလိုက်မှာ...."

"နားလည်ပါပြီ....."

"ခုတော့ ဒီလောက်ပဲ... လောလောဆယ် မင်းအဲ့တာတွေပဲ ပြင်ဆင်ထားလိုက်ဦး...."

"ဟုတ်ကဲ့ပါရှင့်...."

အရာအားလုံး အစီစဉ်တကျ ဖြစ်ပြီးနောက် လင်းရီ အနားယူရန် ဟွာချင်းရေကန်သို့ ထွက်လာခဲ့လေသည်။

လမ်းတွင်တော့ လင်းရီ လုံရှင်းနှင့် Cisco အကြောင်း တွေးတောနေ၏။ Cisco ဘက်မှ ပိရိစွာ လုပ်ဆောင်နိုင်ခဲ့သည်ထဲမှ တစ်ခုကတော့ လျှို့ဝှက်ချက်ကို ကောင်းမွန်စွာ ထိန်းသိမ်းနိုင်ခြင်းပင်။

အကယ်၍ သူ၏ ညီကိုကောင်းသာ ကျိုးဟိုင်ကိုအလုပ်ခရီးရောက်မလာပဲ သို့မဟုတ် သူ့ထံမှ ချစ်ပ် 1.0 နည်းပညာကို တိတ်တဆိတ် ထုတ်လုပ်နေပါတယ် ဟူသော သတင်းအပိုင်းအစကိုသာ မရရှိပါက လင်းရီအတွက် အတွင်းသတင်းရရန် လွန်စွာခက်ခဲသွားလိမ့်မည်။ လုံး၀

မရရှိတာလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။ လုရင်း၊ စွန်းဖုယ္ဒိနှင့် ကျန်သူများကတော့ သိပ္ပံ သုတေသန နယ်ပယ်တွင်သာ စိတ်နှစ်မြုပ်ထားသောကြောင့် ယခုလို သတင်းမျိုးကိုလည်း အာရုံခံမိလိမ့်မည် မဟုတ်ချေ။

ထို့ကြောင့် သူမည်မျှပင် ဝင့်ကြွားနေစေကာမူ ယခု ကိစ္စတွင် ကျေးဇူးအတင်ထိုက်ဆုံးသူကတော့ သူ၏ ညီကိုကောင်း ကျန်းစုန့်ပင်။

လင်းရီလည်း အလုပ်များနေ၍ ကျန်းစုန့်နှင့် မဆက်သွယ်ဖြစ်သည်မှာ နှစ်လသုံးလခန့် ရှိပြီဖြစ်သည်။ သူ တစ်ကိုယ်တည်းဘဝမှ လွတ်မြောက်သွားပြီလား ဆိုတာကိုတော့ လင်းရီလည်း မသိရှိပေ။ သို့သော်လည်း ကျန်းစုန့် ထွက်သွားစဉ်အခါက လင်းရီသူ့ကို Xbox နှင့်

ပလေးစတေရှင် ဂိမ်းစက်များ ဝယ်ပေးလိုက်၏။ အဆိုပါပစ္စည်းများနှင့်သာ အချိန်ကုန်နေမည် ဆိုပါက အိမ်တွင်းအောင်း အိုတာခုကြီးမှာ ကောင်မလေးတစ်ယောက်နှင့် ရင်းနှီးသည့် ဆက်ဆံရေးရှိရန် အတော်လေး ခက်ခဲသွားနိုင်သည်။

လင်းရီ ဖြည်းညင်းစွာ မောင်းနှင်ရင်း ဟွာချင်းရေကန်သို့ ရောက်ရှိလာခဲ့၏။ သို့သော်လည်း အံ့အားသင့်ဖို့ ကောင်းစွာဖြင့် ပိတ်ထားပါသည်ဟူသော ဆိုင်းဘုတ်ကို မြင်လိုက်ရလေသည်။

"ဘာတွေဖြစ်နေတုန်းဟ.. ဘာလို့ ပိတ်ထားတာ...."

"မြို့တော်ဝန်လျှန်က လဝက်လောက် ပိတ်ထားခိုင်းလို့ပါ သူဌေး..."တာဝန်ကျ လုံခြုံရေးအစောင့်တစ်ဦးမှ လင်းရိုကို ပြောပြလိုက်၏။

"ငါ လရှီးပဲကွာ...."

လင်းရို စတီယာရင်ကို ရိုက်ရင်း ကျိန်ဆဲပြီး လှည့်ထွက်လာခဲ့လိုက်၏။

ထိုနှလုံးသား မည်းညစ်နေသည့် အမျိုးသမီး လျှန်ရူရှယ်မှာ မဆင်မခြင် နိုင်လွန်းလှသည်။

'သူ ပိုက်ဆံ မလိုချင်တော့လို့လားကွာ....'

"သေးစမ်း... အချိန်ရမှပဲ သူနဲ့ စကားကောင်းကောင်း ပြောရဦးမယ်...."

......

CISCO လီမိတက်၊ စိအီးအို ရုံးခန်း။

ချောင်ကျားတုံးနှင့် ချောင်ရှန့်ယွီတို့ နှစ်ဦးစလုံး ရုံးခန်းထဲ ထိုင်နေကြ၏။ သူတို့နှစ်ဦးစလုံး၏ အမူအရာမှာ အတော်လေး စိတ်အေးလက်သာဖြစ်နေကြပြီး နှစ်သစ်ကူးပွဲတော်ရက်ထက်ပင် ပို၍ ပျော်မြူးနေကြ၏။

"အဖေ.. မနက်ဖြန် လုံရှင်းက သတင်းစာရှင်းလင်းပွဲ ကျင်းပတော့မှာ ... ကျွန်တော်တို့ ဘာတွေ ပြင်ဆင်ထားရဦးမလဲ..."

"မင်းက ဘာကို ပြင်ဆင်ခြင်နေသေးတာ...."

ပြောရင်း ချောင်ကျားတုံး စီးကရက် တစ်လိပ်ကို ကမ်းပေးလိုက်သည်။

"အဖေ ... ကျွန်တော် ဆေးလိပ်မသောက်တော့ဘူး..."

ဆေးလိပ်သောက်သည်က သုံးစက္ကန့်အမျိုးသား ဖြစ်စေသည်ဟု လင်းရီ ပြောစဉ်ကတည်းကပင် ချောင်ရှန့်ယွီ ဆေးလိပ်သောက်ခြင်းကို အပြီးနားလိုက်လေသည် ။

သူ့အဖေ ဆေးလိပ်ဆက်သောက်နေသည်ကို မြင်တော့ ချောင်ရှုန့်ယွီလည်း ဖြောင်းဖြချင်နေခဲ့၏။ သို့သော်လည်း သူ ထိုသို့ မလုပ်သည်က ပိုကောင်းသည်ဟု အတွေးက ရောက်ရှိလာလေသည်။

သူ့အဖေမှာ အသက်ကြီးလှပြီဖြစ်ပြီး ထိုကိစ္စကို ဂရုမစိုက်တော့သည်လည်း ဖြစ်ကောင်းဖြစ်နိုင်သည်။ စက္ကန့်အနည်းငယ်မျှ ကြာမြင့်သည်က ကိစ္စမရှိတော့ချေ။

"ပြီးတာပဲလေ... အဲ့တာကလည်း ကောင်းတဲ့ အကျင့်မှ မဟုတ်တာ..."ချောင်ကျားတုံး ပြောလိုက်ပြီး "စောနက ခေါင်းစဉ်ကို ပြန်သွားရအောင်... မင်းက ဘာတွေ ပြင်ဆင်ချင်နေတာ..."

"ကျွန်တော်က သတင်းထောက်တွေ ခေါ်လိုက်ရင်
ကောင်းမလားလို့လေ..."ချောင်ရှန့်ယွီ သူ့ခြေထောက်ကို
စားပွဲပေါ်တင်ရင်း ပြောလိုက်ပြီး "မနက်ဖြန်က Didi
ကျွန်တော်တို့ကို ငွေချေမယ့် နေ့ဆိုပေမယ့် လုံ့ရှင်းကို
သုတ်သင်ပြီး Ciscoကို အဆင့်တစ်ခုဆီ
ခေါ်ဆောင်သွားမယ့် ကိစ္စနဲ့တော့ ယှဉ်လို့
မရသေးဘူး...."

"မပူနဲ့... သတင်းတွေ စကြားကတည်းက ငါ အကုန်လုံး
ပြင်ဆင်ပြီးသွားပြီ... "
ချောင်ကျားတုံး ပြောလိုက်ပြီး "နည်းပညာ မီဒီယာတွေ
အားလုံးနီးပါး ရှိနေလိမ့်မယ်... တကယ်လို့

လွဲချော်သာတွေ မဖြစ်သွားဘူးဆိုရင် မနက်ဖြန် လုံရှင်းရဲ့ သတင်းစာရှင်းလင်းပွဲက ပွဲကြီးပွဲကောင်း ဖြစ်ပြီပဲ... "

"ဂျင်းဟောင်းလေ ပိုစပ်လေဆိုတာ အမှန်ပါလား... ကျုပ် အဖေ့ဆီကနေ သင်ယူစရာတွေ အများကြီး ရှိနေသေးတာပဲ...."

"အချိန်ပေးပြီး သင်ယူထား... မင်း ဆက်လျှောက်ရမယ့် လမ်းက အဝေးကြီး ကျန်နေသေးတယ်...
"ချောင်ကျားတုံး ဆေးလိပ်ကို တစ်ချက်တောက်၍ ဆေးလိပ်ပြာခါရင်း ပြောလိုက်သည်။

"ဒါပေမယ့် လုံရှင်းနဲ့ ငါတို့က နှစ်ပေါင်းများစွာ ပြိုင်ဘက်တွေ ဖြစ်လာခဲ့တာဆိုတော့ မနက်ဖြန်

အဆုံးသတ်ပစ်ရမှာတောင်
စိတ်မကောင်းလိုက်တာကွာ...."

"ဘာလို့လဲဆိုတော့ လုံရှင်းကကောင်တွေက
အရမ်းရိုးအပြီး
ချစ်စရာကောင်းနေလို့လေ..ဟုတ်တယ်မလား
အဖေ...."ချောင်ရှန့်ယို့ ကျယ်လောင်စွာ
ရယ်မောလိုက်ပြီး "သူတို့အတွက် ချစ်ပ်1.0 ကို
တီထွင်ဖို့ဆိုတာ လွယ်တာမဟုတ်ဘူး... ဒါပေမယ့်
သူတို့က အချိန်အကြာကြီး ဆွဲထားပြီးတော့မှ အဲ့တာက
အကြီးစားခြေလှမ်းဖြစ်မယ်လို့ ထင်နေကြတာ... Cisco
က အမှောင်ထဲကနေ ဖြည်းဖြည်းချင်း ရွေ့လျားနေပြီး
သူတို့ကို အဆုံးသတ်ဖို့ စီစဉ်နေတယ်ဆိုတာကတော့
မသိကြဘူး...."

"ဘာလို့ ဒီလိုမျိုး ဖြစ်သွားလဲဆိုတာ မင်းသိလား...."

"မသိဘူး...အဖေသိရင် ပြောပြလေ......"

"လူတစ်ယောက်က အလုပ်ကြိုးစားနေရုံနဲ့ မအောင်မြင်နိုင်ဘူးကွ... "ထို့နောက် ချောင်ကျားတုံး သူ၏ ဦးခေါင်းကို ညွှန်ပြလိုက်ပြီး "ငါတို့လို ပရိယာယ်များတဲ့ ကောင်နဲ့ကြုံရင် ဒီကောင်တွေ ဘယ်လိုမှ မရှင်သန်နိုင်ဘူး... သူတို့ကို သေအောင် ဆော့ကစားဖို့က လွယ်လွယ်လေးပဲ မဟုတ်ဘူးလား...."

"ဟားဟား... အဖေပြောတာ သိပ်မှန်တယ်...."ချောင်ရှန့်ယွိ ရယ်မောလိုက်ပြီး "ပြီးတော့ အတုံးအဆုံးကိစ္စက အဲ့ဒီလူတွေ တကယ်ကြီး

ကျင်းချိုးရဲ့ကုမ္ပဏီကိုလာပြီး
သတင်းစာရှင်းလင်းပွဲလုပ်ဖို့အတွက်တောင်
ပြောနေလိုက်သေးတယ်... ကျွန်တော်တော့ဖြင့်
ပြန်တွေးမိတိုင်းကို မရယ်ဘဲ မနေနိုင်ဘူး...
ဒီကောင်တွေက သောက်ရမ်း
စိတ်ဝင်စားဖို့ကောင်းလွန်းတယ်...."

"ဒါလည်း မိုးနတ်မင်းရဲ့အလိုတော်ပဲ နေမှာပေါ့...
ကောင်းကင်ဘုံကပါ လုံရှင်းကို အမှုန့်ချေပစ်ချင်နေပြီနဲ့
တူတယ်...."

"အဖေ... ကျွန်တော်ကတော့ မနက်ဖြန် အဲ့ပွဲကို
သွားကြည့်ဖို့ ဆုံးဖြတ်ထားတယ်... အဖေကော
လိုက်ခဲ့ဦးမလား..."

"အဲ့တာက အကြံဉာဏ်ကောင်းလို့တော့ ငါမထင်ဘူး... "ချောင်ကျားတုံး အပြုံးလေးဖြင့် ပြောလိုက်ပြီး "ငါက ဘာသွားလုပ်ရမှာ... လုံရှင်းက လူတွေကို ချီးမွမ်းထောပနာစကားတွေ သွားပြောပေးရမှာလား......ဟားဟား......”

**အခန်း (၅၁၆)**

**လင်းရီက တကယ်ကြီး လင်းကျင်ကျန့်ရဲ့သား**

"ဟားဟား.. ပြောတာကောင်းတယ်... ကျွန်တော်တို့ရဲ့ လက်ရှိ အခြေအနေအရဆိုရင် သွားပြီးတော့ ချီးမွမ်းထောပနာ ပြုပေးဖို့ အသင့်တော်ဆုံးပဲ..."

"အင်း....ခုဆို Cisco ရဲ့စတော့တန်ဖိုးတွေက နေ့တိုင်းဆိုသလို ထိုးတက်နေတာ... ငါ့ရဲ့လက်ရှိ ပိုင်ဆိုင်မှု တန်ဖိုးက ဘီလီယမ် ငါးဆယ်လောက် ရှိနေပြီ... တကယ်လို့ ငါသာ အဲ့ဒီမျောက်ပွဲကို ပေါ်တင်ကြီးသွားကြည့်မယ်ဆို ငါ့ နာမည် ထိခိုက်တာပေါ့ဟ... လူမသိသူမသိ သွားတာပဲကောင်းပါတယ်...."

"အဲ့တာလည်း ဟုတ်သားပဲ... ခုဆို အဖေ့ရဲ့ အဆင့်အတန်းက အရင်လို မဟုတ်တော့ဘူးလေ... နှာတစ်ချက်ချေလိုက်ရင်တောင် နည်းပညာနယ်ပယ်ကြီး တစ်ခုလုံး လှုပ်ခတ်သွားနိုင်တဲ့ အနေအထားကို ရောက်နေပြီ... "

ချောင်ကျားတုံး ခေါင်းညိမ့်လိုက်ပြီး "မင်းဘက်ကကော မှူပိုင်ခွင့်တွေ အကုန်လုံး ပြင်ဆင်ထားပြီးပြီလား... မနက်ဖြန် သတင်းစာ ရှင်းလင်းပွဲမှာ လုံးရှင်းကို တစ်ချက်တည်းနဲ့ လက်စဖြတ်ဖို့ မမေ့နဲ့နော်.. မင်း ဘာအမှားမှ လုပ်မိလို့ မဖြစ်ဘူး..."

"ကျွန်တော် အကုန် ပြင်ဆင်ပြီးသွားပြီ... မှူပိုင်ခွင့်တွေနဲ့ တစ်ချက်ချင်းရိုက်ရင်တောင် သူတို့ကို မြေကြီးထဲ ဝင်သွားတဲ့အထိ ထုရိုက်ဖို့ လုံလောက်တယ်.... "

"အဲ့လို အသေးမွှား ကိစ္စလေးကိုတော့ ငါ အသေးစိတ် မစီမစဉ်တော့ဘူး... မနက်ဖြန် ဇာတ်ခွဲထုတ်ကြစို့... ငါ သမိုင်းဝင်မယ့် အခိုက်အတန့်ကို မျက်မြင်ကိုယ်တွေ့ ကြုံချင်တယ်.... "

"နားလည်ပါပြီ...."

ကလင်.....

နှစ်ယောက်သား စကားပြောရင်း
သောက်ရမ်းဟိုက်နေကြတုန်း ချောင်ကျားတုန်း၏
ဖုန်းသံ မြည်လာခဲ့၏။

ခေါ်ဆိုလာသူ၏ အမည်ကို မြင်တော့ ချောင်ကျားတုံး၏
အမူအရာမှာ လေးနက်သွားလေသည်။

"ရှန့်ယွီ... မင်းအရင် ပြန်နှင့်လိုက်... ငါ
ဖုန်းပြောလိုက်ဦးမယ်... တကယ်လို့

အကြောင်းတစ်ခုခုထူးရင် ဖုန်းကနေပဲ
ဆက်သွယ်လိုက်ကွာ...."

"ဟုတ် အဖေ .... နားလည်ပါပြီ..."

သူ့အဖေ မည်သူနှင့် ဖုန်းပြောမလဲဆိုတာကို
ချောင်ရှန့်ယွီ မသိသော်လည်း တစ်ခွန်းမျှ မမေးမြန်းပဲ
နာခံစွာဖြင့် ရုံးခန်းထဲမှ ထွက်ခွာသွားခဲ့လေသည်။

မကြာမီ ရုံးခန်းတစ်ခုလုံးမှာ
တိတ်ဆိတ်ငြိမ်သက်သွားပြီး ချောင်ကျားတုံး
ဖုန်းကိုင်လိုက်၏။

"ဒါရိုက်တာကျောက်... ဘာကိစ္စရှိလို့ပါလဲ..."

"မနက်ဖြန် လုံ့ရှင်းက သတင်းစာရှင်းလင်းပွဲ လုပ်မယ်လို့ ကြားထားတာ.. မင်း ဘက်က ပြင်ဆင်ထားတဲ့ အခြေအနေတွေ ဘယ်လိုရှိလဲ..."

"ဘာမှမပူပါနဲ့ ဒါရိုက်တာကျောက်... အားလုံး အစီအစဉ်တကျ ဖြစ်ပြီးသားပါ... မနက်ဖြန် ပြီးရင် လုံ့ရှင်းဆိုတာ သမိုင်းထဲမှာပဲ မြင်တွေ့ရတော့မယ့် ခေါင်းစဉ်ဖြစ်သွားပြီ... ကျုပ်တို့ကို ဘယ်လိုမှ ခြိမ်းခြောက်နိုင်တော့မှာ မဟုတ်ဘူး...."

"သေချာလား... လုံ့ရှင်းရဲ့ ရည်မှန်းချက်က မသေးဘူးနော်... ASML ကနေတောင် ဖိုတိုလီတိုဂရပ်ဖီစက် ဝယ်ချင်နေသေးတာ.. ငါ့ဘက်က တိတ်ဆိတ်လေး တားမြစ်ထားလို့... အနာဂတ်မှာ

မလိုလားအပ်တဲ့ လှည့်ကွက်တွေ ရှောင်ရှားလို့ရအောင် နည်းပညာ နယ်ပယ်ထဲကနေ သူတို့ ပျောက်ကွယ်သွားတာကို ငါ မြင်ချင်တယ်...."

"စိတ်ချပါ... ကျုပ် သူတို့ကို အသက်ရှူချိန်လေးတောင် မပေးဘူး..."

"ကောင်းပြီ... ငါ ကျိုးဟိုင်ကို သုံးလေးရက် နေရင် ရောက်မယ်... အဲ့ခါကျ အနာဂတ်ပလန်တွေအကြောင်း ဆွေးနွေးကြတာပေါ့..."

"ဟုတ် ဟုတ် .. ကျုပ်ဘက်ကလည်း အချိန်မရွေး ကြိုဆိုနေလျက်ပါ ဒါရိုက်တာကျောက်...."

ဖုန်းချပြီးနောက် ချောင်ကျားတုံး စိတ်သက်သာရာ
ရစွာဖြင့် သက်ပြင်းမောကြီး တစ်ချက်ချလိုက်ပြီး
သူ့ကိုယ်သူ တီးတိုးရေရွတ်လိုက်၏။

"မိသားစုကြီးက လူတွေနဲ့ စကားပြောရတာ တကယ့်ကို
ဖိအားများတာပဲ...."

..........

နန်ကျင်း ၊ စစ်ဒေသ။

အထူး အဆောက်အဦးတစ်ခုထဲသို့ စစ်တပ်
အစိမ်းရောင် SUV တစ်စင်း ဝင်ရောက်လာခဲ့သည်။
ထို့နောက် ကားတံခါး ပွင့်လာခဲ့ပြီး လျှန်ချွင်းရှောင်နှင့်

ရှန်းရှူးရီတို့ ဆင်းလာခဲ့ပြီး မိသားစု
အဆောက်အအုံထံသို့ လျှောက်လာခဲ့ကြလေသည်။

လျန်ရှန်းဟော်၏ အိမ်မှာ ကြီးမားလှပြီး စတုရန်း
တစ်ရှာင်ါးဆယ်မီတာကျော် ကျယ်ဝန်းကာ
ရှေးဟောင်းပုံစံ ဆောက်လုပ်ထားသည်။ အောက်ရှိ
ကြမ်းခင်းနှင့် အိမ်ရဇ် ပရိဘောဂများကိုတော့
မဟော်ဂနီသစ်သားဖြင့် ပြုလုပ်ထားလေသည်။

အခန်း၏ နေရာထောင့်စုံတွင် စစ်ဆုတံဆိပ်များကို
မှန်ဗီဃိုဖြင့် တစ်ခမ်းတနား ခင်းကျင်းပြသထား၏။
ထိုအရာများအားလုံးက လျန်ရှန့်ဟော် သူ၏ အသက်ကို
စွန့်စားပြီး ရရှိလာခဲ့သည့် ဆုတံဆိပ်များ ဖြစ်ပြီး လက်ရှိ

သူ ယခုကဲ့သို့ နေထိုင်နိုင်သည့် အကြောင်းပြချက်တို့၏ မြစ်ဖျားခံရာလည်း ဖြစ်သည်။

အခန်းထဲတွင် စတုရန်းပုံသဏ္ဍာန် စားပွဲတစ်လုံးရှိပြီး အပေါ်တွင်လည်း အသားနှင့် အသီးအရွက် ဟင်းလျာများကို ဆယ်မျိုးထက်မနည်းခင်းကျင်းထား၏။ဟင်းပွဲများ၏ အဆင်းနှင့် အနံ့အရသာတို့မှာ ကြည့်ရုံဖြင့် သာမန်လူတို့ ဆာလောင်မှုကို ထိန်းချုပ်နိုင်လိမ့်မည် မဟုတ်ချေ။

"မြန်မြန် ... အားလုံးက နင်တို့နှစ်ယောက်ကို စောင့်နေကြတာ..."

စတုရန်းပုံသဏ္ဍာန် စားပွဲ၏ အရှေ့တည့်တည့်တွင် လျှန်ရှန့်ဟော်အပြင် အခြား ဆံနွယ်တို့ ဖြူဆွတ်နေသည့်

အဘွားကြီးတစ်ယောက်လည်း ရှိသေး၏။ သူမ ပြုံးလိုက်သောအခါ မျက်လုံးထောင့်စွန်းရှိ အရေးအကြောင်းတို့မှာ စုံလင်စွာ ပုံပေါက်လာလေသည်။

ထိုအဘွားကြီး၏ နာမည်ကတော့ ရန်ယွီ့ဟွာပင်။ လျန်ရူရွှယ်၏ အဘွားဖြစ်ပြီး ဟွာရှ၏ ပထမဦးဆုံး ချူလက်နက် တည်ထွင်သူများထဲမှ အဓိက အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်၏။

"အဖေ.. အမေ..."

စားပွဲနားသို့ ရောက်လာပြီးနောက် နှစ်ယောက်သား ပြိုင်တူနှုတ်ဆက်လိုက်ကြပြီး လွတ်နေသည့် ထိုင်ခုံများတွင် ဝင်ထိုင်လိုက်ကြသည်။

"နင်က ခုတလော ကမ္ဘာပတ်နေတာ ဆိုတော့
ဖုန်းဆက်ဖို့ အရမ်းအားနာနေတာ... ကျိုးဟိုင်မှာ
ဘာဖြစ်သွားလဲဆိုတာ ငါ့ကို မြန်မြန်ပြောပြ..."

"ဘာတွေ လောကြီးနေတာ... ချွေးမလေးက ခုမှ
လေယာဉ်ပေါ်က ဆင်းတာလေ .. ထမင်းလေး ဘာလေး
အရင် စားပါစေဦးဟ..."လျှန်ရှုန့်ဟော်မှ
ပြောလိုက်သည်။

"သိပါတယ်ဟဲ့... ငါကလည်း ငါ့မြေးမလေးကို
စိတ်ပူနေလို့ပါ.... သူ့အသက်က သုံးဆယ်ထဲတောင်
ဝင်တော့မယ်... လက်ထပ်ဖို့ မစောတော့ဘူး..."

လျှန်ချွင်းရှောင် သူ့ဇနီးကို အပြုံးလေးဖြင့် ကြည့်လိုက်ပြီး " အမေ့ကို ကျိုးဟိုင် ခရီးစဉ်အကြောင်း ပြောပြလေ... မဟုတ်ရင် ထမင်း အေးဆေး စားနိုင်မှာ မဟုတ်လောက်ဘူး...."

ရှန်းရှူးရီ တခဏမျှ တွေးတောပြီးနောက် "သမီး ကျိုးဟိုင်မှာ လင်းရီလို့ ခေါ်တဲ့ ကောင်စုတ်လေးနဲ့ အမှတ်မထင် တွေ့ဆုံပြီးတော့ ထမင်းစားခဲ့တယ်... အဲ့ကောင်လေးက တကယ်မဆိုးဘူး... စကားပြောကောင်းပြီးတော့ ထက်ထက်မြက်မြက်လည်း ရှိတယ်... နည်းနည်းလေး စကားပေါတာကလွဲရင် တခြား ဘာချွတ်ယွင်းချက်မှ မရှိဘူး...."

ရှန်းရှူးရီ၏ အကဲဖြတ်မှုကို နားထောင်ပြီးနောက် လျှန်မိသားစုဝင်တိုင်း စိတ်သက်သာရာ ရသွားခဲ့ကြသည်။ ရှန်းရှူးရီ၏ အမြင်ကို မေးခွန်းထုတ်စရာ မလိုပေ။ သူမပင် ထိုမျှ မြင့်မားစွာ အကဲဖြတ်နေရပါက လင်းရီ မည်မျှ ထူးချွန်နေကြောင်းကို ပြသဖို့ရာ လုံလောက်ချေပြီ။ ယင်းကလည်း သူတို့မြေးမလေးကို အရမ်းစိတ်ဝင်စားနေသည့် ကျောက်မိုကိုပင် ထိုသို့ အကဲဖြတ် မပေးဖူးသောကြောင့်ပင်။

"သူ့ရုပ်ရည်လေးကကော ဘယ်လိုနေလဲ.. "ရန်ယွီ့ဟွာ အလောတကြီးဖြင့် မေးမြန်းလိုက်ပြီး "တို့ရဲ့မီလိလေးနဲ့ လိုက်ဖက်ညီတယ်မလား..."

"အွန်း... အဲ့ကောင်လေးက ကြည့်လို့လည်း မဆိုးဘူး..."

"ဟင်း... အဲ့လိုကြားရလိုက်တာပဲ
စိတ်ချမ်းသာပါပြီကွယ်.... "ရန်ယွီ့ဟွာ ပြောလိုက်ပြီး
"သူတို့နှစ်ယောက်ရဲ့ဆက်ဆံရေးကို ဒီတိုင်းပဲ
လွှတ်ထားလိုက်ကြ... လူကြီးတွေက ဝင်စွက်ဖက်နေဖို့
မလိုဘူး... ပြီးတော့ မီလိလေးက အရမ်းလည်း
ခေါင်းမာတယ်... ငါတို့ လေကုန်ခံပြီး
သူ့အစားစိတ်ပူပေးမနေကြနဲ့... "

"အမေ... သမီး ပြောစရာရှိတယ်..."ရှန်းရှူးရီ
ပြောလိုက်၏။

"ဘာလဲ ပြောလေ..."

"သမီး လင်းရီကို ငြင်းလိုက်တယ်...."

"ဟင်...."

ငင်းကိုကြားတော့ လျှန်မိသားစုဝင်များအားလုံး အံ့အားသင့်သွားခဲ့ကြသည်။

ဒီလောက် ပြီးပြည့်စုံနေတဲ့ အမျိုးသားက မီလိလေးနဲ့ မလိုက်ဖက်သေးဘူးတဲ့လား...

အဖေတစ်ယောက်ဖြစ်သည့် သူပင် မငြင်းပယ်ရသေးတာကို အမေဖြစ်တဲ့သူက ဘာလို့ ကြိုပြီး ငြင်းဆန်ထားရတာလဲ....

"ဘာလို့ ငြင်းလိုက်တာ... သူက နင့်ကို မပျော်ရွှင်အောင် လုပ်လိုက်လို့လား...."

လျှန်မိသားစုမှာ အမှားမခံသည့် မိသားစုဖြစ်၏။ ချွတ်ယွင်းချက် တစ်နေရာ ရှိလျှင်တောင် လျှန်ရှူရှယ်နှင့် ပေါင်းဖက်ရန် ခက်ခဲသွားမည် ဖြစ်၏။

"သူက အရမ်းကောင်းတယ်.. အရမ်းလည်းတော်တယ်... အနည်းဆုံးတော့ သမီးဘက်က ဘာအမှားမှ ရှာမတွေ့ဘူး..."ရှန်းရှုးရီ ပြောလိုက်ပြီး "သမီးသူ့ကို ငြင်းလိုက်တဲ့ အကြောင်းပြချက်က အရမ်း ရည်မှန်းချက် ကြီးလွန်းနေတာကြောင့်ပဲ... သူ့လိုလူမျိုးက အသက်မွေးဝမ်းကြောင်းနဲ့ မိသားစုကို မျှခြေညီအောင်

ထားပေးနိုင်မှာ မဟုတ်ဘူး.... သမီးကတော့
မီလိလေးကို သူ့ထက် မသာရင်တောင် တခြား
သူ့အောက် မလျော့တဲ့သူနဲ့ပဲ အတူရှိစေချင်တယ်....
မိသားစုကိုလည်း ဂရုစိုက်ပေးနိုင်မယ့် လူစားမျိုးပေါ့....
အဲ့တာမှလည်း မီလိလေးက အရေးပါတဲ့ နေရာမှာ
ရှိနေမှာ..... "

ငင်းကိုကြားတော့ လျှန်မိသားစုဝင်များ တစ်ဖန်
တိတ်ဆိတ်သွားကြပြန်သည်။

မိဘတို့၏ သဘာဝမှာ အမြဲတမ်း သူမတို့
သားသမီးတွေအတွက် ပြီးပြည့်စုံတဲ့
အိမ်ထောင်ဖက်မျိုးကိုသာ ရှာပေးချင်ကြသည်။

စီးပွားရေးလုပ်ငန်းတွင် အောင်မြင်ပြီး အိမ်တွင်လည်း ဇနီးနှင့် သားသမီးကို နွေးထွေးမှု ပေးရန်မှာ အတော်လေးကို စိတ်ကူးယဉ်ဆန်လှသည့် အတွေးအခေါ်မျိုး ဖြစ်၏။လူတိုင်းမှာ တစ်ဖက်စောင်းနင်း တိမ်းကြစမြဲပင်။ အကယ်၍ ထိုတိမ်းစောင်းမှုက အနည်းငယ်သာဆိုလျှင်တော့ မပြောပလောက်သော်လည်း ပမာဏများသွားလျှင်တော့ အိမ်ထောင်ရေး အဆင်မပြေတာတို့ ဖြစ်ပေါ်လာနိုင်သည်။

ရှန်းရှူးရီ ထိုသို့ အကဲဖြတ်လိုက်ခြင်းက လင်းရီ၏ အရည်အသွေးတို့ကို သက်သေပြရန် လုံလောက်၏။ ၎င်းကိုလည်း လျန်မိသားစုမှ ကောင်းစွာ နားလည်လေသည်။ မဟုတ်ပါက အဓိက

ဆေးကုမ္ပဏီခြောက်ခုကို နာမည်စာရင်း ပေးအပ်ရန် တွန်းအားပေးနိုင်လိမ့်မည် မဟုတ်ချေ။

သို့သော်လည်း သူတို့မှာ လျှန်ရူရှယ်နှင့် အရင်းနှီးဆုံး ချစ်ရသူများဖြစ်သည့်အလျောက် သဘာဝအားဖြင့် သူမ၏ အမျိုးသားမှာ သူမအပေါ် နွေးထွေးကြင်နာပြီး တစ်ဘဝလုံး ကာကွယ်သွားပေးဖို့ရာ မျှော်လင့်မိလေသည်။ ကံမကောင်းစွာဖြင့် လျှန်ရူရှယ် ဘေးရှိ လင်းရီမှာ ထိုကဲ့သို့သော ဘဝမျိုးကို ပေးစွမ်းနိုင်လိမ့်မည်လို့ မထင်ပေ။

ထို့ကြောင့် ယခု အခြေအနေမှာ ကိုင်တွယ်ရန် ခက်ခဲလွန်းလှ၏။ သူတို့ လင်းရီအပေါ်

လက်လျှော့ချင်ပါသော်လည်း ထိုသို့ မလုပ်ရက်ပေ။ မကွယ်ဝှက်တမ်း ဆိုရလျှင်တော့ လင်းရီမှာ လျှန်မိသားစု၏ လိုအပ်ချက်များကို လုံလောက်အောင် ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသောကြောင့်ပင်။

"အဖေ.. အမေ..သမီးကို အဲ့လိုမျိုး မကြည့်ကြသေးနဲ့ဦး... သမီး စကား မကုန်သေးဘူး..."ရှန်းရှူးရီ အပြုံးလေးဖြင့် ပြောလိုက်ပြီး "ကျိုးဟိုင်မှာ သူနဲ့ ထမင်းအတူစားပြီးတော့ သမီးတစ်ခုတော့ တပ်အပ် ပြောနိုင်တယ်... လင်းရီက လင်းကျင်ကျန့်နဲ့ ဟိုအမျိုးသမီးရဲ့ ကလေးပဲ..."

**အခန်း(၅၁၇)**

**ကျွန်မ လင်းကျင်ကျန့်နဲ့ ထမင်း အတူစားခဲ့ဖူးတယ်**

အဆိုပါ သတင်းကိုလည်း ကြားရော

လျန်မိသားစုတစ်ခုလုံး၏ အကြည့်များမှာ

ရှန်းရှူးရီအပေါ်တွင် စုပြုံသွားကြသည်။

"မင်းလည်း အဲ့လို ထင်တယ်လား... အဲ့ဒီ လင်းရီက

လင်းကျင်ကျန့်နဲ့ အတော်လေး

ဆင်တူတယ်..."လျန်ရှန့်ဟော် ပြောလိုက်၏။

"ထင်သလောက် မရိုးရှင်းဘူး..."ရှန်းရှူးရီ ပြောလိုက်ပြီး

"ကျွန်မ အမှတ်တမဲ့ သတိထားမိလိုက်တာ

သူ့ရဲ့မျက်လုံးတွေက အဲ့ဒီအမျိုးသမီးနဲ့

ကိုးဆယ်ရာခိုင်နှုန်းလောက် သွားတူနေတယ်...
အဘိုးရန် ပြောသလိုမျိုး မဟုတ်ဘူး... သူ့မှာ
လင်းကျင်ကျန့်ရဲ့ဇွတ်တရွတ်နိုင်မှုတဲ့ ဗီဇလည်း
အပြည့်ပါတယ်... ဒါပေမယ့်
ကိုးဆယ်ရာခိုင်နှုန်းလောက် ညင်သာမှုတွေကတော့
အဲ့ဒီအမျိုးသမီးဆီက လာတာပဲ... ဒါကြောင့်မို့
လင်းရီက သူတို့နှစ်ယောက်ရဲ့ကလေးဆိုတာ ကျွန်မ
အရမ်းသေချာနေတာ...."

ထိုအကြောင်းပြောသည့် အချိန်တွင်တော့
အခန်းထဲရှိလေထုအခြေအနေမှာ
အုံ့ဆိုင်းလာလေသည်။ ထိုနေ့ညက အဖြစ်အပျက်ကို
ပြန်လည်မြင်ယောင်မိတိုင်း လျန်ရှုန့်ဟော်နှင့်
လျန်ချွင်းရှောင်တို့ ခိုက်ခိုက်တုန်သွားကြ၏။

"တကယ်လို့ လင်းရီက သူ့သားဆိုလို့ကတော့ သူ့စရိုက်ကို ထွေထူး စစ်ဆေးနေစရာမလိုဘူး... လင်းကျင်းကျန့်က ဘယ်လိုလူမျိုးလဲဆိုတာ ငါတို့အကုန် သိနေကြတာပဲ မဟုတ်ဘူးလား...."

"လင်းမိသားစုကကော ဘာဖြစ်နေလို့လဲ..."ရန်ယွီ့ဟွာ စောဒက တက်လိုက်ပြီး "သမီးတွေက ဖအေနဲ့ တူပြီးတော့ သားတွေက မအေနဲ့တယ်လို့တောင် ဆိုရိုး ရှိကြတယ် မဟုတ်ဘူးလား... ဘာလို့ သူက လင်းကျင်ကျန့် လမ်းစဉ်လိုက်မယ်လို့ အဲ့လောက်တောင် သေချာနေကြတာလဲ... တကယ်တည်း...."

ရှန်းရှူးရီ မနေနိုင်ပဲ ရယ်မောလိုက်၏။ အကယ်၍ လင်းရီ၏ စရိုက်သာ သူ့အမေနှင့် ဆင်တူလိမ့်မည်

ဆိုပါက သူမသမီးနှင့် မဆိုင်းမတွ
သဘောတူလိုက်ပေမည်။

ကံမကောင်းစွာဖြင့် ကံတရားက အခွင့်မပေးခဲ့ပေ။ သူမ
လင်းရီထံမှ ထိုလူကြီး၏ ကြီးဆိုးခြယ်လှယ်သည့်
အရှိန်အဝါကို ခံစားနေရသည်။
ခန့်မှန်းရသလောက်တော့ အင်မတန် နူးညံ့သိမ်မွေ့သည့်
အမျိုးသမီးကသာလျှင် ထိုသူမျိုးနှင့်
သင့်တော်ပေလိမ့်မည်။

"ကောင်းပြီ... သူ့ရဲ့နောက်ခံကို သိသွားပြီဆိုမှတော့
ခဏ ဘေးချိတ်ထားကြတာပေါ့.. အရင်စားကြမယ်..."
လျှန်ရှန့်ဟော်မှ ဝင်ပြောလိုက်သည်။

"ဘာတွေ အရေးကြီးနေတာ... နင်
ထမင်းမစားဖူးဘူးလား... နောက်မှစားမယ်...
"ရန်ယွီဟွာ အလျော့ပေးရန် ဆန္ဒမရှိပဲ ပြောလိုက်၏။

"ချွေးမလေး.. နင် ကျိုးဟိုင်သွားတုန်းက
သူတို့နှစ်ယောက်ကို ဘယ်လိုထင်လဲ... ခုခေတ်
လူငယ်တွေလို မခွဲနိုင်မခွာရက် ဖြစ်နေကြပြီလား..."

"သမီးလည်း သေချာမပြောနိုင်ဘူး.. ဒါပေမယ့်
မီလိလေးကတော့ သူ့အပေါ်
စည်းခြားထားတာမျိုးလည်း မရှိဘူး... တကယ်လို့
သမီးသာ ဒီတစ်ခေါက် သူတို့နှစ်ယောက်ကို ရုတ်တရက်
ဖမ်းမမိလိုက်ဘူးဆိုရင် နည်းနည်းထပ်ကြာတာနဲ့

နှစ်ယောက်က အတူနေကြတဲ့အဆင့်လောက်ထိ
ဖြစ်သွားနိုင်တယ်...."

ရန်ယွီဟွာ သက်ပြင်းချလိုက်၏။
သူမမြေးမလေးအတွက် စိတ်မကောင်း
ဖြစ်နေလေသည်။

"ကြားရသလောက်ဆို မီလီလေးက အဲ့ကောင်လေးကို
စိတ်ဝင်စားနေတဲ့ပုံပဲ..."

"သာမန်ပါပဲ... လင်းရီကလည်း အတိတ်တုန်းက
လင်းကျင်ကျန့်လို ခံစားချက်မျိုး ပေးစွမ်းနိုင်တယ်လေ...
အရိုးထဲက ထွက်ပေါ်နေတဲ့ မာနက လူတိုင်းကို
အထက်စီးကနေ ခြယ်လှယ်မယ့်
ယောကျ်ားကောင်းတစ်ဦးလိုမျိုးပဲ...

ဘယ်မိန်းကလေးက အဲ့လို ကြီးစိုးနိုင်တဲ့ အမျိုးသားကို လွန်ဆန်နိုင်မှာလဲတဲ့...."ရှန်းရှူးရီ အပြုံးလေးဖြင့် ဆိုလိုက်သည်။

"လင်းကျင်ကျန့်တုန်းကလည်း ရန်ကျင်းက ကောင်မလေးတွေအကုန် သူ့ရဲ့ဆွဲဆောင်မှုကို ခံလိုက်ရပြီးတော့မှ သူနဲ့ အတူနေရဖို့ပဲ စိတ်ကူးယဉ်နေကြတာ မဟုတ်ဘူးလား...."

"အဟွတ် အဟွတ် အဟွတ်...."

လျန်ချွင်းရှောင်  သတိပေးသည့် ပုံစံဖြင့် တမင်သပ်သပ် ချောင်းဟန့်လိုက်သည်။

"ဘာလို့ ရှင်က ချောင်းဆိုးနေရတာ..."ရှန်းရှုးရီ၏
ဗာဒံစေ့ကဲ့သို့ မျက်လုံးများ တောက်ပသွားပြီး "ကျွန်မဆို
သူနဲ့ ထမင်းတောင် အတူစားခဲ့ဖူးသေးတယ် ...
ကလေးတောင် ဒီအရွယ်ရောက်နေပြီကို ရှင်က ဘာလို့
အတိတ်အကြောင်းတွေ ပြန်သတိရနေတာ... "

"အပိုတွေ... ငါ လည်ချောင်းယားလို့ပါကွ... အဲ့တုန်းက
ကိစ္စတွေလည်း ငါမပြောဖူးပါဘူး..."

"ရှင်က စိတ်သဘောထား ကျဉ်းမြောင်းတဲ့သူပဲလေ...
"ရှန်းရှုုးရီ၏ အမူအရာမှာ ဝင့်ဝါနေပြီး
မိန်းမငယ်လေးတစ်ဦးကဲ့သို့ ဖြစ်နေ၏။

"ထပ်ပြောရရင် ကျွန်မလည်း အဲ့တုန်းက စင်ဂယ်လေ... ဒီတော့ တစ်ယောက်ယောက်နဲ့ ထမင်းအတူစားတာက သာမန်ပါပဲ..."

"အပိုတွေ မပြောစမ်းနဲ့ .. အဲ့တုန်းကလည်း ငါမင်းကို ဂီတာတီးပြဖူးသေးတယ်မလား... မင်းတောင် သီချင်းဆိုကောင်းတယ်ဆိုပြီးတော့ ငါ့ကို ချီးကျူးလိုက်သေးတယ်လေ... အဲ့တာတောင်မှ လင်းကျင်ကျန့်နဲ့ ထမင်းအတူစားလိုက်သေးတယ်ဆိုတော့ ဘယ်လိုတောင် အရှက်ကင်းမဲ့လိုက်လဲ.... "

"ကျွန်မလည်း သူများခေါ်လို့ လိုက်သွားတာပါနော်... အတင်းတောင်းဆိုခဲ့တာ မဟုတ်ပါဘူး..."ရှန်းရှူးရီ

ပြောလိုက်ပြီး "နောက်ပြီး ကျွန်မရှင့်ကို
အမှန်ပြင်ပေးလိုက်မယ်... ရှင့်ရဲ့ဂီတာတီးတဲ့
စကေးတွေက အဲ့လောက် အထင်ကြီးစရာလည်း
မကောင်းဘူး... ပြီးတော့ သီချင်းဆိုတာကလည်း
ကောင်းမနေဘူး သိလား... ကျွန်မက ရှင့်ကို
မျက်နှာသာပေးပြီးတော့ အကောင်း ပြောလိုက်တာ.... "

"ကဲ ကဲ တော်ကြတော့ .. နင်တို့ နှစ်ယောက်လည်း
ဘယ်အရွယ်ရောက်နေပြီလဲ.. ဘာလို့
အသေးမွှားလေးတွေကို လိုက်ပြီး
ကပ်တွက်နေကြတာ..."ရန်ယွီ့ဟွာ ပြောလိုက်ပြီး
ရှန်းရှူးရီကို ကြည့်ကာ "နင် လင်းရီကို ဘယ်လို
ပြောလိုက်တာလဲ... မီလိလေး ကြားသွားသေးလား...
ငါ့မြေးမလေး ဝမ်းနည်းသွားသေးလား... "

ရန်ယွှီဟွာ လင်းရီကို ငြင်းတာ မငြင်းတာ သူမ ဂရုမစိုက်ပေ။ သူမ၏ အဖိုးတန်မြေးမလေး ဝမ်းနည်းသွားမှာကိုသာ စိုးရွံ့လေသည်။

"ကျွန်မ တိုက်ရိုက်ကြီးတော့ မပြောပါဘူး… မသိမသာလေးပဲ သတိပေးခဲ့လိုက်တယ်..သူက လင်းကျင်ကျန့်ရဲ့သားဆိုတော့ သေချာပေါက် သဘောပေါက်မှာပါ… "

"ဟုတ်လား….နင်
ဘယ်လိုပြောလိုက်တာလဲတဲ့…"ရန်ယွှီဟွား သိချင်စိတ် ပြင်းပြစွာဖြင့် မေးမြန်းလိုက်၏။

လျှန်ရှန့်ဟော်နှင့် လျှန်ချွင်းရှောင်တို့လည်း သူတို့၏ နားများကို စွင့်လိုက်ကြသည်။ သူတို့လည်း ယခုကိစ္စ၏ အသေးစိတ်ကို သိချင်နေကြ၏။

"သူ့ရဲ့လက်အောက်မှာ လင်းယွမ်အုပ်စုလို့ ခေါ်တဲ့ ကုမ္ပဏီတစ်ခု ရှိတယ်...
လင်းယွမ်အုပ်စုရဲ့အောက်မှာလည်း ပရဟိတတွေ အဓိကထားလုပ်တဲ့ လင်းယွမ် ဖောင်ဒေးရှင်းဆိုတာ ရှိတယ်လေ... သူက လတ်တလော ပေချောင်မြို့မှာ လမ်းနဲ့ ကျောင်းတွေ ဆောက်ပေးချင်နေတာ..
အဲ့ပရောဂျက်အတွက် ကုန်ကျစရိတ်က ၁၅ မီလီယမ် ...
မီလိလေးက သူ့အတွက် ရန်ပုံငွေ ငါးမီလီယမ် တောင်းပေးပြီးတော့ သမီးက ဆယ်မီလီယမ် ရင်းနှီးမြှုပ်နှံပေးလိုက်တယ်... ဒါပေမယ့် ချက်ခ်ထဲမှာ

ကုမ္ပဏီရဲ့ သတင်းအချက်အလက်တွေကိုတော့ မဖုံးကွယ်ထားဘူးဆိုတော့ သူ ချက်လက်မှတ်ကို ငွေသားလဲတဲ့ အခါကျရင် သေချာပေါက် မြင်သွားမှာပဲ... ခုဆို သူ သမီး ဘယ်သူလဲဆိုတာ ရိပ်မိနေလောက်ပြီ... "

လျှန်ချွင်းရှောင် စီးကရက်ကို မီးညှိလိုက်၏။ ရှန်းရှူးရီမှ ဆေးလိပ်ပြာခွက်ကို ချပေးလိုက်လေသည်။

"မင်းရဲ့ အကွက်က မသိသာဘူးနော်... သူသိလိမ့်မယ်ဆိုတာ မင်း သေချာလို့လား... သူလုံးဝကို ဂရုမစိုက်တာတောင် ဖြစ်နိုင်တယ်...."

"ကျွန်မတော့ မထင်ပါဘူး..."ရှန်းရှူးရီ ပြုံးလိုက်ပြီး "ကျွန်မ အရင်တုန်းက လင်းကျင်ကျန့်နဲ့ ထမင်းအတူစားခဲ့ဖူးတာကို ရှင်မေ့သွားပြီလား..."

"မင်း... မင်း ဘာလို့ မီးနဲ့ လာကစားနေတာ..."

"ကျွန်မက ဘယ်လိုလုပ်ပြီး မီးနဲ့ကစားတယ် ဖြစ်ရမှာ..."ရှန်းရှူးရီ ပြောလိုက်ပြီး "သူ ဒီလောက်လေးမှ နားမလည်ရင်လည်း လင်းကျင်ကျန့်ရဲ့ သားဖြစ်ဖို့ မထိုက်တန်ဘူးလို့ စောင်းပါးရိပ်ခြေ ပြောပြနေတာ...."

လျှန်မိသားစုဝင်များလည်း ဘာမှဝင်မပြောကြပေ။ အဘယ်ကြောင့်ဆိုသော် အဓိပ္ပာယ်ရှိသောကြောင့်ပင်။

ယင်းကလည်း အတိတ်တွင်

လင်းကျင်းကျန့်မှာအတော်လေး

ထူးချွန်ပြောင်မြောက်ခဲ့ပြီး လူတိုင်း၏ အထက်တွင်

တည်ရှိခဲ့ဖူးသောကြောင့်ဖြစ်၏။ သူသာ ဒုတိယဆိုလျှင်

မည်သူမျှ ပထမနေရာ မယူဝံ့ကြချေ။

"ကောင်းပြီ.. ဒီကိစ္စ ဒီမှာတင် အဆုံးသတ်လိုက်တော့..

သူတို့နှစ်ယောက် မပေါင်းဖက်နိုင်တာကိုတော့ ကံကိုပဲ

အပြစ်ပုံချခိုင်းကြတာပေါ့ကွယ်..."

ရန်ယွီဟွာ စိတ်ပျက် အားလျော့စွာဖြင့် ပြောလိုက်သည်။

သူမ အတော်လေး မျှော်လင့်ထားခဲ့သော်လည်း

အဆုံးတွင် အချည်းနှီးသာ ဖြစ်ခဲ့ရ၏။

"ချွေးမလေး.. တီဗွီဖွင့်လိုက်.. ခုက သတင်းကြည့်ရမယ့် အချိန်ပဲ..."လျှန်ရှန့်ဟော်မှ ပြောလိုက်သည်။

မျိုးဆက်ဟောင်းများအားလုံး သတင်းကြည့်ရခြင်းကို နှစ်သက်ကြလေသည်။သို့သော်လည်း တီဗွီဇာတ်လမ်းတွဲများကတော့ သူတို့အတွက် တစ်ကမ္ဘာလောက်ကြာသည်ဟု ထင်ရ၏။

ထို့ပြင် သတင်းမှတစ်ဆင့် ပတ်ဝန်းကျင်ရှိ ဖြစ်ပျက်နေစမျှကို ကဏ္ဍစုံလင်စွာဖြင့် တစ်ခါတည်း သိရှိနိုင်သည်။

ရှန်းရှူးရီ တီဗွီကို ဖွင့်လိုက်ပြီး မိသားစုနှင့်အတူ ထိုင်ကာ ကြေညာနေသည့် သတင်းများကို ခံစားနားဆင်နေလေသည်။ သူမတို့ လျှန်မိသားစုမှာ

မိသားစုကြီး တစ်ခု ဖြစ်သော်လည်း ပတ်ဝန်းကျင်ရှိ အကြောင်းအရာများ ဆွေးနွေးပြောဆိုကြခြင်းကို နှစ်သက်ကြ၏။ သာမန်မိသားစုကြီး တစ်ခုနှင့် သိပ်မခြားနားပေ။ တစ်ခါတစ်ရံ ရန်ယွီ့ဟွာရှန်းရှူးရီနှင့်အတူ ဘယ်စူပါမားကတ်က ဒစ်စကောင့် အကြီးစား ပေးနေကြောင်းနှင့် ဘယ်စူပါမားကတ်က ပစ္စည်း အတုများကို ဖမ်းမိသွားပြီ အစရှိသဖြင့် သာမန်မိသားစုများကဲ့သို့ ထွေရာလေးပါး ဆွေးနွေးတတ်ကြ၏။ ထူးခြားတာ ဘာတစ်ခုမျှ မရှိပေ။ အိမ်ဆိုသည်မှာတော့ ထိုအတိုင်းပင်။

"လတ်တလော နာမည်ကြီးနေတဲ့ သတင်းတစ်ပုဒ်ကတော့ CITIC အုပ်စုရဲ့ ရန်ပုံငွေနဲ့ ဆောက်လုပ်မယ့် ပေချောင်မြို့က

မျှော်လင့်ခြင်းကျောင်းနှင့် လမ်းတံတား စီမံကိန်း ယနေ့ပဲ စတင်ပြီဆိုတဲ့ အကြောင်းပါ... ခု ကျွန်မတို့ သတင်းထောက် သွားရောက် မှတ်တမ်းတင်ထားတဲ့ ဗွီဒီယိုဖိုင်လေးကို ကြည့်လိုက်ရအောင်လားရှင်...”

**အခန်း(၅၁၈)**

**ချောင်ကျင်းချိုး၏ သံသယများ**

တီဗွီသတင်း တင်ဆက်သူ၏ စကားကို နားထောင်ပြီးနောက် လျှန်မိသားစုဝင်များအားလုံး ကြက်သေသေသွားကြသည်။ သူတို့အားလုံး တူများ ပန်းကန်လုံးများကို ပြန်ချလိုက်ပြီး သတင်းဖိုင်ကို ကြည့်နေကြလေသည်။ ကြည့်နေရင်းဖြင့်လည်း

တစ်ချိန်တည်းတွင် မယုံကြည်နိုင်စရာ ကောင်းသလို ခံစားနေကြရ၏။

'ရှန်းရှူးရီ ပြောတော့ ပေချောင်မြို့ပရောဂျက်က လင်းရီ လုပ်နေတာပါဆို... ဒါဆို ဘာလဲဖြစ်လို့ CITIC က ပံ့ပိုးထားပါတယ်လို့ နာမည်ထွက်လာခဲ့တာလဲတဲ့...'

"ချွေးမလေး... ဘာတွေ ဖြစ်နေတာ... ဘာလို့ နင်ပြောတာနဲ့ မတူဘူးဖြစ်နေတာလဲ..."
ရန်ယွီဟွာ မေးလိုက်ပြီး "နင်ပြောတော့ ပေချောင်မြို့က ပရောဂျက်က လင်းယွမ်အုပ်စုက စပွန်ဆာ ပေးထားတာပါဆို... ခုကျတော့ ဘာလို့ CITIC အုပ်စုက ကိုင်တွယ်နေတယ် ဖြစ်သွားပြန်တာ...."

ရှန်းရှုးရီ၏ အမူအရာမှာ လူတိုင်းကို ဆွဲဆောင်သွားခဲ့သည်။ သူမ ပထမတော့ အံ့အားသင့်သွားခဲ့၏။ ထို့နောက် ညင်သာစွာ ပြုံးလိုက်လေသည်။

"ဟိုကောင်စုတ်လေးက ကျွန်မကို သူက အလွယ်တကူ အနိုင်ယူလို့ရတဲ့သူ မဟုတ်ဘူးဆိုတာ သက်သေပြလိုက်ပြီထင်တယ်...."

"ဒီတော့ သူက မင်းကို အလေးအနက် ထားပုံတောင် မရပါလားကွ..."လျန်ရှန့်ဟော် ရယ်မောလိုက်၏။

"သမီးပြောသားပဲ... လင်းရီက လင်းကျင်ကျန့်လိုမျိုး အရမ်း သတ္တိကောင်းပါတယ်လို့... ခုတော့ ယုံပြီမလား..."ရှန်းရှုးရီ ပြောလိုက်ပြီး "တကယ်လို့

သူသာ မီလိလေးနဲ့ ပေါင်းဖက်သွားခဲ့ရင်
ယောကျ္ာမဖြစ်တဲ့ သမီးတောင် သူ့ကို ထိန်းချုပ်လို့ရမယ်
မထင်ဘူး...."

"ငါ့အထင်တော့ ငါတို့ မီလိလေးနဲ့
သူတို့နှစ်ယောက်ကြား ကိစ္စကို ...ငါတို့
ဝင်စွက်ဖက်ချက်ရင်တောင်မှ
မရတော့ဘူးထင်တယ်....."လျှန်ချွင်းရှောင်
ပြောလိုက်ပြီး "သူက ငါတို့ကို လုံးဝ အလေးအနက်
မထားတာပဲ...."

ရှန်းရှူးရီ လည်း သက်ပြင်းချလိုက်သည်။ တီဗွီတွင်
ကြေညာနေသည့် သတင်းကို နားထောင်ရင်း သူမ
လင်းရီကို အထင်သေးမိသလို ခံစားလိုက်ရ၏။

လင်းကျင်ကျန့်တောင် သူ့အသက်အရွယ်တုန်းက ဒီလိုမျိုး မဟုတ်ပါဘူး...

"ကောင်းပြီ... အရင်ဆုံး စားကြစို့... သူနဲ့ မီလိလေး ကိစ္စကိုတော့ သဘာဝအတိုင်းပဲ ဆက်ရှိပါစေ..."လျန်ရှန့်ဟော် ပြောလိုက်ပြီး "ငါ့မြေးမလေးက ငယ်ကတည်းကရင် အမြဲတမ်း ခေါင်းမာနေခဲ့တာ... ငါတို့ ပြောလည်း အကြံပေးရုံလောက်ရှိမှာပဲ...ဘယ်သူမှ သူ့ဆုံးဖြတ်ချက်ကို ထိန်းချုပ်လို့ရမှာ မဟုတ်ဘူး..."

ရှန်းရှူးရီလည်း ကူကယ်ရာမဲ့သွားခဲ့သည်။ ကြည့်ရသလောက်တော့  ဘာဆက်ဖြစ်မလဲဆိုတာကို ဘေးမှ စောင့်ကြည့်ရုံသာ ကျန်တော့လေသည်။

CITIC အုပ်စု၏ ခေါင်းဆောင်ရာထူးဖြင့်ပင် လင်းရီကို မဖိနှိပ်နိုင်ပါက ကျန်သည့် နည်းလမ်းများဖြင့်ဆိုလျှင်လည်း အချည်းနှီးသာ ဖြစ်လိမ့်မည်။

.......

နောက်တစ်နေ့ နံနက်တွင် ကျိချင်းရန် ထုံးစံအတိုင်း နံနက်စာများကို စီမံ ချက်ပြုတ်လေသည်။ ထမင်းစားစားပွဲတွင် လင်းရီမှ "ချင်းရန်...မင်း အဲ့ဒီကိုရောက်ရင် ယွမ်ယွမ်တို့နဲ့ အတူ ထိုင်နေလိုက်.... ငါ့မှာ တခြား လုပ်စရာတွေ ရှိနေသေးတယ် ဆိုတော့ မင်းနဲ့ အတူ မထိုင်နိုင်တော့ဘူး...."

"အွန်းပါ... နင် လုပ်စရာ ရှိတာသာလုပ်... ငါတို့အတွက် ဘာမှ စိတ်မပူနဲ့...."

နံနက်စာ စားပြီးနောက် နှစ်ယောက်လုံး ကျွန်းနန်းစမ်းချောင်းဟိုတယ်သို့ ဦးတည်လိုက်ကြ၏။

ဟိုတယ်၏ ဝင်ပေါက်ဝတွင် အနီရောင် ကော်ဇောခင်းကျင်းထားပြီး ဘေးနှစ်ဖက်တွင်တော့ ပန်းခြင်းတောင်းများဖြင့် အလှဆင်ထားလေသည်။

အဆက်မပြတ် ရောက်လာနေသည့် ဧည့်သည်တော်များမှာလည်း အဆုံးမရှိသည့် လှိုင်းလုံးကြီးကဲ့သို့ တစ်လှိုင်းပြီးတစ်လှိုင်း ရောက်ရှိလာနေပြီး

လူအုပ်ကြီး၏ နောက်တွင် ရပ်နေရင်း ဟိုတယ်ရှေ့ရှိ မြင်ကွင်းကို ကြည့်ကာ သူမကိုယ်သူမ တီးတိုးရေရွတ်လိုက်၏။

"အဖေက သတင်းထောက်တွေ ဘယ်လောက်တောင် ခေါ်ထားတာလဲ.. ဒီလိုသာ ဆက်လာနေမယ်ဆိုရင် ပွဲကျင်းပတဲ့ နေရာက ဆံ့တောင် ဆံ့တော့မှာ မဟုတ်ဘူး.... သူ ဘယ်လောက်တောင် လုံ့ရှင်းကို အမှုန့်ကြိတ်ချင်နေတာပါလိမ့်...."

"ဥက္ကဌချောင်.... သတင်းစာ ရှင်းလင်းပွဲလုပ်ဖို့အတွက် အကုန် အဆင်သင့် ဖြစ်ပြီမလား... "လုရင်း ရောက်လာပြီး မေးမြန်းလိုက်၏။

လုရင်းမှာ ဖောင်းကြွနေသည့် သူမ၏ တင်ပါးအလှကို ပေါ်လွင်စေသည့် အနက်ရောင် စကတ်အတိုနှင့် အသားရောင် စတော်ကင်အရှည်ကို ဝတ်ဆင်ထားသည်။ သူမဘက်ကသာ မပြောပြဘူးဆိုပါက မည်သူမျှ အမျိုးသမီး သုတေသန ပညာရှင် ဆိုတာ သိလိမ့်မည် မဟုတ်ချေ။

"အားလုံး အဆင်သင့်ပါပဲ ပရော်ဖက်ဆာလု .. ကျွန်မတို့ ကိုးနာရီတိတိမှာ စတင်လို့ ရပါပြီ...."ချောင်ကျင်းချိုး အပြုံးလေးဖြင့် ပြန်ဖြေလိုက်ပြီး "ဒီနေ့ လူတွေ အများကြီး ရောက်နေကြတယ် ဆိုတော့ လုံရှင်းရဲ့ သတင်းစာရှင်းလင်းပွဲက အကြီးအကျယ်အောင်မြင်မှာ ကျိန်းသေတယ်..."

"ဥက္ကဋ္ဌချောင်ရဲ့ချီးကျူးစကားအတွက် ကျေးဇူးပါ... ကျွန်မတို့ဘက်ကလည်း ဒီချစ်ပ်ရဲ့bug errorတွေကို သေချာလေး အချိန်ယူပြီး ပြင်ဆင်ထားတာဆိုတော့ လုံးဝကို ပြီးပြည့်စုံတဲ့ productတစ်ခုပဲလေ... လူတိုင်း စိတ်ကျေနပ်အားရကြလိမ့်မည်ဆိုတာ ကျွန်မ ယုံကြည်တယ်...."

"အမှန်ပါပဲ..."ချောင်ကျင်းချိုး အချိုသာဆုံး တုံ့ပြန်လိုက်၏။

"ဥက္ကဋ္ဌချောင်ကို ဆက်ကြည့်ထားပေးဖို့ ဒုက္ခပေးရတော့မယ်... ကျွန်မမှာ တခြားလုပ်စရာလေးတွေ ရှိနေသေးလို့ အရင်သွားလိုက်ဦးမယ်နော်..."

"ကောင်းပါပြီ ပရော်ဖက်ဆာလု...."

လုရှင်း ထွက်ခွာသွားသည်ကို ကြည့်ရင်း ချောင်ကျင်းချိုး သက်ပြင်းချလိုက်၏။

နင်တို့ ပရိုဂရမ်က ဘယ်လောက်ပဲ ပြီးပြည့်စုံနေပါစေ နည်းပညာ မူပိုင်ခွင့်တွေက Cisco ရဲ့ လက်ထဲမှာပဲ...

လုံရှင်း လုံရှင်း... နင်တို့ ဘာလို့ သိပ္ပံသုတေသနလုပ်ငန်းတွေပဲ အာရုံမစိုက် မလုပ်ပဲနဲ့ ဘာလို့ Cisco နဲ့ ယှဉ်ပြိုင်ချင်နေရတာလဲ... နင်တို့က ပြိုင်ဖက်ဖြစ်ဖို့တောင် မတန်ပါလား...

'ဟင် သူက ဘာလို့ ဒီရောက်လာခဲ့တာ..'

ဟိုတယ် ဝင်ပေါက်ဝတွင် Bentley တစ်စင်းရောက်ရှိလာပြီး လင်းရီ ထိုကားထဲမှ ထွက်လာခဲ့သည်။

လင်းရီကို မြင်တော့ ချောင်ကျင်းချိုး၏ အမူအရာမှာ အေးစက်သွားပြီး ခါးကို ယိမ်းနွဲ့၍ လင်းရီထံသို့ လျှောက်လာခဲ့လေသည်။

"ရှင်က ဒီကို ဘာလာလုပ်တာ..."

လင်းရီ၏ လင်းယွမ်အုပ်စု၏ သူဌေးဟူသော အထောက်အထားကြောင့် ချောင်ကျင်းချိုး သူ့ကို အစဥ်အမြဲ သတိကပ်ထားခဲ့သည်။

"မင်းက ရူးနေတာလား.. ငါက ဒီလာလို့ မရဘူးလား...
ဒီနေရာက မင်းအိမ်မို့လို့လား..."လင်းရီ ပြောလိုက်ပြီး
"ဘာပဲ ဆိုဆို ငါက Sci-tech ရဲ့ တာဝန်ရှိသူပဲလေ..
ဒီတော့ နည်းပညာ နယ်ပယ်မှာ ဘာဖြစ်နေလဲဆိုတာ
သိနေမှ ဖြစ်မယ် မဟုတ်ဘူးလား.... "

"ရှင် ဟန်ဆောင် မနေစမ်းနဲ့.. ကျွန်မ အဖေနဲ့ အစ်ကိုက
ရှင်ဘယ်လိုလူစားမျိုးလဲဆိုတာ မသိပေမယ့်
ကျွန်မကတော့ အကုန်လုံး သိတယ်ရှင့်...."

"အဲ့တာဆို ငါက ဘယ်လိုလူစားမျိုးလဲ... ငါက မင်းနဲ့
ဆက်ဆံရင် ကွန်ဒုံးမသုံးတဲ့ လူစားမျိုးလား...
ဒါမှမဟုတ် မင်းနဲ့ အတူအိပ်ပြီး ပိုက်ဆံ မပေးခဲ့လို့

လာတောင်းနေတာလား..."လင်းရီ ပြောလိုက်ပြီး "လစ်စမ်းပါကွာ...."

သို့နှင့် လင်းရီ ချောင်ကျင်းချိုးကို လျစ်လျူရှုပြီး ဟိုတယ်ထဲသို့ တည့်မတ်စွာ ဝင်ရောက်သွားခဲ့သည်။

သုံးဘီလီယမ်တန် ရှိုးပွဲမှာ သူ၏ ရောက်ရှိလာမှုကို စောင့်ဆိုင်းနေလေရာ  သူမအပေါ် အချိန်ဖြုန်းဖို့ရန် မထိုက်တန်ပေ။

ချောင်ကျင်းချိုး ရင်ဘက်ထဲတွင် မကောင်းသည့် နိမိတ်ကို ခံစားနေရပြီး သူမ၏ အမူအရာမှာ အလိုလို အေးစက်သွား၏။

လင်းရီ ရောက်ရှိလာခြင်းက သူမစိတ်ကို မသိုးမသန့် ဖြစ်သွားစေသည်။ ထိုင်နဲမှာ ရောက်သည့် နေရာတိုင်း ပြဿနာ ရှာတတ်ပြီး သူ၏ လုပ်ဆောင်မှုက Cisco အပေါ်တွင် သက်ရောက်မှု တစ်ချို့တောင် ရှိလာနိုင်သည်။ သို့သော်လည်း မကြာမီ ချောင်ကျင်းချိုး သူမ၏ အတွေးများကို ပြန်လည် စစ်ထုတ်လိုက်၏။

Cisco ဘက်မှ ယခုပွဲအတွက် ပြီးပြည့်စုံသည့် ပြင်ဆင်မှုများပြုလုပ်ထားပြီး လင်းရီဘက်မှ ချွတ်ယွင်းချက် ရှာတွေ့ဖို့ရန် လုံးဝ မဖြစ်နိုင်လု နီးပါးပင်။

ယနေ့ Ciscoက လုံရှင်းကို လက်ထဲရှိ မူပိုင်ခွင့် အခု နှစ်ဆယ်နှင့်အတူ သဲကြီးမဲကြီး ဆုံးခန်းတိုင်အောင်

တိုက်ခိုက်ဖို့ ဆုံးဖြတ်ထား၏။
လင်းရှိ ကူညီချင်လျှင်တောင်မှ ယခုလို
အခြေအနေမျိုးတွင်တော့ မည်သို့မျှ စားပွဲနှင့်လှန်ရန်
မဖြစ်နိုင်ချေ။ ဒုတိယအနေဖြင့် Cisco အတွက်
အရေးကြီးဆုံးက Didi နဲ့ သဘောတူထားသည့်
စီးပွားရေးကိစ္စပင်။

လင်းရှိမှာလည်း Sci-tech မှ ဖြစ်နေသောကြောင့်
လုံးရှင်းနှင့် မသက်ဆိုင်သကဲ့သို့ Cisco ကို လှုပ်ကိုင်ဖို့ရာ
စွမ်းရည်လည်း မရှိချေ။

သို့သော်လည်း အစမှ အဆုံးထိတိုင် ချောင်ကျင်းချိုး
တစ်ခုကိုတော့ နားမလည်နိုင် ဖြစ်နေလေသည်။

'သူက ဘာလို့ သူ့ရဲ့အထောက်အထားကို
ကွယ်ဝှက်ပြီးတော့ သူညီကိုကောင်းကို အာဏာ
လွှဲအပ်ထားတာလဲ... သူမှာ တကယ်ပဲ ကိုင်တွယ်ဖို့
အချိန်မရှိလို့များလား...

အဲ့လိုကတော့ မဖြစ်နိုင်လု နီးပါပဲ....'

လက်တွေ့တွင်တော့ လင်းရီ၏ အကြံအစည်မှာ
လည်းလုံး၀ ပြီးပြည့်စုံနေခြင်းမျိုး မဟုတ်ချေ။
သူအရေးကြီးသည့် အချက်တစ်ချက်ကို
မေ့ပစ်ထားခဲ့၏။ ယင်းကတော့ လိုဂျူးပင်။

သို့သော်လည်း လိုဂျူးမှ အရေးကြီးသည့်
အတွင်းအစည်းအဝေးများကို
မတက်ရောက်လိုက်ရသောကြောင့် ချစ်ပ် ၁.၀ မှာ

လင်းရီ၏ အိုင်ဒီယာဖြစ်တယ်ဆိုတာ မပြောပြလိုက်ရချေ။ ရလဒ်အနေဖြင့် လင်းရီ၏ အထောက်အထားကို မည်သူမျှ မသိရှိလိုက်ပဲ ဖြစ်သွားခဲ့ရသည်။

အကယ်၍ Cisco ကသာ သိရှိသွားမည်ဆိုပါက လင်းရီ၏ အကြံအစည်တို့မှာ လက်ဖမိုး လှန်လိုက်သကဲ့သို့ ကပြောင်းကပြန် ဖြစ်သွားပေမည်။

သို့သော်လည်း ကံကောင်းစွာဖြင့် ထိုသို့ မဖြစ်သွားခဲ့ချေ။ ဖြစ်သွားခဲ့လျှင်လည်း အသုံးမဝင်ပေ။ လင်းရီ၏ ချစ်ပ်ဗားရှင်း ၂.၀ မှာ မည်သို့မျှ ရိုက်ချမရသည့် အတားအဆီးကြီး ဖြစ်နေပြီး

စာချုပ်ချုပ်ဆိုပြီးကတည်းက Cisco အဆုံးသတ်မည့် နေ့ရက်ကို သတ်မှတ်ပြီးဖြစ်သည်။

ထိုအခိုက်အတန့်တွင်တော့ ပွဲကျင်းပရာ နေရာတစ်ခုလုံး လူသူလေးပါးဖြင့် ပြည့်နှက်နေပြီး ရောက်ရှိနေကြသည့် လူဦးရေ၏ ရှစ်ဆယ်ရာခိုင်းနှုန်းကတော့ နည်းပညာ နယ်ပယ်၏ မီဒီယာများအပြင် သတင်းထောက်များ ၊ ဘလော့ဂါများဖြစ်ကြသည်။

လုံရှင်းနှင့် Cisco မှာ ဆယ်စုနှစ် တစ်ခုတိုင် တိုက်ခိုက်နေကြပြီး ယနေ့တွင်တော့ နောက်ဆုံးပွဲစဉ်အဖြစ် မည်သူက ဘုရင်ဖြစ်ပြီး မည်သူက သေလူဖြစ်မလဲဆိုတာ လူတိုင်း မျက်ဝါးထင်ထင် မြင်တွေ့ကြရတော့မည်။

လူသူ သိပ်မရှိသည့် ထောင့်တစ်နေရာတွင် ချောင်ကျားတုံးတို့ သားအဖ အတူထိုင်နေကြ၏။

ချောင်ကျားတုံး သူ၏ နာရီကို ကြည့်ပြီး "လုံးရှင်းရဲ့ သတင်းစာရှင်းလင်းပွဲက စတင်ဖို့ ဆယ်မိနစ်လိုသေးတယ်... မင်း အားလုံး ပြင်ဆင်ပြီးပြီမလား...."

**အခန်း(၅၁၉)**

**မင်းလည်း အချိန်စီမံခန့်ခွဲမှု ကျွမ်းကျင်သူတစ်ယောက် ဖြစ်နေလိမ့်မယ်လို့ ထင်မထားဘူး**

"မပူနဲ့ အဖေ.. မူပိုင်ခွင့်တွေ အကုန်လုံးက ကျွန်တော့်လက်ထဲမှာ ရောက်နေပြီးသား.. သူတို့ သတင်းစာရှင်းလင်းပွဲရဲ့ အဓိက ခေါင်းစဉ်ကို ရောက်တာနဲ့ လုံရှင်း သေချာပေါက် အဆုံးသတ်ပြီပဲ...."

"နောက်ဆုံးတော့ ဒီလိုနေ့မျိုး ရောက်လာပြီပေါ့..."ချောင်ကျားတုံး ပြုံးလိုက်ပြီး "စကားမစပ် လုံရှင်း ကိစ္စပြီးရင် Didi ဘက်က ငွေလွှဲလာလိမ့်မယ်... အဲ့တာကိုလည်း မင်း ကြည့်စီစဉ်လိုက်ကွာ...."

ချောင်ရှန့်ယွီ အပျော်လွန်သွားခဲ့သည်။ Didi မှာ Cisco ၏ ဖောက်သည်ကြီးဖြစ်ပြီး သူ၏ ဖခင်မှ အာဏာကုန် လွှဲအပ်လိုက်သောကြောင့် မည်မျှ ယုံကြည်နေကြောင်း

ပေါ်လွင်နေလေသည်။ ယခုမှစ၍ ချောင်မိသားစုရှိ သူ၏ ထိုင်ခုံကို မည်သူမျှ လုပ်ခါ၍ ရလိမ့်မည်မဟုတ်တော့ချေ။

ကလင် ကလင်....

ထိုအခိုက်အတန့်တွင် ချောင်ကျားတုံး၏ ဖုန်းသံ မြည်လာခဲ့သည်။

ခေါ်ဆိုလာသူ၏ အမည်ကို မြင်တော့ ချောင်ကျားတုံး ထပ်မံ၍ ခြောက်ခြားသွားပြန်သည်။ ဖုန်းပြောဖို့ အဆင်မပြေသော်လည်း မကိုင်မဖြစ်သောကြောင့် ဖုန်းဖြေလိုက်ရ၏။

"ဒါရိုက်တာကျောက်... ဘာကိစ္စရှိလို့ပါလဲ..."

"မင်းအခု ဘယ်မှာလဲ...."

"ကျုပ် ခု လုံရှင်းရဲ့ သတင်းစာ ရှင်းလင်းပွဲမှာလေ..
သူတို့ရဲ့ အခြေအနေကို တစ်ချက်လာကြည့်တာ...
အစ်ကိုကျောက်က ညွှန်ကြားချင်တာများ ရှိလို့လား..."

"ခုလေးတင် ငါ့လူတွေ Cisco ရဲ့ ရှယ်ယာကို
တစ်ချက်ကြည့်လိုက်တော့ စျေးနည်းနည်း
ကျသွားတယ်... အဲ့တာကို မင်းသိလား..."

"စျေးနည်းနည်း ကျသွားတယ်..."ချောင်ကျားတုံး
အံ့အားသင့်စွာဖြင့် ရေရွတ်လိုက်ပြီး "မဖြစ်နိုင်ဘူးနော...
Cisco ရဲ့ ရှယ်ယာတန်ဖိုးက ဒီရက်တွေထဲမှာ

တစ်ဟုန်ထိုး မြင့်တက်နေတာ... ဒီလို ဖြစ်လာစရာ အကြောင်း မရှိဘူး..."

"မင်း ကြည့်ကြည့်ရင် သိလိမ့်မယ်...."

"ဟုတ်ဟုတ် ဒါရိုက်တာကျောက်... ဖုန်းမချလိုက်နဲ့ဦးနော်....ကျုပ် ခုပဲ ကြည့်လိုက်ပါ့မယ်...
"

သို့နှင့် ချောင်ကျားတုံး သူ့သားဖုန်းကို  ယူ၍ Cisco ၏ စတော့ စာမျက်နှာထဲသို့ ဝင်ရောက်လိုက်သည်။ ရှယ်ယာ တန်ဖိုးမှာ အမှန်ပင် အနည်းငယ် ထိုးကျသွားခဲ့လေသည်။ သို့သော်လည်း မကြာမီ အနည်းငယ် ပြန်တက်လာခဲ့၏။

"ဒါရိုက်တာကျောက်... စိတ်ပူစရာ မလိုပါဘူး...
ရှယ်ယာတွေ တက်လိုက်ကျလိုက် ဖြစ်တာက
ပုံမှန်ပါပဲ... သူတို့က လုံရှင်းကြောင့် ကျုပ်တို့
ရှယ်ယာတွေ ထိုးကျသွားမှာကို
စိုးရိမ်နေတာနဲ့တူတယ်... ဒါပေမယ့် ဒီလူတွေ
မနက်ဖြန်ကျရင် ကျိန်းသေပေါက်
နောင်တရနေလိမ့်မယ်ဆိုတာ ကျုပ် တပ်အပ်
ပြောနိုင်တယ်... "

"မင်း သိတာကောင်းတယ်... ဒီလိုမျိုး အရေးကြီးတဲ့
အခြေအနေမှာ မင်းဘက်က ဘာအမှားမှ
မလုပ်မိစေနဲ့လို့ပဲ ငါ သတိပေးချင်တယ်...."

"စိတ်ချပါ ဒါရိုက်တာကျောက်... ဘာအမှားမှ မဖြစ်စေရပါဘူး..."

"ကောင်းပြီ.. မင်းအလုပ်ကို မင်းဆက်လုပ်... ငါ တခြားကိစ္စ ကိုင်တွယ်စရာတွေ ရှိသေးတယ်..."

"ဟုတ် ဟုတ် အဲ့တာဆို ဒါရိုက်တာကျောက်ကို မနှောင့်ယှက်တော့ပါဘူး..."

ဖုန်းချပြီးနောက် ချောင်ကျားတုံး စိတ်သက်သာရာ ရစွာဖြင့် သက်ပြင်းကြီးစွာ ချလိုက်ပြီး သူ၏ ခြောက်ခြားမှုများလည်း လွင့်စင်သွားလေသည်။

"အဖေ... ကျွန်တော်တို့ရဲ့ ရှယ်ယာတန်ဖိုးတွေ လျော့ကျကုန်တာလား..."ချောင်ရှန့်ယွီ မေးမြန်းလိုက်၏။

"အင်း... နည်းနည်း ကျသွားတယ်... ဒါပေမယ့် ဒီလိုဖြစ်မယ်လို့လည်း မျှော်လင့်ထားပြီးသားပါကွာ..."ချောင်ကျားတုံး ပြောလိုက်ပြီး "ဒီနေ့က လုံရှင်း သတင်းစာရှင်းလင်းပွဲ ကျင်းပမယ့် နေ့လေ... သေချာပေါက် လုံရှင်းက ချစ်ပ်နယ်ပယ်မှာ မြင့်တက်လာပြီးတော့ ငါတို့အပေါ် ဆန့်ကျင်ဘက် အကျိုးသက်ရောက်မှုတွေ ရှိလာမယ်လို့ စိုးရိမ်နေကြတာ... ဒါကြောင့်မို့ သူတို့ရဲ့ ရှယ်ယာတွေကို ခု ပြန်ထုတ်ရောင်းနေကြတာ...."

"လက်စသတ်တော့ အဲ့တာကြောင့်ကိုး...
အဲ့ကောင်တွေက ငပိန်းတွေလား... နောက်ဆုံးကျရင် ဘယ်သူက အကောင်ဖြစ်မယ် ဆိုတာ သူတို့ နားမလည်ကြဘူး ထင်တယ်..."ချောင်ရှန့်ယွီ ပြောလိုက်သည်။

"ဒါပေမယ့်လည်း ရှယ်ယာ ကစားပြီး ရင်းနှီးမြှုပ်နှံတဲ့သူတွေက အဲ့လိုကောင်တွေဆီကနေပဲ ပိုက်ဆံရနေတာလေ... "ချောင်ကျားတုံး ရယ်မောလျက် ပြောလိုက်၏။

"အမှန်ပဲ... သူတို့သာ မရှိဘူးဆိုရင် ဘယ်သူက ကျွန်တော်တို့ကို ထောက်ပံ့ပေးမှာ..."

လက်တွေ့တွင်တော့ အင်မတန် သေးငယ်သည့် လူအနည်းကသာလျှင် Cisco ၏ ရှယ်ယာများကို ရောင်းချကြသည်။ ထိုသေးငယ်သည့် ပမာဏလေးက ရှယ်ယာတန်ဖိုးကို ကြီးစွာသော အကျိုးသက်ရောက်မှုများကို မပြုလုပ်ပေးနိုင်ချေ။

ထိုထုတ်ရောင်းသူများထဲတွင် ကျီချင်းရန်နှင့် ချင်းဟာန်တို့လည်း အပါအဝင်ဖြစ်၏။

Cisco မှ ချစ်ပ် စတင်ထုတ်လုပ်စဉ်ကတည်းက လင်းရီ ကျီချင်းရန်နှင့် ချင်းဟာန်ကို တစ်ရာမီလီယမ်နှင့် တစ်ရာနှစ်ဆယ့်ရှစ် မီလီယမ် အသီးသီး ရင်းနှီး မြှုပ်နှံခိုင်းထား၏။ယနေ့တွင်တော့ သူ Cisco ကို အဆုံးသတ်တော့မည် ဖြစ်ရာ ၎င်းတို့ ဝယ်ယူထားသည့်

ရှယ်ယာများကို အကျိုးအမြတ် နှစ်ဆဖြင့် ပြန်လည်ရောင်းချခိုင်းလိုက်သည်။

အခြားတစ်ဖက်တွင်တော့ ကျီချင်းရန်၊ ဟော်ယွမ်ယွမ်နှင့် ချီရှန်းကျောက်တို့ အတူထိုင်နေကြ၏။

လင်းရီရောက်လာသည်ကိုမြင်တော့ သုံးယောက်လုံး လင်းရီ အဘယ်ကြောင့် ရောက်လာသလဲဆိုတာ နားမလည်နိုင်ဖြစ်နေကြလေသည်။

လုံရှင်း၏ ချစ်ပ် ၁.၀ မှာ Cisco ၏ ချစ်ပ်နှင့် တူညီသည့် နည်းပညာတစ်ခုတည်းမှ ထုတ်လုပ်ထားခြင်းပင်။ ထို့ကြောင့် မည်သည့် ထိုးဖောက်မှုမျှ မရှိသရွေ့ သူမတို့

ချုပ်ဆိုထားသည့် ယွမ် သုံးဘီလီယမ် စာချုပ်ကို မည်သို့
အကျိုးသက်ရောက်မှု ရှိလိမ့်မည်နည်း။

ထို့ပြင် ယခုလို သတင်းစာ ရှင်းလင်းပွဲ ပြုလုပ်ရသည့်
ရည်ရွယ်ချက်ကလည်း အဘယ်ကြောင့်နည်း။ သူမတို့
လုံရှင်း၏ လုပ်ရပ်ကို နားမလည်နိုင်ဖြစ်နေကြသည်။

ဆယ်မိနစ်မှာ လျှင်မြန်စွာ ကုန်ဆုံးသွားပြီး လုရင်း
သူမလက်ထဲတွင် မိုက်ကိုကိုင်၍ စင်ပေါ်သို့
တက်လာခဲ့သည်။ သူမ၏ အပြုအမူမှာ
အင်မတန်သိမ်မွေ့လှပြီး ပရော်ဖက်ရှင်နယ်ဆန်နေသည်။
ပွဲမစတင်မီ စင်အပြင်မှ ကြိမ်ဖန်များစွာ
လေ့ကျင့်ထားသည့် ပုံပင်။

လုရင်း စင်ပေါ်တက်လာသည့် အချိန်တွင်တော့ ပွဲကျင်းပရာ နေရာတစ်ခုလုံးရှိ မီးများအားလုံး မှိတ်သွားခဲ့ကြ၏။ လုံရှင်းစင်တာ၏ လိုဂိုမှာ စခရင်အကြီးစားပေါ်တွင် ထွက်ပေါ်လာလေသည်။

"ကျွန်မတို့ရဲ့ထုတ်ကုန်အသစ် မိတ်ဆက်ပွဲကို ကြွရောက်လာတဲ့ နယ်ပယ်အသီးသီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကို ယနေ့ လုံရှင်းရဲ့ ထုတ်ကုန်အသစ်အကြောင်း မိတ်ဆက်ပေးသွားမယ့် ကျွန်မ လုရင်းက နွေးထွေးစွာနဲ့ ကြိုဆိုပါတယ်ရှင့်..... "

လုရင်း ထိုသို့ ပြောပြီးနောက် စင်အောက်ရှိ လူတိုင်း လက်ခုပ်တီးလိုက်ကြသည်။ မသိသူတစ်ချို့ကတော့

လုံရှင်း၏ ချစ်ပ် ၁.၀ အကြောင်းကို နားဆင်ရန် အလွန်အမင်း စိတ်အားထက်သန်နေကြသည်။

ယင်းနည်းပညာမှာ နိုင်ငံတကာ စံချိန်စံနှုန်းနှင့် အနည်းငယ် ဝေးကွာနေသော်လည်း ပြည်တွင်း ချစ်ပ်နယ်ပယ်တွင်တော့ ပြင်းစွာသော လှုပ်ခတ်မှုများကို ဖြစ်ပေါ်သွားစေလိမ့်မည်။

ထိုအတွေးရှိသူများမှာလည်း သေးနုပ်သည့် ဆယ်လီအသေးစားလေးများသာဖြစ်ပြီး သူတို့မှာ နည်းပညာ နယ်ပယ်အကြောင်း ကောင်းမွန်စွာ မသိရှိကြသူများ ဖြစ်လေသည်။

ရှေ့ခုံတန်းတွင် ထိုင်နေကြသည့် ဒိတ်ဒိတ်ကျဲများကတော့ Cisco မှ

ထိုချစ်ပ်နည်းပညာကို လုံရှင်းထက် စောလျင်စွာ ထုတ်လုပ်ပြီးကြောင်း သိရှိထားပြီး ဖြစ်၏။ ထို့ကြောင့် သူတို့၏ မျက်လုံးထဲတွင်တော့ ယခုလို တခမ်းတနား စီစဉ်ထားသည့် သတင်းစာ ရှင်းလင်းပွဲကြီးမှာ ရယ်ရှင်ဖွယ်ရာ ဟာသပွဲကြီး တစ်ခုကဲ့သို့ ဖြစ်နေတော့သည်။

လက်ခုပ်သံများ ရပ်တန့်သွားပြီးနောက် လုရင်း ရှီမုကွန်ထိုးဖြင့် စခရင်ပေါ် ရှိ PowerPoint presentation ကို ထိန်းချုပ်လိုက်သည်။ ထို့နောက် သတင်းစာရှင်းလင်းပွဲ၏ အဓိက ရည်ရွယ်ချက်ကို ဧည့်ပရိသတ်များထံ စတင်မိတ်ဆက်ပေးလေသည်။

"ဒီကနေ့ ကျွန်မတို့ လုံရှင်းက ထုတ်ကုန် အသစ်တစ်ခုကို မိတ်ဆက်ပေးပါရစေ... ဒီထုတ်ကုန်က ပြည်တွင်း ချစ်ပ်နယ်ပယ်ကို အကြီးအကျယ် တိုးတက်ပြောင်းလဲသွားစေလိမ့်မယ်လို့လည်း ကျွန်မက ယုံကြည်ပါတယ်... နောက်ဆုံးတော့ ကျွန်မတို့နဲ့ နိုင်ငံခြားတိုင်းပြည်တွေ ကြားထဲက ကွာခြားမှုကို တစ်လှမ်းလျှော့နိုင်ခဲ့ပြီး မှတ်ကျောက် အသစ် တင်နိုင်ခဲ့ပါပြီ... ဘာပဲဆိုဆို ဒီချစ်ပ်တွေက ကျွန်မတို့ရဲ့ နေ့စဉ်ဘဝမှာ တစ်နည်းမဟုတ် တစ်နည်း အရေးပါနေတယ် မဟုတ်ပါလား...."

လုရင်း၏ စကားလုံးများကို ကြားတော့ ချောင်ရှန့်ယွီ၏ မျက်နှာထက်တွင် လျှောင်ပြောင်သည့် အမူအရာတို့ဖြင့် ပြည့်နှက်သွားသည်။

"ခုမှ အစပဲရှိသေးတယ် လုံ့ရှင်းက ပေါက်တတ်ကရတွေ လျှောက်ပြောနေပြီ... ဒီကောင်တွေက တစ်ခုခုတော့ တစ်ခုခုပဲ..."

"မလောစမ်းပါနဲ့... တိရစ္ဆာန်ရုံက မျောက်တွေလည်း အဲ့လိုပဲ မဟုတ်ဘူးလား... "ချောင်ကျားတုံး အပြုံးလေးဖြင့် ပြောလိုက်ပြီး "သူတို့က လူနဲ့ လိုက်တုတိုင်း လူဖြစ်သွားမယ်လို့ ထင်နေကြတာလား မသိဘူး... ဒါပေမယ့် ငါတို့ရဲ့မျက်လုံးထဲမှာကျတော့ အဲ့ကောင်တွေက အချိန်မရွေး သတ်စားလို့ရတဲ့ သတ္တဝါတွေပဲ..."

"ကောင်းလိုက်တဲ့ ဥပမာ.. ပြီးတော့ ခုဟာက မျောက်မကြီးလေ...ဟားဟား...."

သတင်းစာ ရှင်းလင်းပွဲ၏ ပထမ နာရီဝက်မှာတော့ လုရင်း ချစ်ပ်အကြောင်း မိတ်ဆက်ပေးရင်းဖြင့် ကုန်ဆုံးသွားခဲ့သည်။

စခရင်ပေါ်တွင် အကြောင်းအရာများ တစ်ခုပြီးတစ်ခု ပြောင်းလဲသွားပြီး ချစ်ပ်၏ အဓိက လုပ်ဆောင်ချက်များနှင့် စွမ်းဆောင်ရည် မြင့်မားလာသောကြောင့် ထပ်တိုး ရရှိလာသည့် အကျိုးကျေးဇူးများကို လုရင်း စိတ်ဝင်တစား ရှိအောင် ဆွဲဆောင်၍ ရှင်းပြသွားသည်။

သို့သော်လည်း သိရှိပြီးသား လူတို့၏ မျက်လုံးထဲတွင် ထိုစကားလုံးများက အရေးမပါသည့် အကြောင်း

အရာများသာ ဖြစ်ပြီး ဗွီဒီယိုတစ်ပုဒ်ဆိုပါက ကျော်ပစ်၍ ရသည့် အပိုင်းများ ဖြစ်လေသည်။

ခေတ္တကြာပြီးနောက် လုရင်း ပြောပြလို့ ပြီးသွားပြီး သတင်းစာ ရှင်းလင်းပွဲ၏ နောက်ဆုံးအဓိက အချိန်အပိုင်းအခြားသို့ ရောက်ရှိလာခဲ့သည်။

"ဒီတစ်ခေါက် ကျွန်မတို့ တီထွင်ထားတဲ့ ချစ်ပ်နည်းပညာဟာဆိုရင် အဆင့်အမြင့်ဆုံး နည်းပညာတွေကိုပဲ အသုံးပြုထားပြီးတော့ အကောင်းဆုံး ပစ္စည်းတွေကိုပဲ အသုံးပြုထားတာပါ... ဒါကြောင့်မို့ ဒီရဲ့နည်းပညာက နောင်ငါးနှစ်လောက်ထိ ခေတ်ရှေ့ပြေးနေလိမ့်မယ်လို့ ယုံကြည်ပါတယ်... "

"FW , MIPS , Nand gate နဲ့ တခြားသော နည်းပညာ မူပိုင်ခွင့် နှစ်ဆယ်နဲ့အတူ ဒီရဲ့နည်းပညာက ပြည်တွင်းချစ်ပ်နယ်ပယ်ကို တိုးတက်ပြောင်းလဲမှုတွေ ဖြစ်ပေါ်သွားစေလိမ့်မယ်လို့ ကျွန်မ ယုံကြည်ပါတယ်... တစ်ချိန်တည်းမှာပဲ ဟွာရှက နိုင်ငံတကာ ချစ်ပ်နယ်ပယ်ရဲ့ စံချိန်စံနှုန်းတွေကို လိုက်မှီဖို့ရာ မဝေးကွာတော့ပါဘူး... ဒီလမ်းကြောင်းက ခက်ခဲလိမ့်မယ်ဆိုတာ ကျွန်မတို့ နားလည်တယ်... ဒါပေမယ့် လုံရှင်းကတော့ သေချာပေါက် ဇွဲမလျှော့ပဲ ဆက်လျှောက်သွားမှာပါပဲ....ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ရှင့်... "

လုရှင်း ပြောကြားပြီးနောက် ကျယ်လောင်သည့် လက်ခုပ်တီးသံများ ပေါ်ထွက်လာလေသည်။

၎င်းတို့အတွက်တော့ နည်းပညာ အသစ်များ ဆန်းသစ်တီထွင်မှုမှာ ခေတ်သစ်တစ်ခုသို့ ရောက်ရှိသွားစေလိမ့်မည်ဟု ယုံကြည်ကြသည်။ သုတေသန နယ်ပယ်တွင် နှစ်ပေါင်းများစွာ မြှုပ်ကုပ်နေခဲ့သည့် လုံရှင်းစင်တာမှာ ယခု တစ်ကြိမ် ခြေလှမ်းကြီးကြီးမားမား လှမ်းပြသွားခဲ့ပြီး တစ်ချီတည်းနှင့် ထိပ်ဆုံးသို့ မြင့်တက်လာခဲ့လေသည်။

ဩဘာပေးသံများကို လုရင်း နားအရသာခံနေစဉ်  မညီမညာ စည်းဝါးမကျသည့် အသံဆိုးကြီးတစ်သံ ပေါ်ထွက်လာခဲ့၏။

"မစ်လု... ကျွန်တော် မေးခွန်း နည်းနည်းလေး မေးချင်လို့ပါ..."

ချောင်ရှန့်ယွီ၏ စကားလုံးများက လူတိုင်း၏ အာရုံကို ဆွဲဆောင်သွားခဲ့သည်။

သူက ဘာလို့ ဒီအချိန်ကျမှ မတ်တပ်ရပ်လာရတာလဲ...

ချောင်ရှန့်ယွီ မတ်တပ်ရပ်လိုက်သည်ကို မြင်တော့ လင်းရှီ ရေးရေးလေး ပြုံးလိုက်သည်။

"ဒီသောက်ရူးက ဆက်မစောင့်နိုင်တော့ဘူးထင်တယ်.... ပြီးတော့ ပေါ်လာတာလည်း အချိန်ကိုက်ပဲ... ဒီကောင် ဒီလောက်ထိ အချိန်တိကျလိမ့်မယ်လို့တောင် ထင်မထားဘူး…"

## အခန်း (၅၂၀)

## လုံရှင်းရဲ့တာဝန်ရှိသူကို ဖိတ်ခေါ်လိုက်ရအောင်

ချောင်ရှန့်ယွီ မတ်တပ်ရပ်လိုက်သည်ကို မြင်တော့ အဓိက လူတော်တော်များ သူ့ကို မှတ်မိသွားကြသည်။

ချောင်ရှန့်ယွီ။

Cisco ၏ အနာဂတ် ဆက်ခံသူများထဲမှ လျာထားခြင်းခံရသူ။

ချောင်ရှန့်ယွီ အဘယ်ကြောင့် ဤနေရာသို့ ရောက်နေလဲဆိုတာကို လူတိုင်း နားလည်ပေး၍ ရသည်။ မည်သို့ပင်ဆိုစေ ယခု သတင်းစာရှင်းလင်းပွဲက ၎င်းတို့၏ ပြိုင်ဘက်ဟောင်းကြီး ကျင်းပသည့် ပွဲပင်

မဟုတ်ပါလော။ ထို့ကြောင့် တက်ရောက်လာသည်မှာ သဘာဝပင်။

ချောင်ရှန့်ယွီကို မှတ်မိသူများထဲမှ တစ်ချို့တစ်လေ ရင်းနှီးသူများကတော့ ချောင်ရှန့်ယွီကို ပြုံးစစ ကြည့်လိုက်ကြသည်။

အချို့အတွင်းသတင်းများကြောင့် Cisco မှ ချစ်ပ်ဗားရှင်း 1.0 ကို လုံရှင်းထက် စောလျှင်စွာ ထုတ်လုပ်ပြီး ဖြစ်ကြောင်း သူတို့ သိထားကြလေသည်။

ထုတ်ကုန်အရည်အသွေးချင်း နှိုင်းယှဉ်မည်ဆိုပါလျှင်တော့ Cisco ၏ ထုတ်ကုန်များ၌ Bug error များ ရှိနေမည် မှာ မလွဲမသွေဖြစ်ပြီး လုံရှင်း၏ ချစ်ပ်ပး ဗားရှင်းလောက်တော့

ပြီးပြည့်စုံလိမ့်မည် မဟုတ်ချေ။ သို့သော်လည်း ယင်းက အန္တရာယ်ကင်းသည့် ပြဿနာ များဖြစ်၏။

အပြင်လူများ၏ ရှုထောင့်မှ ကြည့်မည်ဆိုပါက ကုမ္ပဏီနှစ်ခုမှာ တူညီသည့် နည်းပညာ တစ်ခုကို ထုတ်လုပ်ထားကြသည်။ သို့သော်လည်း ယခုနေရာတွင် နည်းပညာ မူပိုင်ခွင့်က စကားပြောလာလေသည်။ ထိုအခြေအနေကို ကောင်းမွန်စွာ နားလည်သည့် Cisco ကတော့ ခြေတစ်လှမ်းစောစွာ နည်းပညာ မူပိုင်ခွင့်ကို တင်ထားခဲ့သည်။

ယခု လုံးရှင်းမှ သတင်းစာ ရှင်းလင်းပွဲကို ကြီးကျယ် ခမ်းနားစွာ ကျင်းပပြီး ချစ်ပ်အသစ်ကို မိတ်ဆက်ပေးနေချိန်တွင် Cisco ဘက်မှ ဘာမျှ

မလုပ်ပဲထိုင်နေရန် မည်သို့မျှ မဖြစ်နိုင်ချေ။သူတို့
သချာပေါက် လာကို လာရမည်။

ယင်းကလည်း စီးပွားရေးလုပ်ရာတွင်
ပြိုင်ဘက်အချင်းချင်းက အနိုင်မခံ အရှုံးမပေး
အမြဲယှဉ်ပြိုင်နေကြခြင်းကြောင့်ပင်။

ရန်သူကို အပြီးတိုင် အဆုံးသတ်ခြင်းက ၎င်းဆို့၏ အန္တိမ
ရည်မှန်းချက်ကြီးဖြစ်၏။

ချောင်ရှုန့်ယွီ၏ တိုင်မင်မှာ အံကိုက်ဟု ပြော၍ရသည်။
ကျန်သည်ကတော့ လုံရှင်းဘက်မှ မည်သို့
ကိုင်တွယ်မလဲဆိုတာ မူတည်နေလေသည်။

သို့မဟုတ် မည်သို့သော နည်းလမ်းဖြင့် ကျရှုံးရန်
ရွေးချယ်မလဲ ဆိုတာကိုပင်။

မကြောင်နာစတမ်း ဆိုရလျှင်တော့ ဖြေရှင်းသည့်
နည်းလမ်းကသာ ကွဲပြားသွားပြီး
နောက်ဆုံးရလဒ်ကတော့ လုံရှင်း အဆုံး
သတ်ကိုသတ်ရမည်။

စင်နောက်တွင် မတ်တပ်ရပ်နေရင်း ချောင်ကျင်းချိုး၏
လက်ဖဝါးမှာ စိတ်လှုပ်ရှားလွန်း၍ ချွေးတို့ဖြင့်
စို့နေလေသည်။ Cisco နှင့် လုံရှင်းတို့၏
နှစ်ပေါင်းရှည်ကြာ တိုက်ပွဲကြီးမှာ ယခုအခါ
အရေးကြီးသည့် အခိုက်အတန့်သို့ ရောက်ရှိနေလေပြီ။
လက်ရှိ အခြေအနေအရ ခန့်မှန်းရလျှင် လုံရှင်းဘက်မှ

ခုခံရန် နည်းလမ်းမရှိတော့ချေ။ အသာလက်မြှောက်၍ အရှုံးပေးလိုက်သည်က အကောင်းဆုံး ရွေးချယ်မှုဖြစ်၏။

"ကျွန်မတို့ရဲ့သတင်းစာ ရှင်းလင်းပွဲကို တက်ရောက်လာပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် မစ္စတာချောင်... ကျွန်မတို့ဘက်က မစ္စတာချောင်ရဲ့ အဖိုးတန်တဲ့ အကြံပြုချက်ကို နားစွင့်နေပါတယ်...."

"ကျုပ်က အဲ့လို အမွှမ်းတင်ခံရဖို့ မထိုက်တန်ပါဘူး... ဒီတိုင်း လုံရှင်းရဲ့နည်းပညာ မူပိုင်ခွင့်နဲ့ ပတ်သက်ပြီးတော့ နည်းနည်းလေး မေးခွန်းထုတ်စရာ ရှိနေလို့ပါ...."

"ကောင်းပါပြီ... မစ္စတာချောင် ကျေးဇူးပြုပြီးပြောပါ...."

"ခုလေးတင် မိတ်ဆက်သွားတဲ့ထဲမှာ အရေးပါတဲ့ နည်းပညာတစ်ချို့ကို ခင်များတို့ အသင်းကပဲ တီထွင်ထားတယ်ဆိုတာ အမှန်ပဲလား... "

"အမှန်ပါပဲရှင့်..."လုရင်း ယဉ်ကျေးစွာ တုံ့ပြန်လိုက်သည်။

"ဒါပေမယ့် ကျုပ်ပြောချင်တာက ကျုပ်တို့ Ciscoဘက်ကလည်း လွန်ခဲ့တဲ့ သုံးလေးလကတည်းကရင် အဲ့ဒီ နည်းပညာ မူပိုင်ခွင့်တွေကို တင်ထားပြီးသွားပြီ... လုံရှင်းရဲ့ ချစ်ပ် ၁.၀ က Ciscoရဲ့ နည်းပညာမူပိုင်ခွင့်ကို ခိုးယူပြီးတော့ ထုတ်လုပ်ထားပါတယ်လို့ ပြောရင် ပိုမမှန်ဘူးလား...."

"ခိုးယူထားတဲ့ နည်းပညာနဲ့ ထုတ်လုပ်ထားတဲ့ ချစ်ပ်ကို ဒီလိုမျိုး ခမ်းခမ်းနားနား သတင်းစာ ရှင်းလင်းပွဲတွေလုပ်ပြီး ကြေညာနေတယ်ဆိုတော့ နည်းနည်းလေး ရယ်စရာ ကောင်းလွန်း မနေဘူးလား..."

ဟစ်......

ထိုစကားလုံးများ ချောင်ရှန့်ယွီ၏ နှုတ်မှ ထွက်လာပြီးနောက် လူတိုင်း အဆုတ်ထဲသို့လေအေးများ ပင့်ရှိုက်လိုက်ကြရသည်။ မူလက တိတ်ဆိတ်နေသည့် မြင်ကွင်းမှာ ချက်ချင်းလက်ငင်း ဆွေးနွေးသံများဖြင့် ဆူညံလာခဲ့တော့၏။

"လုံရှင်းက နည်းပညာ နယ်ပယ်မှာ အမြဲ ဂုဏ်သတင်း ကောင်းတဲ့ ကုမ္ပဏီပါပါဟ.. ဒါပေမယ့် သူများရဲ့ နည်းပညာကို ခိုးယူထားလိမ့်မယ်လို့ ထင်တောင် ထင်မထားဘူး..."

"ချောင်ရှန့်ယွိ ပြောသလိုမျိုးပဲ... သူတို့က ခိုးယူထားတဲ့ နည်းပညာနဲ့ ထုတ်လုပ်ထားတဲ့ ချစ်ပ်တွေကို ဂုဏ်ယူပြီး သတင်းစာရှင်းလင်းပွဲတောင်
လုပ်လိုက်သေးတယ်တဲ့လား... ဒါကြီးက မျက်နှာပြောင် တိုက်လွန်း မနေဘူးလားဟ... "

"ဒါ သတင်းကြီးပဲ.. သတင်းအကြီးစားကြီးပဲ ..
မြန်မြန်လေး ရေးမှတ်ကြစမ်းဟေ့....လုံရှင်းလို

နာမည်ကြီး ကုမ္ပဏီက သူများ နည်းပညာကို
ခိုးယူထားတယ်ဆိုပဲ...."

သတင်းထောက်များလည်း လက်တော့ကိုယ်စီကိုင်၍
လက်တွင် စက်တပ်ထားသည့်အလား
စာရိုက်လိုက်ကြသည်။

စင်၏ ထောင့်တစ်နေရာတွင် ရပ်နေသည့်
ချောင်ကျင်းချိုးကတော့ လုရင်းကို သနားသည့်
မျက်ဝန်းတို့ဖြင့် ကြည့်နေလေသည်။

ရက်အနည်းငယ်ကြာ ပေါင်းသင်းဆက်ဆံပြီးနောက်
သူမ ထိုအမျိုးသမီးအကြောင်း ကောင်းစွာ
နားလည်ထား၏။

သူမမှာ စင်ဟွာ တက္ကသိုလ်မှ ကွန်ပျူတာသိပ္ပံတွင် PhD ဘွဲ့ရထားပြီး အင်မတန် အရည်အချင်း ပြည့်ဝသည့် မိန်းမသား တစ်ယောက်ပင်။ သို့သော်လည်း ယခုလို PR ကိစ္စနှင့် ဆက်စပ်သည့် ပြဿနာများကို ကိုင်တွယ်ဖြေရှင်းဖို့ရာတော့ သူမ စွမ်းသာလိမ့်မည် မဟုတ်ချေ။

သူမတို့၏ ဒါရိုက်တာ စွန်းဖုယွီလည်း ထိုနည်းလည်းကောင်းပင်။ ခိုးယူထားပါသည်ဟူသော အမှန်တရားကို လက်ခံရုံမှတစ်ပါး ကျန်သည့် ရွေးချယ်စရာ လမ်းမမြင်ချေ။

သို့သော်လည်း လုရင်းမှာ အတော်လေး တည်ငြိမ်နေခဲ့၏။

ယခုလို အခြေအနေမျိုးနှင့်
ရင်ဆိုင်နေရချိန်တွင်တောင်မှ သူမ မျက်မှာ တစ်ချက်
ပျက်မသွားပေ။ သာမန်လူဆိုလျှင်တော့
ယခုလိုအခြေအနေမျိုးနှင့် ကြုံတွေ့ရမည်ဆိုပါက
အထိတ်ထိတ် အလန့်လန့် ဖြစ်သွားမည်မှာ
မြေကြီးလက်ခတ် မလွဲပင်။

"ကျွန်မ တကယ့်ကို အားနာပါတယ် မစ္စတာချောင်.....
စိတ်တော့ မရှိပါတဲ့.....ကျွန်မ
ဒီမေးခွန်းကို  မဖြေဆိုနိုင်ပါဘူး.."

လူတိုင်း၏ အကြည့်မှာ လုရင်းထံ ကျရောက်သွားခဲ့၏။

သူမမှာ လုံရှင်း၏ ကိုယ်စားပြုပြင်။ ယခု ထိုသို့ ပြောဆိုလိုက်သည်က လုံရှင်းမှ ရှုံးနိမ့်ကြောင်း ဝန်ခံလိုက်သည်နှင့် အတူတူပဲ မဟုတ်ပါလော။ ထိုသို့ဆိုလျှင် လုံရှင်းမှာ မကြာမီ အတိတ်ရှိ သမိုင်းမှတ်တမ်းများထဲတွင်သာ ကျန်ရစ်ခဲ့ပေတော့မည်။

ချောင်ရှန့်ယွီ ပခုံးတွန့်လိုက်ပြီး "မစ်လုက ကျုပ်မေးခွန်းကို မဖြေနိုင်ဘူးဆိုရင် ဖြေနိုင်မယ့်သူ တစ်ယောက်ယောက်ကို ခေါ်လိုက်လေ... တကယ်လို့ ဒီ နည်းပညာ ခိုးယူထားတဲ့ ကိစ္စကို ဖြေရှင်းချက် ကောင်းကောင်း မပေးနိုင်ဘူးဆိုရင်တော့ အကျိုးဆက်ကို လက်ခံဖို့ အသင့်ပြင်ထားတာ ကောင်းမယ်နော...."

"မပူပါနဲ့... ကျွန်မတို့ဘက်က လက်ခံနိုင်လောက်တဲ့ ဖြေရှင်းချက်ကို ထုတ်ပြန်ပေးသွားမှာပါ...." လုရင်း ပြောပြီးနောက် မိုက်ကို ကိုင်ကာ " ခု မစ္စတာချောင်ရဲ့မေးခွန်းကို ဖြေဆိုပေးဖို့အတွက် လုံရှင်းရဲ့ဥက္ကဌကို စင်ပေါ်ကြွပေးဖို့ ဖိတ်ခေါ်ပါရစေ.... "

ထိုအခိုက်အတန့်တွင် လုရင်း၏ အမူအရာထဲ၌ တုန်လှုပ်ခြင်း မျှင်းမျှင်းကလေးမျှ ရှိမနေချေ။ ထိုအစား လင်းရီအပေါ် လေးစားမှုတို့သာ တရိပ်ရိပ် တိုးပွားလာခဲ့ရ၏။

သူမရှေ့ရှိ ဖြစ်ပျက်နေသမျှမှာ လင်းရီ ခန့်မှန်းထားသည့်အတိုင်း ဆံချည်တစ်မျှင်စာမျှ

လွဲချော်ခြင်း မရှိပေ။ ချောင်ရှန့်ယွီ၏ မသတိစရာ
မျက်နှာ အမူအရာကိုပင် သူမတို့၏ ဥက္ကဌမှ
တိကျမှန်ကန်စွာ ခန့်မှန်းပြသွားခဲ့လေသည်။

သူမ သူဌေးက နတ်ဘုရား ဝင်စီးထားသလားပဲ...

ထိုအချိန်တွင်တော့ လူတိုင်း၏ အကြည့်မှာ
စွန်းဖုယွီထံသို့ စုပြုံသွားခဲ့ကြသည်။  လုံရှင်း သုတေသန
စင်တာ၏ ဒါရိုက်တာဖြစ်သောကြောင့် သူ
စင်ပေါ်တက်ရမည့် အလှည့်ပင်။

သို့သော်လည်း
စက္ကန့်အနည်းငယ်ကြာပြီးနောက်  စွန်းဖုယွီမှာ  သူ၏
ထိုင်ခုံပေါ်တွင်သာ မြဲမြံစွာ ထိုင်နေပြီး စင်ပေါ်သို့

တက်ရန် ရည်ရွယ်ချက်မရှိကြောင်း လူတိုင်း သတိထားမိသွားကြ၏။

ယင်းက ရောက်ရှိနေကြသည့် လူတိုင်းကို ပဟေဠိ ဖြစ်သွားစေသည်။

ခုက စင်ပေါ်တက်ပြီး ငြင်းခုန်ရမယ့် အချိန်မဟုတ်ဘူးလား... ဘာလို့ ထိုင်ခုံမှာ မိန့်မိန့်ကြီး ထိုင်နေတာလဲတဲ့...

လူတိုင်း ရှုပ်ထွေးနေစဉ် လူငယ်တစ်ယောက် သူ၏ ထိုင်ခုံမှ ထလာခဲ့သည်။

အစကတော့ တစ်ယောက်ယောက်မှ အပေါ့အလေး သွားရန် သို့မဟုတ် ဖုန်းဖြေရန် ထလိုက်သည်ဟု ယူဆလိုက်ကြရင်း များစွာ အာရုံထားမနေကြချေ။

သို့သော်လည်း အားလုံးကို အံ့အားသင့်သွားစေသည်က ထိုလူငယ်မှာ မတ်တပ်ရပ်ပြီးနောက် စင်ဘက်သို့ ဦးတည်လိုက်လေသည်။ ပို၍ အံ့အားသင့်ဖို့ကောင်းသည်က သူ့ထံတွင် စင်ပေါ်သို့ တက်ရန် ရည်ရွယ်ချက် ရှိနေခြင်းပင်။

ကျီချင်းရန်နှင့် ကျန်သူများကတော့ လင်းရီ၏ ပုံရိပ်ကို မြင်တွေ့လိုက်ရသည့် အတွက် အံ့အားသင့်သွားကြသည်။

"ဘာတွေဖြစ်နေတာလဲ... ဘာလို့ လင်းရီက စင်ပေါ်တက်သွားရတာလဲ..."

ဟော်ယွမ်ယွမ်နှင့် ချီရှန်းကျောက်တို့လည်း ထပ်တူညီစွာ ရှုပ်ထွေးသွားခဲ့ကြသည်။

ဒီကိစ္စက သူမတို့ ဘော့စ်နဲ့ တစ်ခုခု ဆက်စပ်နေတာများလား...

'အဲ့လိုတော့ မဟုတ်လောက်ပါဘူးနော...'

"ဘာဖြစ်နေလဲဆိုတာ မသိပေမယ့် ဘော့စ်တစ်ခုခု လုပ်တော့မယ်ဆိုတာတော့ သေချာတယ်..."

ကျီချင်းရန်နှင့် ချီရှန်းကျောက်တို့ ထပ်ခါတလဲလဲ ခေါင်းညိမ့်လိုက်ကြသည်။ လင်းရီ၏ အမူအကျင့်အရ သူ တစ်ခုခု နည်းလမ်းမကျ တစ်ခုခုလုပ်ပြီဆိုပါက တစ်စုံတစ်ဦးတော့ ခံစားသွားရစမြဲပင်။

ယခုတစ်ခေါက် ခံရမည့် သူကိုတော့ နှစ်ခါတွေးတောနေစရာ မလိုပေ။ ယင်းကတော့ Cisco အလှည့်ဖြစ်၏။

ချောင်ရှန့်ယွီနှင့် ချောင်ကျင်းချိုးတို့လည်း ရှော့ခ်ရသွားခဲ့ကြသည်။ စင်ပေါ်တွင် လင်းရီ၏ ပုံရိပ် ပေါ်လာသည်က သူမတို့၏ ခေါင်းများကို မှုံးနှောက်သွားကြလေသည်။ မကောင်းသည့်

ခံစားချက်တို့က သူတို့ ရင်ဘက်ထဲ
ပေါက်ဖွားလာခဲ့ကြ၏။

"အဲ့ကောင်က ဘာလို့ စင်ပေါ် ရောက်နေရတာလဲဟ...."

"မင်းတို့ နှစ်ယောက်က အချင်းချင်း
သိကြတယ်လား...."ချောင်ကျားတုံး
အံ့အားသင့်နေဟန်ဖြင့် မေးမြန်းလိုက်သည်။

"အဖေ... Sci-tech က စက်ရုံဒါရိုက်တာဆိုတာ
သူပဲလေ... ကျွန်တော် သူ့ဆီကနေပဲ Sci-tech ကို
တစ်ဖွဲ့ချင်း ဖွဲ့ယူထားတာ.... "

"သူက Sci-techစက်ရုံ ဒါရိုက်တာဆို ငါ လခွမ်းမို့လို့ စင်ပေါ်ရောက်နေတာလားကွ... လုံရှင်းနဲ့ တစ်နည်းမဟုတ် တစ်နည်း ဆက်စပ်နေလို့ပဲလေ..."

"မဖြစ်နိုင်ဘူး အဖေ... လုံးဝ လုံးဝ မဖြစ်နိုင်ဘူး... သူက လောင်းကစားလုပ်ဖို့လောက် သိတဲ့ အရူးတစ်ယောက်... ဘယ်လိုလုပ်ပြီး လုံရှင်းသုတေသန စင်တာရဲ့ခေါင်းဆောင် ဖြစ်နိုင်မှာ...."

ထိုသို့ ပြောလိုက်သော်လည်း လင်းရီ အဘယ်ကြောင့် စင်ပေါ်ရောက်နေလဲဆိုတာ ချောင်ရှန့်ယွီ ကိုယ်တိုင်လည်း မသိချေ။

ယင်းက လက်ရှိ လူတိုင်း စဉ်းစားနေကြသည့် မေးခွန်းတစ်ခု ဖြစ်၏။

သူတို့အားလုံး စွန်းဖုယ္ဒီက ဒါရိုက်တာဖြစ်တယ်ဆိုတာ သိကြလေသည်။

ဒါဆို ဒီကောင်က ဘာလားဟ...

လင်းရီ သူမဘေးနား ရောက်ရှိလာသည်ကို မြင်တော့ လုရင်း ပြုံးလျက် မိတ်ဆက်ပေးလိုက်၏။

"ညှော့ပရိတ်သတ် အပေါင်းတို့ကို မိတ်ဆက်ပေးပါရစေ.....အခု ကျွန်မဘေးမှာ ရပ်နေတဲ့သူကတော့ လုံရှင်း သုတေသန စင်တာနဲ့ ဥက္ကဌ လင်းရီပဲ ဖြစ်ပါတယ်ရှင်... သူကပဲ မစ္စတာချောင်ရဲ့ မေးခွန်းကို ဖြေကြားပေးသွားမှာပါ... "

## အခန်း (၅၂၁)

## အဖြေကို ထုတ်ပြောဖို့ အချိန်ပဲ

"လင်းရီက တကယ်ကြီး လုံရှင်းစင်တာရဲ့ဥက္ကဌလား..."

အဆိုပါ သတင်းက လက်ရှိ ရောက်နေကြသည့် သူများအကြား ဗုံးတစ်လုံးကဲ့သို့ ပေါက်ကွဲသွားခဲ့သည်။

ကျီချင်းရန် သူမ၏ ရွှန်းစိုးနေသည့် မျက်ဝန်းတို့ဖြင့် ဟော်ယွမ်ယွမ်ကို ကြည့်လိုက်သည်။ "လင်းရီ ဘယ်အချိန်တုန်းက လုံရှင်းရဲ့ဥက္ကဌ ဖြစ်လာတာလဲတဲ့...."

ဟော်ယွမ်ယွမ် ပခုံးတွန့်လိုက်ပြီး "ညီမလည်း ဘယ်သိမှာ...."

"နင်က သူ့ဝန်ထမ်း မဟုတ်ဘူးလား... ဒါလေးတောင် မသိဘူးလားဟဲ့.."

"မမ... အဲ့တာဆို ရှင်ကျတော့ကော... ရှင်တို့နှစ်ယောက်က နေ့တိုင်း အတူအိပ်နေကြပြီးတော့ မသိရင် ကျွန်မတို့က ဘယ်လိုသိမှာလဲလို့..."

"ငါတို့က ကျိုကျိုးဗီလာမှာ အတူနေရုံလေးပဲ... နင် မဟုတ်တာတွေ လျှောက်မပြောစမ်းနဲ့..."

နှစ်ယောက်လုံး ထိုမျှလောက်နှင့် ရပ်တန့်လိုက်ကြပြီး ဆက်ခွပ်ကြဖို့ စိတ်မရှိကြသေးချေ။

ယခု အချိန်တွင်တော့ သူမတို့၏ စိတ်ထဲတွင် မေးခွန်း သင်္ကေတ အကြီးစား ဖြစ်ပေါ်နေလေသည်။

သူ လုံရှင်းကို ဘယ်တုန်းက ဝယ်လိုက်တာလဲ...

စင်နောက်တွင်တော့ လုရင်း၏ စကားကို နားထောင်ပြီးနောက် ချောင်ကျင်းချိုး ဟန်ချက်ပျက်ကာ လဲကျလုနီးပါး ဖြစ်သွားခဲ့သည်။

သူမစိတ်ထဲတွင် ဗလာကျင်းနေပြီး အတွေးတစ်ခုတည်းကသာ ကြီးစိုးနေလေသည်။

ပူပေါင်းကြံစည်ထားတာ....

ဒါသေချာပေါက် ပူးပေါင်းကြံစည်ထားတာပဲ...

စွန်းဖုယ္ဝီနဲ့ လုရင်းက သူမဆီလာပြီး
သတင်းစာရှင်းလင်းပွဲ လုပ်ပေးဖို့ တောင်းဆိုတာက
တိုက်ဆိုင်မှုတစ်ခု မဖြစ်နိုင်ဘူး...

လင်းရီက သေချာပေါက် အမှောင်ထဲကနေ
ထိန်းချုပ်နေတာပဲ ဖြစ်ရမယ်...

သူ ဘာတွေလုပ်ဖို့ ကြိုးစားနေတာလဲတဲ့....

စက္ကန့်အနည်းငယ်ကြာပြီးနောက် သူမ၏
နိမ့်ချည်မြင့်ချည် ဖြစ်နေသည့် ရင်ဘက်ကြီးကို
အသက်ပြင်းပြင်းရှူပြီး စိတ်တည်ငြိမ်အောင်
ပြုလုပ်လိုက်သည်။

ထို့နောက် သူမ ခေါင်းအေးအေးထား၍

စတင်စဉ်းစားတော့၏။

မည်သည့် ရှုထောင့်မှကြည့်စေကာမူ Cisco ဘက်မှ

အသာစီး အနေအထားကြီးပင်။

လုံရှင်းအတွက် အခန်းကဏ္ဍ မရှိချေ။

အကယ်၍ လင်းရီက လုံရှင်း၏

ခေါင်းဆောင်ဖြစ်နေလျှင်တောင် တူညီသည့် နိဂုံးဖြင့်

အဆုံးသတ်ရပေမည်။

ယင်းကလည်း Cisco ၏ ချစ်ပ် ၁.၀ နည်းပညာမှာ

နိုင်ငံထဲတွင် အဆင့်အမြင့်ဆုံး နည်းပညာ တစ်ရပ်

ဖြစ်နေသောကြောင့်ပင်။ ဤအမှန်တရားကို

လက်ကိုင်ထားနေသ၍ မည်သူကမျှ Cisco ကို လှုပ်ခါနိုင်စွမ်း ရှိလိမ့်မည် မဟုတ်ချေ။

ထိုသို့ ဆိုလျှင်တောင် ချောင်ကျင်းချိုး မနေနိုင်ပဲ စိုးရွံ့နေမိ၏။ ယင်းကလည်း စင်ပေါ်တွင် ရပ်နေသူမှာ လင်းရီ ဖြစ်နေသောကြောင့်ပင်။

အနှီ လင်းရီမှာ တစ်ကြိမ်တစ်ခါမျှ မဆုံးရှုံးဖူးသည့်အပြင် ကြိုတင်ပြင်ဆင်ထားခြင်း မရှိသည့် တိုက်ပွဲကို တိုက်လိမ့်မည် မဟုတ်ကြောင်း သူမ ကောင်းမွန်စွာ နားလည်ထားလေသည်။

ဒါဆိုရင် သူ့ရဲ့အဓိက ရည်မှန်းချက်က ဘာများ ဖြစ်မလဲ...

"မစ္စတာချောင်... မတွေ့ရတာတောင်
အတော်ကြာပြီ....."

လင်းရီ လုရင်း ကမ်းလာသည့် မိုက်ကို ယူရင်း ပြုံးလျက်
ဆိုလိုက်သည်။

ချောင်ရှန့်ယွီကတော့ သူ့မိန်းမ တခြားသူနောက်
ပါသွားသကဲ့သို့ အံတကြိတ်ကြိတ်ဖြင့် လက်သီး
ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်သည်။

ယနေ့ စင်ပေါ်ရောက်နေသည့် လင်းရီမှာ ယခင်
သူတွေ့မြင်နေကျ ကလေကချေ လင်းရီပုံစံနှင့်
လားလားမျှ မအပ်စပ်ပေ။

ဒီကောင် ဘာလုပ်ချင်နေတာလဲ....

"ဥက္ကဌလင်း... မင်းဘက်က ဒီရဲ့မှတ်ပုံတင်ထားတဲ့ နည်းပညာ မူပိုင်ခွင့်တွေနဲ့ ပတ်သက်ပြီး ဖြေရှင်းချက်တစ်ခု ပေးမယ်လို့ မျှော်လင့်တယ်... ဘာလို့ Cisco ရဲ့နည်းပညာကို ခိုးယူခဲ့တာလဲ...."

"ခင်များတို့ရဲ့နည်းပညာကို ခိုးယူတယ်..."လင်းရီ အံ့အားသင့်သွားဟန်ဖြင့် အသံကို အနည်းငယ် မြင့်လိုက်ပြီး "တကယ်ကြီးလား... Cisco ကနေ ဘယ်ရဲ့ နည်းပညာကို ခိုးယူလိုက်တာ... တစ်ခုချင်း ထောက်ပြစမ်းပါဦး...."

"လာပြီး ရှုးချင်ယောင် ဆောင်မနေနဲ့..."ချောင်ရှန့်ယွီ အေးစက်စွာ ဆိုလိုက်ပြီး "မင်းတို့ရဲ့ချစ်ပ်ထဲမှာ Cisco ရဲ့FW ,MIPS ,Nand Gates တွေအပြင် နောက်ထပ်

နည်းပညာပေါင်း နှစ်ဆယ်ကျော်ကို အကုန် ခိုးသုံးထားတာ မဟုတ်ဘူးလား...."

"နိုး နိုး နိုး ...ဒါတော့ မဟုတ်သေးဘူး..."လင်းရီ သူ၏ လက်ညှိုးကို ဝှေ့ယမ်းလိုက်ပြီး "မစ္စတာချောင် ... အဲ့တာတွေက နည်းပညာ အခေါ်အဝေါ်သပ်သပ်ပဲ... ဘာမှ သေချာ ရှင်းပြနိုင်တာ မဟုတ်ဘူး... ဒီလိုဆို ကျုပ်မေးပါဦးမယ်... တစ်ကမ္ဘာလုံးမှာချောင်ရှန့်ယွီဆိုတဲ့ နာမည်ကို ခင်များတစ်ယောက်တည်း အသုံးပြုခွင့် ရှိတာလား... ဒါမှမဟုတ် ကျန်တဲ့သူတွေ အသုံးပြုရင်ကော တရားမဝင်ဘူးလား... ပြီးတော့ ခင်များနဲ့ နာမည်တူရင်တောင်မှ ရုပ်ချင်းဆင်တူမယ်ဆိုတာ ဘာလို့ ဒီလောက်ထိ သေချာနေရတာ.... "

"မင်း ဘာပြောချင်နေတာလဲ.... "

"ရှင်းရှင်းလေးပါ... "လင်းရီ ပြောလိုက်ပြီး "တကယ်တော့ ဒီနေ့ ကျုပ်တို့ရဲ့သတင်းစာ ရှင်းလင်းပွဲကြီးက ချစ်ပ် ၁.၀ ကို ကြေညာဖို့အတွက် မဟုတ်ဘူး..."

ထိုစကား ပြောလျှင်ပြောချင်း စင်အောက်ရှိလူအုပ်ကြီးမှာ ဆွေးနွေးသံများဖြင့် တစ်ဖန် ကျွတ်စီညံသွားပြန်သည်။

သူတို့က ချစ်ပ် ၁.၀ နည်းပညာကို မကြေညာဘူးဆိုရင် ဘာကို ကြေညာမလို့လဲ...

ဒီထက် ပိုမြင့်တဲ့ ချစ်ပ်များ ဖြစ်နိုင်မလား....

ဒါပေမယ်.... အဲ့တာကြီးက မဖြစ်နိုင်လု နီးပါးပဲလေ....

"အားလုံးပဲ စိတ်ငြိမ်ငြိမ်ထားကြပါ..."လင်းရီ အပြုံးလေးဖြင့် လက်ကာပြလိုက်ပြီး "အမှန်တော့ ကျုပ်တို့ ထုတ်လုပ်မှာကလည်း ချစ်ပ်နည်းပညာ ဖြစ်နေတုန်းပါပဲ.. ဒါပေမယ့် ၁.၀ တော့ မဟုတ်ဘူး... ပိုပြီး အဆင့်မြင့်တဲ့ ၂.၀ပဲ "

"ကျုပ်တို့ လုံရှင်းက ချစ်ပ်ဗားရှင်း ၂.၀ ကို ထုတ်လုပ်မှာပါ...."

ယင်းစကားလုံးများက လူတိုင်း၏ နားထဲတွင် မိုင်းခွဲသံအလား ဟိန်းထွက်သွားခဲ့သည်။

ပြည်တွင်းထဲမှာ ချစ်ပ် ၁.၀ ကို ထုတ်လုပ်နိုင်တာတောင် မကြာသေးဘူး... လုံရှင်းက ချစ်ပ် ၂.၀ တောင် ထုတ်လုပ်ပြီးနေပြီ တဲ့လား....

တကယ်တမ်းဆို Intel ရဲ့နည်းပညာတောင်မှ ၂.၀ ပဲ ရှိသေးတာလေ...

တစ်ခြားနည်းနဲ့ ပြောရရင် လုံရှင်းရဲ့နည်းပညာက ကမ္ဘာ့အဆင့်မှီတယ်လို့ ပြောနေတာပဲ မဟုတ်ဘူးလား....

ဒါကြီးက လုံး၀ကို ရူးလောက်စရာ သတင်းပဲဟ...

ချောင်ရှန့်ယို ဟန်ချက်ပျက်ပြီး လဲကျလု မတတ်
ဖြစ်သွားခဲ့၏။

ရှေ့နှစ်လ သုံးလ လောက်ကမှ လုံရှင်း ချစ်ပ် ၁.၀
အတွက် အရင်းအမြစ်ကုတ်ကို ရေးသားနိုင်ခဲ့တာ လေ...
ခု ဘယ်လောက်တောင် ကြာသေးလို့လဲ... တကယ်ကြီး
၂.၀ ကို ထုတ်လုပ်နိုင်နေပြီတဲ့လားဟ....

အဲ့ဒီ အမြန်နှုန်း... အဲ့ဒီအမြန်နှုန်းကြီးက နည်းနည်းလေး
ကြောက်စရာ မကောင်းလွန်းဘူးလား...

"စီးပွားရေးလုပ်ရင် အရှက်ကင်းမဲ့မှ ဖြစ်မယ်လို့ ကျုပ်
စာအုပ်တစ်အုပ်မှာ ဖတ်ဖူးတယ်...
အဲ့ဒီစကားလုံးကိုလည်း ကျုပ် အခိုင်အမာ
ယုံကြည်တယ်... ဒါပေမယ့် Cisco က

ကျုပ်ယုံကြည်ချက်ကို ပိုပြီး ခိုင်မာသွားအောင် သက်သေပြလိုက်လိမ့်မယ်လို့တော့ မထင်ထားမိဘူး...."

" မစ္စတာချောင် ....လွန်ခဲ့တဲ့ နှစ်လ သုံးလ လောက်တုန်းက ကျုပ်တို့လုံရှင်းက ချစ်ပ် ၁.၀ ကို တီထွင်ပြီးသွားပြီ... ဒါပေမယ့် Cisco ကလုံရှင်းရဲ့ သုတေသန ပညာရှင်ကို မက်လုံးပေးပြီး ဆွဲခေါ်သွားတယ်... ချစ်ပ်ရဲ့နည်းပညာကို ခိုးချတယ်... ပြီးတော့ ခင်များတို့ဘာသာ တီထွင်တယ်ဆိုပြီး ခေါင်းစဉ်တပ်လိုက်တယ်... ဒီလို အရှင်ကင်းမဲ့တဲ့ နည်းလမ်းမျိုးကို ကျုပ်တို့လို ဂျူနီယာလေးတွေ သေချာပေါက် နမူနာယူသင့်ပါတယ်...... "

"ဒါပေမယ့် အထွေအထူးတော့ မပြောလိုပါဘူး...
စီးပွားရေး လုပ်တဲ့နေရာမှာ ပြိုင်ဘက် အချင်းချင်းက
သူသေ ကိုယ်ကြေ ချကြတာကြီးပဲမဟုတ်လား....
ခင်များတို့က ကျုပ်တို့ရဲ့နည်းပညာကို
ခိုးယူသွားတယ် ... ရတယ် ယူလိုက်... ဒါပေမယ့် ခု
ကျုပ်တို့က  နည်းပညာ ၂.၀ ကို ထုတ်လုပ်နိုင်လာခဲ့ပြီ...
Cisco ဘက်က ဘယ်လိုတွေ ဆက်ပြီး
ယှဉ်ပြိုင်သွားဦးမလဲဆိုတာ မြင်ချင်စမ်းပါဘိ.... "

ဘုန်း....

ချောင်ရှန့်ယွီ ထိုင်ခုံပေါ်သို့ ပုံလျက်သား
လဲကျသွားခဲ့သည်။ သူ၏ ခန္ဓာကိုယ်ရှိ

စွမ်းအင်များအားလုံး စုပ်ယူခံလိုက်ရပြီး အသက်ရှုဖို့ပင် ခွန်အား မရှိတော့ချေ။

"ဘာလို့လဲ.. ဘာလို့ ဒီလိုတွေ ဖြစ်လာရတာလဲ... ဘာလို့လဲ.........."

ချောင်ကျင်းချိုးလည်း ထိုနည်းလည်းကောင်းပင်။ စင်အနောက်ဘက်ရှိ သူမ၏ မျက်နှာမှာ သေမတတ် ဖြူလျော်နေလေသည်။

လင်းရီက ဘယ်တော့မှ အရှုံးမရှိဘူးပဲ...

ယခု လုံရှင်းမှ ချစ်ပ်နည်းပညာ ၂.၀ကို ထုတ်လုပ်လိုက်သောကြောင့် Cisco ၏ အနာဂတ်မှာ သေချာပေါက် ခက်ခဲတော့မည်။

လှုပနေခဲ့သည့် ရှယ်ယာတန်ဖိုးတို့မှာလည်း မကြာမီ
အတိတ်၏ ပုံရိပ်တို့ ဖြစ်သွားပေတော့မည်။

သံသယရှိရန် မလိုချေ။ Cisco မှာ
ဆုံးခန်းတိုင်သွားခဲ့ချေပြီ။

ချောင်ကျင်းချိုး နဖူးကို နာကျင်စွာ ဖိကပ်ထားလိုက်၏။
သူမအပါအဝင် ချောင်မိသားစုရှိလူတိုင်း လင်းရီ၏
အရှုံးလုပ်ခြင်းကို ခံလိုက်ရလေသည်။

"ကောင်းပြီ... ကျုပ်ဘက်ကတော့ လက်ခံနိုင်တဲ့
အဖြေကို ပြောပြပြီးသွားပြီ... ကျန်တာကိုတော့
ပရော်ဖက်ဆာလုကပဲ ဆက်ရှင်းပြပေးသွားလိမ့်မယ်..
အားလုံးပဲ မင်္ဂလာရှိတဲ့ နေ့လေးတစ်နေ့ ဖြစ်ပါစေ..."

လင်းရီ စတိတ်စင်ပေါ်မှ ဆင်းလာခဲ့ပြီး ကျန်သည့် presentation ကို လုရင်းထံ လွှဲထားခဲ့လိုက်သည်။ လုရင်းနှင့် စွန်းဖုယွီတို့၏ အရည်အချင်းဖြင့် ဆိုပါက ကျန်သည့်ကိစ္စများကို ဦးဆောင်သွားဖို့ရာ ပြဿနာ ရှိလိမ့်မည် မဟုတ်ချေ။

လင်းရီ စင်ပေါ်မှ ဆင်းလာတော့ လူတိုင်း သောင်းသောင်းဖြဖြဖြင့် လက်ခုပ်တီးလိုက်ကြသည်။ ယခုဆိုလျှင် အနီလူငယ်လေးကို လူတိုင်း လေးစားသည့် အကြည့်တို့ဖြင့် ကြည့်ရှုနေကြလေသည်။

လင်းရီ ထွက်ခွာသွားသည်ကို မြင်တော့ ကျီချင်းရန်နှင့် ကျန်သူများလည်း နောက်မှ လိုက်လာခဲ့ကြ၏။

တစ်ချိန်တည်းတွင် ချောင်ရှန့်ယွီနှင့်
ချောင်ကျားတုံးတို့လည်း နေရာမှ ထလာခဲ့ကြသည်။
သူတို့ ယခုကိစ္စကို အတည်ပြုချင်နေသည်။

သတင်းစာ ရှင်းလင်းပွဲမှာ မပြီးဆုံးသေးသော်လည်း
ပွဲကျင်းပရာ နေရာတစ်ခုလုံးကတော့ ပရမ်းပတာ
ဖြစ်နေခဲ့၏။

အထူးသဖြင့် သတင်းထောက်များပင်။ လင်းရီကို
ခုန်အုပ်တော့မည့် အသွင် ဖြစ်နေကြပြီး
စောင့်ကြပ်နေကြသည့် လုံခြုံရေးကြောင့်သာ
မဟုတ်ပါက လင်းရီ အရိုးတခြား အသားတခြား
ဖြစ်နေလောက်ချေပြီ။ ထိုသို့ ဖြစ်ပျက်နေသည်ကိုလည်း
အပြစ်ဆို၍ မရချေ။ မည်သို့ပင်ဆိုစေ လင်းရီ

ပြောကြားသွားသည်များက ချစ်ပ်နယ်ပယ် တစ်ခုလုံးကို အကြီးအကျယ် ဂယက်ရိုက်သွားစေနိုင်သည် မဟုတ်ပါလော။

"ဥက္ကဌချီ.. ခင်များလည်း ဒီရောက်လာတာပဲလား..."

ချောင်ရှန့်ယွီနှင့် ချောင်ကျားတုံးတို့ ဟိုတယ်ဝင်ပေါက်ဝနား ရောက်သောအခါ အမှတ်မထင် ချီရှန်းကျောက်တို့ နှင့် ပက်ပင်းတိုးမိလေသည်။

သို့သော်လည်း သူတို့၏ မျက်လုံးထဲတွင်တော့ ချီရှန်းကျောက်မှာ Didi ရှယ်ယာပိုင်ရှင်၏ သားဖြစ်ပြီး ဟော်ယွမ်ယွမ်မှာ ၎င်း၏ အတွင်းရေးမှူးပင်။

ကံမကောင်းစွာဖြင့် ထိုသူနှစ်ဦးလုံးမှာ
သူတို့နှစ်ယောက်ကို လျစ်လျူရှုသွားခဲ့ပြီး လင်းရီထံသို့
တန်းမတ်စွာ ပြေးသွားခဲ့ကြ၏။

ယခုအခြေအနေ ရောက်နေမှတော့ သူမတို့ ဆက်လက်
ဟန်ဆောင်နေရန် မလိုအပ်တော့ချေ။

"ဘော့စ်.. စောင့်ဦးလို့... အတူသွားကြမယ်လေ... "

ဟော်ယွမ်ယွမ် လင်းရီကို မည်သို့ခေါ်လိုက်လဲဆိုတာ
ကြားသိတော့ ချောင်ကျားတုံးနှင့် ချောင်ရှန့်ယွီတို့
ကြက်သေသေသွားကြပြန်သည်။

"မစ်ဟော်... ခင်များက ဥက္ကဌချီရဲ့ အတွင်းရေးမှူး မဟုတ်ဘူးလား...ဘာလို့ လင်းရီကို ဘော့စ်လို့ ခေါ်လိုက်တာ.... "
ချောင်ကျားတုံး မရေရာသည့် လေသံဖြင့် မေးမြန်းလိုက်သည်။

"ကျွန်မက လင်းယွမ်အုပ်စုရဲ့ CFO လေ.. သူက ကျွန်မတို့ ကုမ္ပဏီရဲ့ စီအီးအို.. ကျွန်မက သူ့ကိုမှ ဘော့စ်လို့ မခေါ်ရင် ဘယ်သူ့ကို သွားခေါ်ရမှာ... "

လင်း... လင်းရီက လင်းယွမ် အုပ်စုရဲ့ ဘော့စ်...."

သားအဖ နှစ်ယောက်လုံး ဂယောင်ခြောက်ခြား ဖြစ်ကုန်ကြသည်။ သူတို့နှစ်ယောက်လုံး

ချောင်ကျင်းချိုး၏ သတိပေးစကားကို
ပြန်လည်ကြားယောင်မိသွားကြ၏။

လင်းရှီမှာ လင်းယွမ် အုပ်စု၏ ဘော့စ်ဖြစ်ကြောင်း
အတိုက်အခံ လုပ်၍ ပြောခဲ့သော်လည်း
သူတို့နှစ်ယောက်လုံးက မယုံကြည်ခဲ့ကြချေ။

ယခုတော့ သူမ၏ စကားတို့မှာ
အမှန်တရားဖြစ်နေလေသည်။

"နင် .. နင်က ဥက္ကဌချီရဲ့အတွင်းရေးမှူး
မဟုတ်ဘူးလား... ဘယ်လိုလုပ်ပြီး လင်းယွမ်အုပ်စုရဲ့
CFO ဖြစ်လာခဲ့တာ... "

"အမှန်အတိုင်း ပြောရရင် အစ်ကိုချီက လင်းယွမ်အုပ်စုရဲ့ ဒါရိုက်တာလေ.. ကျွန်မကတော့ CFO ပေါ့... ရှင်းရှင်းလေး မဟုတ်ဘူးလား...."

"မဟုတ်ဘူး... ဒါ မဖြစ်နိုင်ဘူး... မင်း ညာနေတာ... မင်းတို့က Didi ရဲ့အမှုဆောင် အရာရှိတွေ မဟုတ်ဘူးလား... ငါတို့ မနေ့တနေ့တုန်းကမှပဲ ဖုန်းထဲမှာ စကားပြောခဲ့ကြသေးတယ်လေ... ဘယ်လိုလုပ်ပြီး လင်းယွမ်အုပ်စုမှာ အလုပ်လုပ်နေကြပြန်တာတုန်းဟ....."ချောင်ကျားတုံး စိတ်ကယောင်ခြောက်ခြား ဖြစ်ပြီး အရူးတစ်ပိုင်း ဖြစ်နေဟန်ဖြင့် ပြောဆိုလိုက်သည်။

"အဲ့တာကို ကျုပ်ရှင်းပြမယ်..."လင်းရီ ပြုံးလိုက်ပြီး "ခင်များတို့ သိကြလောက်ဦးမှာတော့ မဟုတ်သေးဘူး... ခု Didi က လင်းယွမ်အုပ်စုရဲ့ လက်အောက်ခံ ကုမ္ပဏီ ဖြစ်သွားပြီလေ... ပြီးတော့ ကျုပ်က လင်းယွမ်ရဲ့ ဘော့စ်ဆိုတဲ့... ဒီလောက်ဆို ခင်များတို့နှစ်ယောက် သဘောပေါက်ပါတယ်...."

**အခန်း (၅၂)**

**နောက်ကွယ်က ဒိတ်ဒိတ်ကျဲ**

"မင်း ..မင်း.... Didi က တကယ်ကြီး မင်းရဲ့ ကုမ္ပဏီလား....."

အဆိုပါ သတင်းကိုကြားတော့

သားအဖနှစ်ယောက်လုံး  မယုံကြည်နိုင်

ဖြစ်သွားကြပြန်သည်။

Didi ဆိုတာ ဘယ်လို ကုမ္ပဏီမျိုးလဲ

ဒေါ်လာ ၃၀ ဘီလီယမ်လောက် ရှိတဲ့ ငွေကြေး

ယူနီကွန်းကြီးလေ...

အဲ့တာကို သူက ဘယ်လိုလုပ်ပြီး အလွယ်တကူပဲ

ဝယ်လိုက်တာလဲဟ...

သို့သော်လည်း မည်သူမျှ ထိုသို့သော ကိစ္စမျိုးကို

လိမ်ညာလိမ့်မယ် မဟုတ်ချေ။

ဖူး....

ချောင်ကျားတုံး သွေးတစ်လုတ် အန်လိုက်၏။
အကယ်၍ ချောင်ရှန့်ယွီ ဖေးမပေးထားသောကြောင့်သာ
မဟုတ်ပါက မြေပြင်တွင် လဲကျသွားပြီး ဖြစ်၏။

"မင်း.... မင်း အယုတ်တမာကောင်...
ဒါပူးပေါင်းကြံစည်ထားတာပဲ..."

"ပူးပေါင်းကြံစည်တယ်..."လင်းရီ ရယ်မောလိုက်ပြီး
"မစ္စတာချောင်... ကျုပ်ရှေ့မှာ အဲ့ဒီစကားမျိုး
ပြောတာက နည်းနည်းလေး လွန်ရာ
မကျလွန်းဘူးလား...."

"ခင်များက လျှိုချူးကို မဲဆွယ်ပြီးတော့ ကျုပ်တို့ရဲ့ နည်းပညာကို ခိုးယူသွားတယ်... ပြီးတော့ မူပိုင်ခွင့်လည်း အရင်တင်လိုက်သေးတယ်... ခုကျတော့ကျုပ်ကို ပူးပေါင်းကြံစည်တယ်ဆိုပြီး စွပ်စွဲနေတယ်.... ခင်များက တော်တော် စိတ်ဝင်စားဖို့ ကောင်းတဲ့သူပဲ...."

"မင်း....."

သားအဖ နှစ်ယောက်လုံး ပြောစရာ စကား ရှာမရတော့သည်အထိ ဒေါသထွက်နေခဲ့ကြသည်။ ယင်းကလည်း သူတို့ဘက်က လုံရှင်း၏ နည်းပညာကို ခိုးယူထားကြောင်း ငြင်းပယ်၍ မရသောကြောင့်ပင်။

အကယ်၍ သူတို့သာ လိုချူးကို မခေါ်ယူခဲ့ဘူး ဆိုပါက Cisco မှာ ယခုလို နေ့မျိုး ရောက်ရှိလာလိမ့်မည် မဟုတ်ချေ။ ယခု မတိုင်ခင်ကတော့ Cisco မှာ လုံရှင်းကို အစဉ်အမြဲ ဖိနှိပ်နိုင်ခဲ့၏။

လင်းရီ ချောင်ကျားတုံး၏ ပခုံးကို ပုတ်လိုက်ပြီး "အဘိုးကြီး... ခေတ်တွေပြောင်းသွားပြီ... အိမ်ပြန်ပြီးတော့ မြေးထိန်းနေလိုက်တော့...."

ထို့နောက် လင်းရီ ချောင်ရှန့်ယွီကို ကြည့်ကာ "အစ်ကိုချောင်... လုံရှင်းက ဒီနေ့ အနိုင်ရသွားခဲ့တယ်ဆိုတော့ ပါတီလေး လုပ်လိုက်ကြရအောင်... မပူနဲ့ ကျုပ်တိုက်မှာပါ..."

"ငါ့ ဖင်ကြီးကိုပဲ ပါတီလုပ်လိုက်လေ...
မင်းယုံမလားတော့ မသိဘူး.. ငါ
တစ်ယောက်ယောက်ကို ခိုင်းပြီး မင်းကို သေအောင်
သတ်ခိုင်းလို့ ရတယ်...."ချောင်ရှန့်ယွီ ကျိန်ဆဲလိုက်၏။

"ကျုပ်ကို သတ်မယ်...."လင်းရီ ပြုံးလိုက်ပြီး
"ကျုပ်ကတော့ ခင်များတို့ ပြန်ပြီး စာချုပ်ကိစ္စ
ကိုင်တွယ်တာက ပိုကောင်းမယ်လို့ ထင်တယ်နော...."

"စာချုပ်... ဘာစာချုပ်လဲ...."ချောင်ရှန့်ယွီ ပြောလိုက်ပြီး
"မင်းတို့ လင်းယွမ်အုပ်စုနဲ့
ဘာစာချုပ်ချုပ်ထားလို့တုန်း...."

"လင်းယွမ်အုပ်စုနဲ့တော့ စာချုပ် မချုပ်ထားဘူး...
ဒါပေမယ့် Didi နဲ့တော့ ယွမ် သုံးဘီလီယမ်တန် စာချုပ်

ချုပ်ထားတယ်လေ... မေ့သွားပြီလား...
မှတ်ဉာဏ်ကလည်း စုတ်ချာလိုက်တာ...."

"ဟုတ်တယ်လေ... ငါတို့ Didi နဲ့ ယွမ် သုံးဘီလီယမ်တန်
စာချုပ် ချုပ်ထားတယ်... ဒါပေမယ့် ကုန်ပစ္စည်းတွေ
အကုန်လုံးကို ထုတ်လုပ်ပြီးသွားပြီလေ... မင်း ငါတို့ကို
ခုချက်ချင်း ငွေလွှဲပေး... မဟုတ်ရင်
စာချုပ်ချိုးဖောက်တယ်လို့ သတ်မှတ်ရလိမ့်မယ်...."

လင်းရီ ချောင်ရှန့်ယွီ၏ မျက်နှာကို ခပ်ဆတ်ဆတ်
အသာအယာ ရိုက်လိုက်ပြီး ရွှင်မြူးနေသည့် လေသံဖြင့်
"မင်းတို့ သားအဖနှစ်ယောက်က
ချစ်စရာကောင်းလောက်အောင်
ပိန်းတိန်းနေကြတာပဲကွ... ငါ ဘာလို့ ဒီလိုမျိုး

သတင်းစာ ရှင်းလင်းပွဲ လုပ်လဲဆိုတာ မင်းတို့ တစ်ခါမှ မစဉ်းစားဖူးဘူးလား.... "

ချောင်ရှန့်ယွီ ရင်ထိတ်သွားခဲ့သည်။ မသိစိတ်မှ တစ်ခုခု မှားယွင်းနေပြီဟု အဆက်မပြတ် သတိပေးနေလေသည်။

"မင်း ဘာပြောချင်တာတုန်းကွ..."

"မင်းတို့ကောင်တွေ ယွမ်သုံးဘီလီယမ်ဖိုး ချစ်ပ်တွေ ထုတ်လုပ်ပြီးသွားပြီဆိုတာ ငါသိတယ်... အဲ့လို လုပ်ခိုင်းရတဲ့ အကြောင်းပြချက်ကလည်း မင်းတို့ရဲ့ ရန်ပုံငွေတွေ အကုန်လုံး ကုန်ခမ်းသွားအောင်လို့ပဲ..."လင်းရီ ပြောလိုက်ပြီး "နောက်ပြီးတော့ ငါတို့ စာချုပ်ချုပ်တုန်းက

အပိုဒ်ငယ်လေး တစ်ခု ထပ်မထည့်ထားခဲ့ဘူးလား...
တကယ်လို့ နောက်နှစ်အထိ Ciscoရဲ့ ချစ်ပ်တွေက
နည်းပညာ ရှေ့ပြေးနေမယ်လို့ အာမ မခံပေးနိုင်ရင်
စာချုပ်တန်ဖိုးရဲ့ ဆယ်ဆ ပြန်လျော်ပေးပါ့မယ်လို့
သဘောတူထားတာကိုလေ... ခု လုံရှင်းက ချစ်ပ် ၂.၀ ကို
ထုတ်လုပ်လိုက်ပြီဆိုတော့ သဘောတူထားတဲ့အတိုင်း
လျော်ကြေး မပေးသင့်ဘူးလား...."

လင်းရီ၏ စကားလုံးများက ဟော်ယွမ်ယွမ်နှင့်
ချီရှန်းကျောက်ကို ဆွံ့အသွားစေသည်။

ထိုစဉ်အခါတုန်းက သူမတို့၏ ဘော့စ်မှာ ယွမ် ၅၀၀
မီလီယမ်သာ အသုံးပြုခဲ့၏။ ယခုတော့ နှစ်လ သုံးလ
အတွင်း ယွမ် ၂၉.၅ ဘီလီယမ် ပြန်ရှာနိုင်ခဲ့လေသည်။

ယင်းက ကြောက်ခမန်းလိလိပင်။

ဖူး....

ချောင်ကျားတုံး ထပ်မံ၍ သွေးတစ်လုပ် အန်လိုက်ရသည်။ ထို့နောက် မျက်ဖြူလှန်၍ သတိလစ်သွားတော့၏။

"အာ... သတိလစ်သွားပြီလားဟ... ဘယ်လောက်တောင် အားနည်းလိုက်လဲ...."

လင်းရီ သူ့လက်ကို ဝှေ့ယမ်းလိုက်ပြီး "သွားစို့... တစ်ခုခုသွားစားကြမယ်... ငါ ဗိုက်အတော်လေးဆာနေပြီ...."

ထိုစဉ် သတင်းထောက်များအားလုံး ဟိုတယ်ထဲမှ ပြေးထွက်လာပြီး လင်းရီကို အင်တာဗျူးချင်နေကြ၏။ သို့သော်လည်း လင်းရီကတော့ အခွင့်အရေးမပေးဘဲ သူ၏ Bentley ထဲသို့ ဝင်ရောက်သွားခဲ့လေသည်။

ချောင်ရှန့်ယွီကတော့ သူ့အဖေကို လက်တွဲ၍ ကားထဲသို့ ပို့ဆောင်လိုက်သည်။ ထိုအခါမှ သူတစ်စုံတစ်ခုကို သတိပြုမိသွားသည်။ လင်းရီမှာ အစကတည်းက ကလေကချေ တစ်ယောက်မဟုတ်ပဲ ကျားသားစားချင်၍ တောဝက်ယောင်ဆောင်နေခြင်းပင်။

အကယ်၍ ယခုလိုနေ့မျိုး ရောက်လာမည်မှန်း ကြိုသိခဲ့မည်ဆိုပါက ချောင်ကျင်းချိူး၏ စကားကို သူ

မြေဝယ်မကျ နားထောင်မိခဲ့မှာ အမှန်ပင်။
ကံမကောင်းစွာဖြင့် လောကကြီးတွင် နောင်တအတွက်
ဆေးမရှိပေ။

ထိုအချိန်တွင်ပဲ သတင်းစာရှင်းလင်းပွဲသို့
တက်ရောက်လာကြသည့် လူတိုင်း ယနေ့
အဖြစ်အပျက်မှာ ဟွာရှ၏
သိပ္ပံနှင့်နည်းပညာနယ်ပယ်ကို အကြီးအကျယ်
လှုပ်ခတ်သွားစေလိမ့်မည်ဖြစ်ကြောင်း
သေချာနေကြတော့၏။

ဘယ်လိုရှော့ခ်ရမှုမျိုးများကို ဖြစ်ပေါ်သွားစေမလဲ
ဆိုတာကိုတော့ မည်သူမျှ မသိကြသေးချေ။

လေးယောက်သား လင်းယွမ် အုပ်စုထံသို့ ပြန်လာခဲ့ကြပြီး သူတို့ ဆုံနေကျ စီချမ် စားသေယက်ဆိုင်သို့ ဦးတည်လိုက်ကြသည်။

"လင်းရီ.. နင်က အရမ်း အံ့သြဖို့ကောင်းတာပဲ..."ကျီချင်းရန် လင်းရီ၏ လက်ကို ဆွဲရင်း စိတ်လှုပ်ရှားစွာဖြင့် ပြောလိုက်သည်။

ထိုသို့ ပြီးပြည့်စုံသည့် စစ်ဆင်ရေးမှာလည်း သမိုင်းတွင် မှတ်တမ်းတင်ထားဖို့ရာအထိ လုံလောက်လေသည်။

"ဘော့စ်... ကျွန်မ ရှင့်ရှေ့မှာ မိမိုက်သလို လုပ်ခဲ့တာတွေက အရမ်းမှားတာပဲ... "ဟော်ယွမ်ယွမ် ပြောလိုက်ပြီး "ကျွန်မက တကယ်ကြီး ဘော့စ်နဲ့ မယှဉ်ပြိုင်နိုင်ပါဘူး..."

"ဘာလို့ တောင်းပန်တဲ့ စကားတွေ လာပြောနေတာ...
ချစ်ပ် ၂.၀ နည်းပညာသာ မရှိဘူးဆိုရင်
ဒါတွေအားလုံးက အချည်းနှီး ဖြစ်ကုန်မှာပဲလေ.... "

"အဲ့လိုဆိုရင်တောင်မှ ဘော့စ်မှာ ချစ်ပ် ၂.၀
နည်းပညာကို ထုတ်လုပ်နိုင်တဲ့ အရည်အချင်းတွေ
ရှိသေးတယ်လေ... ခုဆို ကျွန်မတို့က ၂၉.၅
ဘီလီယမ်တောင် အကျိုးအမြတ်ရလိုက်သေးတယ်...
ကျွန်မကို လစာလေး မတိုးပေးချင်ဘူးလားဘော့စ်...."

"နိုးထတော့... ဘာလို့ နေ့ခင်းကြောင်တောင်ကြီး
အိပ်မက်တွေ လာမက်နေတာ...."

"ဘော့စ်လင်း... ဒီနေ့ပြီးရင်တော့ Cisco က သက်ဆိုးရှည်လိမ့်မယ်လို့တော့ ကျုပ်မထင်ဘူး...."ချီရှန်းကျောက် ပြောလိုက်ပြီး "မူလကတော့ သူတို့ရဲ့ငွေကြေးအင်အားက သွားရှုပ်လို့ရတဲ့ အနေအထားမဟုတ်ဘူး... ခုတော့ ကျွန်တော်တို့ဆီ လျော်ကြေးပေးရမယ့် ပမာဏနဲ့ဆိုရင် မကြာခင် သေချာပေါက် ဒေဝါလီခံရမှာပဲ...."

"ဒီတိုင်း Cisco လေးပါကွာ... ဘာမှ ကြီးကျယ်နေတာလည်း မဟုတ်ဘူး..."လင်းရီ ရယ်မောလိုက်ပြီး "သူတို့နောက်မှာ ပံ့ပိုးထားတဲ့ တကယ့် ဒိတ်ဒိတ်ကျဲကြီး ရှိနေသေးတယ်... ငါခန့်မှန်းတာ မှန်မယ်ဆိုရင် သူတို့လည်း မကြာခင် လှုလုံးပြလာတော့မှာ...."

"ဒါဆို နှင့်မျက်လုံးထဲမှာ Cisco ဆိုတာ အစကတည်းက မရှိခဲ့ဘူးပေါ့နော်...."ကျီချင်းရန် မေးမြန်းလိုက်၏။

"ဘယ်လိုထင်လို့လဲ..."လင်းရီ ပြောလိုက်ပြီး "လုံရှင်းကို ဝယ်ယူပြီးတော့ ငါ့ အစီအစဉ်က ပြည်တွင်းဈေးကွက်မှာ ခြေကုပ်ယူပြီး ခု ချစ်ပ် ၁.၀ ကို ဖြည်းဖြည်းချင်း ထုတ်လုပ်သွားမလို့ပဲ...ဒါပေမယ့် အဲ့ကောင်တွေက ငါ့ရဲ့နည်းပညာကို လာခိုးသွားတယ်လေ... အဲ့တော့လည်း ဒီကောင်တွေနဲ့ ပြန်ဆော့ကစားပေးရတာပေါ့.... "

"နောက်ပြီးတော့ ငါ ဖိုတိုလီတိုဂရပ်ဖီစက် ဝယ်ယူချင်နေတုန်းက တစ်စုံတစ်ယောက်ကနေပြီးတော့ နောက်ကွယ်ကနေ တားဆီးထားတယ်... ငါ့အထင်တော့

အဲ့ဒီရဲ့ လက်သည်တရားခံကလည်း Cisco နဲ့ပဲ ဆက်စပ်နေမှာ.. Ciscoရဲ့ လက်ရှိ အရွယ်အစားနဲ့ဆိုရင် ASML ကို ဖိအားပေးဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး.. ဒီလိုဆိုရင်တော့ Ciscoရဲ့ ရှယ်ယာရှင်တွေထဲမှာ တကယ့်ကို ဒိတ်ဒိတ်ကျဲတစ်ယောက် ရှိနေပြီဆိုတာ သေချာသလောက် ဖြစ်သွားပြီ... "

"တစ်ဖက်လူက ASML လို နိုင်ငံခြားကုမ္ပဏီကိုတောင်မှ ဖိအားပေးနိုင်တယ်ဆိုတော့ သူတို့ရဲ့ အင်အားက သေချာပေါက် အထင်သေးလို့ ရမှာ မဟုတ်ဘူးနော်... ဟွာရှလို ကျယ်ပြန့်တဲ့ နိုင်ငံကြီးထဲမှာဆိုရင် သူတို့က နယ်ရှင်ပယ်ရှင် အဆင့်လောက် ရှိရမယ်...."

"ဘယ်လိုကုမ္ပဏီလဲဆိုတာ အရေးမကြီးဘူး..
ငါ့စီးပွားရေးကို ဖျက်လိုဖျက်ဆီး လာလုပ်လို့ကတော့
သေချာပေါက် ဖြေရှင်းချက် ပေးရမှာပဲ..."လင်းရီ
ပြောလိုက်ပြီး "ခု မင်းတို့ကောင်တွေလည်း အားလုံး
နားလည်သွားပြီဆိုတော့ နောက်လာမယ့်
အကျိုးဆက်တွေကို ကိုင်တွယ်ဖို့
ကြိုတင်ပြင်ဆင်ထားသင့်ပြီ.... "

"နားလည်ပါပြီ ဘော့စ်...."

နေ့လည်စာ စားပြီးနောက် လင်းရီ ဟွာရှန်းဆေးရုံသို့
ပြန်လာခဲ့လိုက်သည်။

နည်းပညာနယ်ပယ်တွင် အံ့ကြွသွားသည့် ဂယက်က လင်းရီ၏ နေ့စဉ်ဘဝကို မည်သို့မျှ အကျိုးမသက်ရောက်စေခဲ့ပေ။

သို့သော်လည်း သတင်းစာ ရှင်းလင်းပွဲပြီးပါပြီ ဆိုကတည်းက လင်းရီ၏ ဖုန်းမှာ မနားတမ်း မြည်ဟီးနေသည်။ လင်းရီကတော့ ရှန်ထျန်းကျိုး ဖုန်းမှလွဲ၍ ကျန်သည့် ဖုန်းများအားလုံးကို ငြင်းဆိုလိုက်သည်။

ဌာနထဲတွင်တော့ လူတိုင်း အလုပ်ကိုယ်စီနှင့် ယောက်ယပ်ခပ်နေကြသည်။ ကမ္ဘာနှစ်ဖက် ဖြစ်နေသကဲ့သို့ပင်။ သူတို့ ရှေ့ရှိ လူနာများကိုသာ ဂရုစိုက်နေကြပြီး မနက်ခင်းတွင် ဖြစ်ပွားသွားခဲ့သော

ကမ္ဘာတုန်လှုပ်စရာ သတင်းစာရှင်းလင်းပွဲအကြောင်း မည်သူမျှ အာရုံထားမနေချေ။

နေ့လည်ခင်းပိုင်း ခွဲစိတ်မှု ပြုလုပ်ပြီးနောက် လင်းရီ သူ့ဖုန်းတွင် လွဲချော်သွားသည့် ခေါ်ဆိုမှုများ ရာကျော်နေကြောင်း မြင်တွေ့လိုက်ရ၏။

အရေးပါသည့် ဖုန်းကောတစ်ချို့မှ လွဲ၍ လင်းရီ ကျန်တာများကို လျစ်လျူရှုလိုက်သည်။

"ငါ့ဆီ ဖုန်းခေါ်ထားတာလား..."လင်းရီ လျှန်ရှူရွှယ်ထံ ဖုန်းဆက်လိုက်၏။

"CISCOက ခုဆို အဆုံးသတ်သွားပြီ... ဒါတွေအားလုံး နင့်လက်ချက်မလား..."

"ဒါပေါ့ကွ.. သူတို့က ငါ့နည်းပညာ ခိုးယူထားမှတော့
ငါက အေးဆေး လွှတ်ထားပေးမယ်လို့များ
ထင်နေတာလား...."

"နင်သိလား.. Cisco ကို နောက်ခံပေးထားတဲ့ တကယ့်
ရင်းနှီးမြှုပ်နှံသူတွေ အများကြီး ရှိနေသေးတယ်နော်...
သူတို့က ခုလို နင့်လုပ်ရပ်ကို သည်းခံနေမှာ
မဟုတ်ဘူး..."လျှန်ရူရှယ် ပြောလိုက်ပြီး "ဒါပေမယ့်......
ထားပါ... ဒီကိစ္စ ဖုန်းထဲမှာ ပြောလို့ မကောင်းဘူး.. ငါခု
အလုပ်ဆင်းပြီ... ဒီည ငါ့အိမ်လာခဲ့...."

**အခန်း (၅၂)**

**ကျောက်မိုထံမှ ဖုန်းခေါ်လာမှု**

"မလာလို့ မရဘူးလား..."

"မရဘူး... နင် လာကိုလာခဲ့ရမယ်..."လျန်ရှူရွှယ် လင်းရီကို ငြင်းဆိုရန် အခွင့်မပေးခဲ့ချေ။

"တော်ပါပြီ....မင်းဝတ်တဲ့ ညအိပ်ဝတ်စုံကြီးက ကြည့်ရ အရမ်းရုပ်ဆိုးလွန်းတယ်... တစ်စက်လေးမှ ကြည့်မကောင်းဘူး... ငါ မလာချင်ဘူး..."

လျန်ရှူရွှယ် :"......"

လျှန်ရှူရှယ် သူမ လင်းရီကြောင့် ဒေါသထွက်လွန်း၍ သေသွားနိုင်သည်ဟု ခံစားနေရသည်။

ဒီကောင်က ခုလို အချိန်မျိုးမှာတောင် ညအိပ်ဝတ်စုံ ဘာဝတ်လဲဆိုတာ အာရုံစိုက်ဖို့ အချိန်ရှိနေသေးတာလားဟ....

"နင်လာမယ်ဆို ငါ ဘာမှမဝတ်ထားလဲ ဖြစ်တယ်... နင်ခု ကျေနပ်ပြီလား...."

"ငါ ခု ကားပါကင် ရောက်နေပြီ... ဝိုင်နဲ့ အစားအသောက်တွေ ပြင်ထားလိုက်တော့... ဗိုက်ပြည့်တာနဲ့ အချီတစ်ရာလောက် ကစားကြမယ်...."

လျှန်ရှုရှယ် ထိုကောင်စုတ်နှင့် ငြင်းခုန်ရင်း
လေကုန်ခံမနေတော့ပဲ ဖုန်းတန်းချလိုက်သည်။

ယခု လောလောဆယ် သူမ၏ စိတ်တည်ငြိမ်မှုများ
ပျောက်ဆုံးသည်အထိ စိုးရိမ်သောက
ရောက်နေလေသည်။

Cisco ၏ အကြီးမားဆုံး ဝှက်ဖဲမှာ ကျောက်မိသားစု၏
ဟွာယင်း အုပ်စုပင်။

ယင်းအုပ်စုက CITIC အုပ်စုကဲ့သို့ တန်ခိုး
မထွားလှသော်လည်း ငါးထရီလီယမ်ယွမ်
တန်ကြေးရှိသည့် ကုမ္ပဏီကြီးတစ်ခု ဖြစ်နေသေး၏။
အကယ်၍ ကျောက်မိုသာ လင်းရှီ၏ မြင့်တက်နေမှုကို

ပိတ်ပင်တားဆီးချင်နေပါက တစ်ဖက်သူမှာ မည်သို့မျှ ခုခံနိုင်စွမ်း ရှိလိမ့်မည် မဟုတ်ချေ။

ယခု အခြေအနေအရ လင်းရီမှာ အနိုင်ရသူဖြစ်ဟန်တူသော်လည်း ကျောက်မိုဘက်မှ လှုပ်ရှားလာပြီဆိုပါက လင်းရီ၏ ကံကြမ္မာမှာ သတ်မှတ်ထားပြီးဖြစ်သည်။

သူမ တတ်နိုင်သည်ကတော့ လင်းရီနှင့် အဆိုပါကိစ္စကို ညှိနှိုင်းဆွေးနွေးပြီး  တတ်နိုင်သမျှ ဆုံးရှုံးမှု လျော့နည်းအောင် လုပ်ဖို့ပင်။

မဟုတ်ပါက အရာအားဆုံး အဆုံးသတ်သွားပေမည်။

နာရီဝက်ကြာပြီးနောက် လင်းရီ လျှန်ရှုရှယ်၏ အိမ်သို့ ရောက်ရှိလာခဲ့သည်။

လမ်းတစ်လျှောက်တွင်တော့ လင်းရီဖုန်းမှာ အသိပေးသံများဖြင့် အဆက်မပြတ် မြည်ဟီးနေခဲ့ပြီး အများစုကတော့ ဝီချက်မှ အသိပေးစာပင်။

ချင်းဟာန် : " လင်းကြီး..
သောက်ရမ်းလန်းတယ်ဟျောင့်.. မင်းဒီလိုမျိုး ချက်စ်ဂိမ်းကစားပြီး Cisco ကို တိုက်ရိုက် သုတ်သင်ပစ်လိမ့်မယ်လို့တောင် ထင်မထားဘူး.. ပြီးတော့ ငါ့ကိုတောင်မှ အလကားနေရင်း အလကား ယွမ် တစ်ရာမီလီယမ်လောက် ဖန်ပေးလိုက်သေးတယ်... မင်းခု အားလားဟျောင့်...

ဂုဏ်ပြုပေးတဲ့အနေနဲ့ ရေကူးဝတ်စုံ ပါတီ ကျင်းပလိုက်တော့မယ်......"

လျှန်ကျင်းမင် : " အစ်ကိုကြီးလင်း... ခင်များကတော့ တကယ့်ကို အစ်ကိုကြီး ပီသပါပေတယ်.. ကျွန်တော်တို့ မသိအောင်တောင် တိတ်တိတ်လေး Didi ကို ဝယ်ပစ်လိုက်တယ်ပေါ့... နောက်ကျရင် ဒီလို အဖိုးတန်တဲ့ အတွေ့အကြုံကို ဒီညီလေးကိုလည်း မျှပေးစမ်းပါဦးဗျ.... "

ကောင်းကျုံးယွမ် : " ဒီနေ့ကစပြီးတော့ ကျုပ်ကောင်းကျုံးယွမ်ကို မောက်မာတယ်.... ဦးနှောက်မရှိဘူး... ဆန်ကုန်မြေလေးတွေနဲ့ပဲ အပေါင်းသင်းလုပ်နေတယ်လို့

လာပြောတဲ့ကောင်တွေကို အစ်ကိုကြီးလင်းရဲ့
အောင်မြင်မှုတွေနဲ့ တန်းစီပြီး ဖြတ်ရိုက်ပစ်ဦးမယ်........
"

အဆိုပါ ဝီချက်မက်ဆေ့ချ်များကို မြင်တော့ လင်းရီ ပြုံးလိုက်ပြီး တစ်ခုပြီးတစ်ခု စာပြန်လိုက်ကာ ဖုန်းကို အိပ်ကပ်ထဲဟို့ ပြန်ထည့်လိုက်သည်။

ထို့နောက် လျှန်ရူရှယ်၏ အိမ်ပေါက်ဝသို့ သွားကာ တံခါးသွားခေါက်လိုက်သည်။ မကြာမီ အိမ်တံခါး အလိုအလျောက် ပွင့်လာလေသည်။ တံခါးပွင့်လျှင် ပွင့်ခြင်း လင်းရီ မျက်မန်းတန်းမိသည်ကတော့ ဖောက်ထွင်းမြင်နေရသည့် ပိုးထည်ညအိပ်ဝတ်စုံအောက်တွင် ကျောက်စိမ်းတုံးကဲ့သို့ ဝင်းမွတ်နေသည့်

အသားအရေနှင့် သွယ်လျသည့် ခြေတံတို့ကို
လှစ်ဟာပြထားသည့် လျှန်ရှူရှယ်ပင်။
သူမစကားအတိုင်း မလိုက်နာသော်လည်း လင်းရီ
လက်ခံနိုင်သည့် အတိုင်းအတာအတွင်းတော့ရှိ၏။

"ရှူရှယ်က အရမ်း သိတတ်တာပဲ...
ထမင်းမစားရသေးတာကို သိတော့
ကြိုမှာထားပေးတယ်ပေါ့..."

အိမ်ထဲသို့ ဝင်ရောက်ပြီးနောက် လင်းရီ
ဟန်ပန်တခွဲသားနှင့် ညှော့သည်ကြီး လုပ်မနေဘဲ
ကိုယ့်အိမ်ကိုယ့်ယာကဲ့သို့ မှာထားသည့် စားစရာများကို
ဖောက်ကာ အားပါးတရ လွေးလိုက်သည်။

"နင်က ဒီလိုအချိန်မှာတောင်
စားဝင်သေးတယ်ပေါ့လေ..."လျှန်ရှူရှယ် ဘေးမှ
စောဒက တက်လိုက်၏။

"အားရှိမှ တိုက်ခိုက်နိုင်မှာပေါ့ဟ..."လင်းရီ အားပါးတရ
စားနေရင်း ပြန်ပြောလိုက်သည်။

"Cisco က ပြိုလဲနေပြီကို နင်က ဘယ်သူ့ကို
သွားတိုက်ခိုက်ချင်နေသေးတာ...."

"ဘယ်သူ့ကို ဖြစ်ရမှာ.. Ciscoနောက်ကွယ်က
ဒိတ်ဒိတ်ကျဲကြီးနဲ့လေ..."လင်းရီ ပြောလိုက်ပြီး
"တကယ်လို့ ငါသာ Ciscoကို
အပြတ်ရှင်းချင်လို့ကတော့ ဒီလောက်
သောက်လုပ်ရှုပ်ခံပြီး အကွက်တွေ ချမနေဘူး...

အဓိကက သူတို့နောက်ကွယ်က ကြိုးကိုင်နေတဲ့သူကို ထိခိုက်စေဖို့ပဲ..."

"CISCOရဲ့နောက်မှာ တစ်ယောက်ယောက် ရှိနေတယ်ဆိုတာ နင်သိနေတယ်ပေါ့...."

"ဒါပေါ့ကွ..."လင်းရီ ငါးအသားတစ်ဖက်ကို တူဖြင့် ညှပ်လိုက်ပြီး ဖြေးညင်းစွာ ဝါးရင်း "CISCO က အလွန်ဆုံးရှိလှ ငါးပေါက်စ လေးပေါ့... နောက်ကွယ်က ငါးကြီးကြီးကမှ ဖမ်းရခက်တာ... "

လျှန်ရူရှယ် မျက်မှောင်ကြုတ်လိုက်၏။ သူမ လုံးဝ နားမလည်နိုင်ပါချေ။ Cisco ရဲ့နောက်ကွယ်မှာ အကောင်ကြီးကြီးတစ်ကောင် ရှိနေမှန်းသိရင် သူက ဘာလို့ ဆက်ပြီး ဆန့်ကျင်ချင်နေရတာလဲတဲ့....

ဒါက ခုမှ အပျံသင်ကာစ လင်းယွမ်အုပ်စုအတွက်
သေလမ်းရှာနေတာနဲ့ အတူတူပဲ မဟုတ်ဘူးလား..

"နင်က သိပြီးပြီဆိုတော့လည်း ငါ
ဝေ့ဝိုက်မနေဘူး..."လျှန်ရှူရှယ် သက်ပြင်းချလိုက်ပြီး
"Cisco နောက်ကွယ်မှာရှိတဲ့ အကြီးဆုံး
ရှယ်ယာပိုင်ရှင်က ရန်ကျင်းမှာရှိတဲ့ ဟွာယင်းအုပ်စုပဲ..
သူတို့ရဲ့ဈေးကွက် တန်ဖိုးက
ငါးထရီလီယမ်ကျော်တယ်....Ciscoမှာ
ရင်းနှီးမြုပ်နှံထားတာကျတော့  ဟွာယင်းအုပ်စုရဲ့
သခင်လေး ကျောက်မိုပဲ..."

"မင်းက သိနေတယ်ပေါ့...."
လင်းရီ အနည်းငယ် အံ့အားသင့်သွားခဲ့သည်။

လျှန်ရှုရှုယ်မှ အများအပြား သိနေလိမ့်မည်လို့ သူမျှော်လင့် မထားခဲ့ချေ။

"ကျောက်မိသားစုနဲ့ လျှန်မိသားစုက မိတ်ဟောင်း ဆွေဟောင်းတွေလေ... ဒီတော့ ငါသိနေတာ မဆန်းပါဘူး..."

လျှန်ရှုရှုယ် ပြောလိုက်ပြီး "Cisco က ရှုံးနိမ့်သွားတယ်ဆိုတော့ သဘောက ကျောက်မို ရင်းနှီးမြှုပ်နှံထားတာ ဆုံးရှုံးသွားပြီ ဆိုတဲ့ အဓိပ္ပာယ်ပဲ.. တကယ်လို့ စီမံခန့်ခွဲမှု ညံ့ဖျင်းတာကြောင့်ဆိုရင်တော့ ပြဿနာ မရှိပေမယ့် Cisco က နင့်ကြောင့် ရှုံးနိမ့်သွားတာလေ... ဂုဏ်အရမ်းမောက်တဲ့

ကျောက်မိုက ဒီလိုမျိုး အနိုင်ကျင့်တာကို သည်းခံနေမှာ မဟုတ်ဘူး... သူနင့်ကို လက်စားပြန်ချေလိမ့်မယ်... "

"အဲ့တော့ မကောင်းဘူးလား... ငါလည်း သူလက်စားချေလာမှာကိုပဲ စောင့်နေတာ..."လင်းရီ စားရင်းဝါးရင်း ပြောဆိုလိုက်ပြီး "အရင်တုန်းက ငါ ဖိုတိုလီတိုဂရပ်ဖီစက်ကို ဝယ်ဖို့ လုပ်နေတုန်း တစ်စုံတစ်ယောက်က နောက်ကွယ်ကနေ ပိတ်ပင်ထားတယ်... မင်းပြောပုံအရဆိုရင် အဲ့ကောင် ကျောက်မိုလုပ်တာပဲ ဖြစ်ရမယ်... ငါလဲ ဒီတိုင်း ထိုင်နေပြီးတော့ အဲ့ကောင် လာအနိုင်ကျင့်တာကို မျက်စိစုံမှိတ် ကြိတ်သည်းခံနေလို့ မဖြစ်ဘူးလေ ဟုတ်တယ်မလား...."

"ဟင်... ကျောက်မိုက တကယ်ကြီး အဲ့လိုလုပ်ခဲ့တာလား...."

"ဘယ်သူရှိရဦးမှာ... သူက လွဲပြီး အဲ့လိုလုပ်နိုင်တဲ့ စွမ်းရည်မျိုး ဘယ်သူ့မှာ ရှိဦးမယ်လို့ မင်းထင်လဲ...."

အချိန်အကြာကြီး တိတ်ဆိတ်သွားပြီးနောက် လျန်ရှုရှယ် လင်းရီကို ကြည့်ကာ "ငါ နင့်ရဲ့ စွမ်းဆောင်နိုင်စွမ်းတွေကိုတော့ ယုံကြည်ပါတယ်... ဒါပေမယ့် ခုက စီးချင်းထိုးရမယ့် အချိန်ကောင်းမဟုတ်သေးဘူး... ဟွာယင်းအုပ်စုက ဟာသမဟုတ်ဘူးနော်...."

"အလွန်ဆုံးရှိလှ ဒေဝါလီခံရုံပေါ့....ငါက ဘာကို ကြောက်နေရမှာ..."လင်းရီ ပြောလိုက်ပြီး "မင်း

သိမှာတော့မဟုတ်ဘူး....ငါ ကျောင်းတက်တုန်းက

မိဘမဲ့ဆိုတော့ အတန်းဖော်တွေက

အမြဲအနိုင်ကျင့်တယ်... ဒါကြောင့်မို့လည်း ငါ သူတို့နဲ့

နေ့တိုင်း ရန်ဖြစ်တာပဲ.. ငါ့အမေသိတော့လည်း

ရန်ဖြစ်ရကောင်းလားဆိုပြီးတော့ ငါ့ကို အကြိမ်တိုင်း

ရိုက်နှက်တယ်... ဒါပေမယ့် အဲ့လိုရိုက်ပြီးတော့

ငါ့အဖေက ငါ့ကို စကားတစ်ခွန်း

တိုးတိုးလေးလာပြောပြတယ်... 'သား မင်းကို

တစ်စုံတစ်ယောက်က တိုက်ခိုက်လာရင် မင်း  သူတို့ကို

ပြန်တိုက်ခိုက်ရမယ်...ကိုယ့်ဘက်က တန်ကြေးတစ်ခု

ပေးဆပ်ရမယ် ဆိုရင်တောင်မှပေါ့... ' ငါတော့ အဲ့ဒီ

အတွေးအခေါ်က တော်တော်လေး မှန်တယ်လို့

ထင်တာပဲ.. ဘာလို့ဆို ငြိမ်ခံနေရင် ပိုပိုပြီး

ဆိုးလာမှာမို့လို့လေ... ဒါကြောင့်မို့ ဟိုဘက်က အကြောင်းမရှိ ငါ့လာတိုက်ခိုက်တာကိုတော့ ငါ ငြိမ်ခံမနေနိုင်ဘူး.... "

လျှန်ရှူရှုယ် နားထောင်ရင်း ပြောစရာ စကားများ ပျောက်ရှသွားခဲ့ရ၏။ လင်းရီ၏ အကျင့်စရိုက်မှာ သူ၏ ကြီးပြင်းလာသည့် ပုံစံနှင့် အနည်းနှင့် အများ ဆက်စပ်နေလေသည်။

ထို့ကြောင့် ဖြောင်းဖြဖို့ရာ အင်မတန်ခက်ပေလိမ့်မည်။

အကယ်၍ သူမသာ ယခုကိစ္စကို သေချာစီမံချင်သည် ဆိုပါက သူမအမေနှင့် ဆွေးနွေးမှ ဖြစ်ချေတော့မည်။

ကလင် ....

လင်းရီ ပျော်ရွှင်စွာ စားသောက်နေစဉ် အိတ်ကပ်ထဲရှိ ဖုန်းမှာ အသံမြည်လာခဲ့၏။

ခေါ်ဆိုလာသူ၏ နာမည်ကို မြင်တော့ လင်းရီနှင့် လျှန်ရူရှယ်တို့ နှစ်ယောက်လုံး အံ့အားသင့်သွားကြလေသည်။

"ဒီကောင် ငါ့နား ဆေးဖိုးတောင်းမလို့တော့ မဟုတ်လောက်ဘူးမလား..."

"ဒီအချိန်ကြီး ခေါ်လာတယ်ဆိုတော့ တစ်ခုခုတော့ မှုမမှန်ဘူး... နင် ကိုင်ကြည့်လိုက်လေ... ဘာပြောမလဲ နားထောင်ကြည့်ကြတာပေါ့..."

လျှန်ရှူရှယ် တစ်ဖက်မှ ဘာပြောလာမလဲဆိုတာ အလွန်အမင်း သိချင်စိတ် ပြင်းပြနေလေသည်။ ထို့ကြောင့် လင်းရီအစား ဖုန်းကိုင်လိုက်ပြီး စပီကာ ဖွင့်လိုက်၏။

သို့သော်လည်း တစ်ဖက်ရှိ စကားပြောလာသူ၏ အသံမှာ လင်းရီနှင့် စိမ်းကားနေလေသည်။

"မင်းက လင်းရီမလား..."

လင်းရီ ပဟေဠိ ဖြစ်သွားခဲ့၏။ ငါ့ဖုန်းခေါ်မှတော့ ငါပေါ့ကွ.. ဘာလို့ ပိန်းတိန်းတိန်းတွေ လာမေးနေတာ....

သို့သော်လည်း  လျှန်ရှူရှုယ်ကတော့ အလွန်အမင်း အံ့အားသင့်သည့် ပုံစံ ဖြစ်သွားခဲ့၏။ သူမ အသံပိုင်ရှင် ဘယ်သူလဲဆိုတာကို သိနေလေသည်။

ယင်းကတော့ ကျောက်မိုပင်။

"မင်းက ဘယ်သူလဲ..."

"ငါ့နာမည် ကျောက်မို...."ကျောက်မို ပြောလိုက်ပြီး

 "မင်းရဲ့နည်းပရိယာယ်တွေက Ciscoတောင် အရှုံးပေးရလောက်အောင် အတော်လေး ကောင်းလှပါလားကွ..."

လင်းရီ အော်ရယ်လု နီးပါး ဖြစ်သွားခဲ့သည်။

နေ့မှာ လူတွေ အကြောင်း ဆွေးနွေးလို့မရဘူး ၊ ညမှာ တစေတွေအကြောင်း ဆွေးနွေးလို့ မရဘူးဆိုတာ တယ်မှန်ပါလား...

[ TL : တစ်ဖက်သူကြားပြီး ရောက်လာတတ်လို့ပါ ]

သူနှင့် လျန်ရှူရွှယ်မှာ ယခုလေးတင် ကျောက်မိုအကြောင်း ပြောဆိုနေခဲ့ကြ၏။ သို့သော်လည်း အမှန်တကယ် ဖုန်းခေါ်လာလိမ့်မည်လို့တော့ ထင်မထားချေ။

"ငါမင်းကို နောက်လေးငါးရက်လောက်နေမှ ကိုယ်ထင်ပြလာမယ်လို့ ထင်ထားတာ... ဒီလိုမျိုး စောစီး ရောက်လာလိမ့်မယ်လို့တော့ မထင်ထားဘူး..... အတော်လေး စိတ်မရှည် ဖြစ်နေတာပဲ"

"မင်းက ငါ့ကို သိနေတယ်ပေါ့..."ကျောက်မို အေးစက်စွာ ဆိုလိုက်သည်။

"လုံရှင်း ဖိုတိုလီဆိုဂရပ်ဖီစက် ဝယ်လို့မရအောင် လုပ်လိုက်တဲ့သူက မင်းမလား...."လင်းရီ ပြုံးလိုက်ပြီး "Cisco ကို ကျောထောက်နောက်ခံ ပြုထားတဲ့ ဒိတ်ဒိတ်ကျဲကြီးဆိုတော့ မင်း ကိုယ်ယောင်လာပြလာမှာကို စောင့်နေတာ... မဟုတ်ရင် ဒီကစားပွဲက ပျင်းဖို့ကောင်းသွားပြီ…”

**အခန်း (၅၂၄)**

**လက်ဆောင်ရောက်လာခဲ့ပြီ...**

ကျောက်မို စက္ကန့်အနည်းငယ်ကြာအောင်
တိတ်ဆိတ်သွားခဲ့၏။

လင်းရီ၏ စကားလုံးများက သူ့ကို အမှန်တကယ်
အံ့အားသင့်သွားစေသည်။

သူ အမှောင်ထဲမှ လှည့်ကွက် အသေးအမွှားလေးများ
ထုတ်နေသော်လည်း လင်းရီမှ အကုန်သိနေလိမ့်မည်လို့
မျှော်လင့် မထားချေ။

"ဒါဆိုရင် မင်းရဲ့ပစ်မှတ်က Ciscoမဟုတ်ဘူးပဲနဲ့  ငါ
ရှေ့ထွက်လာအောင် လုပ်ဖို့ပဲပေါ့...
ဟုတ်တယ်မလား...."

"ဒါပေါ့ကွ... ချောင်မိသားစုက ကောင်တွေက ငါတိုက်ခိုက်ဖို့ တန်တယ်လို့များ ထင်နေတာလား... သူတို့နဲ့ ကစားရတာ ဘာအဓိပ္ပာယ်မှ မရှိဘူး....."

"ကောင်းပြီလေ... မင်းလည်း ငါလေးစားထိုက်လောက်တဲ့ ပြိုင်ဖက်တစ်ယောက် ဖြစ်နေပါစေလို့ မျှော်လင့်တယ်... မဟုတ်ရင်တော့...."

"အဲ့လောက်ကြီးလည်း ရန်လိုစိတ် ပြင်းပြမနေစမ်းပါနဲ့ကွာ... မင်းကို ကြိုဆိုတဲ့အနေနဲ့ အထိမ်းအမှတ်လက်ဆောင် ပြင်ထားပေးတယ်... လူဆိုသာ ယဉ်ကျေးရမယ်လေ.. ဟုတ်တယ်ဟုတ်...."

"လက်ဆောင်... ဒါ ဘာစကားတုန်းကွ...."

"မပူနဲ့.. မင်းမကြာခင် သိလိမ့်မယ်... "

သို့နှင့် လင်းရီ ဖုန်းချလိုက်သည်။ လျန်ရူရွယ် အလျှင်အမြန် မေးမြန်းလာခဲ့၏။

"နင် တကယ်ကြီး ကျောက်မိုအတွက် လက်ဆောင်ပြင်ထားပေးတာလား...."

"ငါက မင်းကိုပဲ အရူးလုပ်လို့ရမယ်... ကျောက်မိုလို လူကို အရူးလုပ်လို့ ရမယ်လို့များ ထင်နေတာလား..."

လျန်ရူရွယ်၏ အမူအရာမှာ တစ်မဟုတ်ချင်း ပြောင်းလဲသွားပြီး "နင်ဘာတွေလုပ်ဖို့ ကြိုးစားနေတာ...."

"မပူနဲ့.. မင်းလည်း မကြာခင် သိလာလိမ့်မယ်...."

ထိုသို့ ပြောရင်း လင်းရဲ ဖုန်းကောက်ကိုင်ကာ လှိုင်ယင်းရှိထံ ဆက်သွယ်လိုက်သည်။

"အခု စလိုက်တော့...."

အမိန့်တစ်ချက် ပေးပြီးနောက် လင်းရဲ ဖုန်းပြန်မချလိုက်သည်။

ထိုင်ခုံပေါ်တွင် ထိုင်နေသည့် လျန်ရူရှယ်ကတော့ ခေါင်းခဲနေလေသည်။

ဒီကောင်စုတ်က ဘာတွေ လျှောက်လုပ်နေပြန်ပြီလဲဟာ...

သူ့ တကယ်ကြီး ကျောက်မိုနဲ့ သေတဲ့အထိ
တိုက်ခိုက်တော့မလို့လား....

......

ဟွာရှန်းဆေးရုံ ၊ နှလုံးဌာန ၊ ICU

လူနာကုတင်ပေါ်တွင် ချောင်ကျားတုံး အားနည်းစွာဖြင့်
လဲလျောင်းနေပြီး ချောင်ကျင်းချိုးနှင့်
ချောင်ရှန့်ယွီတို့ကတော့ ကုတင်ဘေးတွင်
ထိုင်နေကြသည်။

နေ့လည်ခင်းတွင် လင်းရီကြောင့် ဒေါသထွက်လွန်းပြီး
သတိလစ်သွားသည့် ချောင်ကျားတုံးမှာ ဆေးရုံသို့
ရောက်ရှိလာလေသည်။

ကျိုးဟိုင်တွင် အကောင်းဖြစ်သည့်အလျောက်
ဟွာရှန်းဆေးရုံမှာ လူကုံထံတို့၏ ဦးဆုံး ရွေးချယ်စရာ
ဆေးရုံတစ်ခု ဖြစ်လာခဲ့၏။

ချောင်ကျားတုံး၏ အခြေအနေကတော့
ထင်ထားသည်ထက် ဆိုးရွားနေပြီး ယခင်တုန်းက
ကျောက်ဝန် လင်းရီကြောင့် သွေးအန်သည်အထိ
ဒေါသထွက်သွားခဲ့သော်လည်း
အသက်အရွယ်ကွာခြားမှုကြောင့် ရက်အနည်းငယ်
အနားယူပြီးနောက် အားအင်ပြည့်ဝလာလေသည်။

သို့သော်လည်း ချောင်ကျားတုံး၏ အခြေအနေကတော့
အတော်လေးဆိုးရွားနေပြီး အရေးပေါ်ခွဲစိတ်ရမည့်
အခြေအနေသို့ပင် ရောက်ရှိနေသည်။

ထိုအခိုက်အတန့်တွင်တော့ ချောင်မိသားစုဝင်
သုံးယောက်အပြင် လူနာခန်းထဲ၌
အသက်သုံးဆယ်အရွယ် လူတစ်ဦး ရောက်ရှိနေသည်။

ထိုသူ၏ သွင်ပြင်မှာတော့ အရပ်အမောင်းမြင့်မားစွာဖြင့်
ရုပ်ပြာကို ဝတ်ဆင်ထားကာ ခေါင်းတုံးပေါက်
ဆံပင်ကေနှင့် ဖြစ်၏။မျက်နှာသွင်ပြင်မှာလည်း
ခန့်ခန့်ညားညားတော့ရှိသည်။ အောက်ပိုင်းတွင်တော့
အီတလီဒီဇိုင်နာ၏ လက်လုပ်သားရေ ရှူးဖိနပ်ကို
ဝတ်ဆင်ထားကာ တစ်ကိုယ်လုံးတွင်လည်း
မောက်မာသည့်
အရှိန်အဝါတို့ကိုလွှတ်ထုတ်နေလေသည်။ ယင်းက
လူနာခန်းထဲရှိ လေထုကို အေးခဲသွားစေခဲ့၏။

ထိုလူကတော့ ကျောက်မိုပင်။

"ဒါရိုက်တာကျောက်... ကျုပ်တို့ ဒီကိစ္စကို ဂရုမစိုက်လို့ မရဘူးနော်..."လူနာကုတင်ပေါ် ရှိ ချောင်ကျားတုံးမှ အားနည်းနေသည့် လေသံဖြင့် ပြောလိုက်သည်။

"စိတ်မကောင်းမဖြစ်နဲ့... အဲ့တာ ခင်များအမှားကြောင့် မဟုတ်ဘူး... ဒီကောင်က Didi ကို တိတ်တိတ်လေး ဝယ်ထားလိမ့်မယ်လို့ ဘယ်သူက ထင်ထားမှာလဲ ..." ကျောက်မို ပြောလိုက်ပြီး "အမှန်တော့ ဒီကောင်က ကျုပ်ရှိနေတယ်ဆိုတာကို သိနေတာကြာပြီ... ဒါပေမယ့် ကျုပ် ကစားပွဲထဲ ဝင်ရောက်လာမယ့် အချိန်ကို စောင့်နေတာ... အစကနေ အဆုံးထိ Cisco ကို လုံးဝ အလေးထားတာ မဟုတ်ဘူး....."

"ဒါပေမယ့် ဒါရိုက်တာကျော်... ကျုပ် မရှင်းတာ ခုနတုန်းက ဖုန်းထဲမှာ လက်ဆောင်ပြင်ထားပေးတယ်ဆိုတော့ ဒီကောင် ဘာတွေ ထပ်လှည့်စားပြန်ဦးမလို့လဲ မသိဘူး.... "ချောင်ကျားတုံး ပြောလိုက်၏။

"ဒါက သူနဲ့ ကျုပ်ကြားက ကစားပွဲပါ... ခင်များ စိတ်ပူနေစရာ မလိုဘူး..."

ဘေးတွင် ထိုင်နေရင်း ချောင်ကျင်းချိုးကတော့ သူမ၏ မျက်ခုံးနှစ်ဖက် ထိစပ်လုနီးပါး တွန့်ကွေးထားပြီး တိတ်ဆိတ်နေလေသည်။

လင်းရီ၏ စရိုက်အရတော့ သူ

လက်လက်ဆောင်ပေးမည်ဆိုလျှင်

သာမန်လက်ဆောင်တော့ ဖြစ်လိမ့်မည် မဟုတ်ချေ။

ထို့ပြင် လင်းရီမှာ ကျောက်မို ဝင်အလာကို

စောင့်နေသည်ဟုလည်း ပြောကြားထားသေး၏။

ထိုသို့ဆိုလျှင် လင်းရီ မည်သည့်အရာကိုပဲ

ပြင်ဆင်ထားစေကာမူ သေချာပေါက်

သေးငယ်လိမ့်မည်တော့ မဟုတ်ချေ။

မဟုတ်ပါက အလုပ်ရှုပ်ခံ၍

လက်ဆောင်ပေးနေလိမ့်မည် မဟုတ်ချေ။

သေးသေးမွှားမွှား ပြုလုပ်သည်က လင်းရီ၏ စတိုင်

မဟုတ်ပေ။

နောက်တစ်ကြိမ် မကောင်းသည့် ခံစားချက်တို့က သူမရင်ထဲ ပျံ့နှံ့လာလေသည်။

ကျောက်မိုကို စပရိုက်ပေးဖို့ လင်းရီ နောက်ထပ် ဘာတွေများ လုပ်တော့မှာပါလိမ့်...

လူနာကုတင်ပေါ်တွင် လဲလျောင်းနေသည့် ချောင်ကျားတုံးမှ တုန်ခါနေသည့် လေသံဖြင့် "ဒါရိုက်တာကျောက်... ကျုပ်တို့ Ciscoကို ကယ်လို့ ရလောက်သေးလား..."

"ဖြစ်နိုင်ချေ အခွင့်အလမ်းက အရမ်းနည်းတယ်... သုံးဘီလီယမ်တန်ကြေးရှိတဲ့ ချစ်ပ်တွေကို အမြန်ဆုံး ထုတ်လုပ်နိုင်အောင် ကြိုးစားထားတော့

ဘဏ္ဍာရေးအင်အားက အတော်လေး ကြပ်တည်းနေပြီ... Didi ဘက်က ပေးချေတဲ့ငွေကို မရရင် အဆင်ပြေမှာ မဟုတ်ဘူး... ခုတော့ စာချုပ်ချိုးဖောက်တဲ့အတွက် ယွမ် သုံးဆယ်ဘီလီယမ် လျော်ကြေးပေးရဦးမယ်ဆိုတော့ ဒေဝါလီခံလိုက်တာကလွဲရင် Cisco မှာ တခြားရွေးချယ်စရာ မကျန်တော့ဘူး...."

အဖြေကို ကြားတော့ ချောင်ကျားတုံး၏ မျက်နှာမှာ နဂိုကထက် ဖြူလျော်သွားခဲ့သည် ။ မူလက အားနည်းနေသည့် လူနာမှာ ယခုတော့ သေမတတ် ဝေဒနာခံစားနေရသူကြီး တစ်ယောက်အလား ပြောင်းလဲသွားတော့၏။

"ခု Cisco လုပ်ရမှာက အချိန်မှီ ဆုံးရှုံးတာတွေကို တတ်နိုင်သလောက် လျော့ချဖို့ပဲ..."ကျောက်မို ပြောလိုက်ပြီး "အရင်တုန်းက Didi ရဲ့အော်ဒါကို အမြန်လက်စသတ်နိုင်အောင်လို့ ခင်များတခြား ကုမ္ပဏီက ကမ်းလှမ်းလာတဲ့ စာချုပ်တွေကို ငြင်းလိုက်တယ်မလား... ခု ခင်များဘက်က Didi ကို ပို့မယ့် ကုန်ပစ္စည်းတွေကို ကောင်းကောင်းအသုံးချပြီးတော့ ကျန်တဲ့ ကုမ္ပဏီတွေဆီကနေ စာချုပ်နဲ့ မျှခြေညီအောင် ပြန်လုပ်ရမယ် ... အဲ့လိုဆိုရင် ဒေဝါလီခံပြီလို့ မကြေညာခင် နှစ်ဘီလီယမ်လောက်တော့ ရနိုင်သေးတယ်... ဒါပေမယ့် အဲ့ဒါကလည်း ဆိုးရွားတဲ့ နည်းလမ်း ဖြစ်နေတုန်းပဲ.... "

"ဒါဆို အကောင်းဆုံး ဖြေရှင်းနည်းလမ်းက ဘာများလဲ..."ချောင်ကျားတုံး လျှင်မြန်စွာ မေးမြန်းလာခဲ့၏။

"ကျုပ် အဲ့ကောင် ယွမ် သုံးဆယ် ဘီလီယမ်ကို လက်လျော့သွားအောင် နည်းလမ်းတစ်ခု ကြံနေတယ်... တကယ်လို့ အောင်မြင်သွားပြီဆိုရင်တော့ Cisco က အသက်ရှူနိုင်ဖို့ အခွင့်အရေး ရှိနေသေးတယ်...."

"ဒါပေမယ့် အဲ့လိုဆိုရင်တောင် ရလဒ်က ကောင်းမှာတော့ မဟုတ်ဘူး... အဲ့တာကလည်း လုံရှင်းက ချစ်ပ် ၂.၀ နည်းပညာကို ထုတ်လုပ်လိုက်ပြီ ဆိုတော့ ကျန်တဲ့ ကုမ္ပဏီတွေက နောက်မှာ ကျန်နေခဲ့ရပြီလေ...."

ကျောက်မို ချောင်မိသားစုဝင်များ အားလုံးကို သိမ်းကျုံး ကြည့်လိုက်ပြီး "လင်းရီကြောင့် ရှုံးနိမ့်သွားတယ်လို့ ပြောတာထက် ဈေးကွက်ကြောင့် ဖယ်ရှားခံလိုက်ရတယ်လို့ ပြောရရင် ပိုမှန်လိမ့်မယ်... နည်းပညာ နယ်ပယ်ဆိုတာ ဒီလိုမျိုးပဲ...ရှင်သန်နေဖို့ အကောင်းဆုံး ရုန်းကန်နေရမယ်... အဲ့တာက မင်းကို ခဏလေးနဲ့ ထိပ်ဆုံးရောက်သွားစေနိုင်သလို တစ်ရက်ထဲနဲ့လည်း အောက်ပြုတ်ကျသွားစေနိုင်တယ်... Cisco က လုံရှင်းကို မဖိနှိပ်နိုင်သေးသရွေ့တော့ ဒေဝါလီခံရမယ့် အန္တရာယ်နဲ့ အမြဲတမ်း ရင်ဆိုင်နေရမှာပဲ... ကျုပ်ပြောတာကို သဘောပေါက်ကြတယ်မလား...."

"သဘောပေါက်တယ်..."ချောင်ကျားတုံး
သက်ပြင်းချလိုက်သည်။
ထိုအခိုက်အတန့်တွင် သူ၏ မျက်ဝန်းများထဲ၌
မလိုလားမှုတို့နှင့် ပြည့်နှက်နေလေသည်။

လွန်ခဲ့တဲ့ နှစ်သုံးဆယ်တုန်းက သူ Cisco ကို သာမန်
သေးငယ်သည့် ဝပ်ရှော့ဆိုင်လေး တစ်ဆိုင်မှစ၍
တည်ထောင်ခဲ့၏။

ယနေ့လို ကုမ္ပဏီကြီးဖြစ်လာအောင် သူ
နှစ်ပေါင်းသုံးဆယ်တိုင်တိုင် သွေးချွေးတို့နှင့်
ထုဆစ်ခဲ့ရသည်။

သို့သော်လည်း ကျောက်မိုပြောသည့်အတိုင်းပင်။
သူတစ်ကြိမ်တစ်ခါ ထိပ်ဆုံးသို့ ရောက်ခဲ့ဖူးသော်လည်း

သတင်းစာရှင်းလင်းပွဲပြီးနောက် ပြုတ်ကျကာ အစိတ်စိတ်အမွှာမွှာ ကွဲကြေသွားခဲ့လေပြီ။

အကယ်၍ညတစ်စုံတစ်ဦးကသာ ထိုခံစားချက်ကို တွေ့ကြုံဖူးမည်ဆိုပါက အသက်ဆက်ရှင်ဖို့ရာ အားတင်နိုင်လိမ့်မည် မဟုတ်တော့ချေ။

"ဒါရိုက်တာကျောက်... ခင်များနောက် ဘာဆက်လုပ်ဖို့ ပြင်ဆင်ထားလဲ... "ချောင်ရှန့်ယွီ အံတင်းတင်းကြိတ်ရင်း မေးမြန်းလိုက်၏။

"Didi ကို အရင် ကိုင်တွယ်ကြတာပေါ့..."ကျောက်မို ပြုံးလိုက်ပြီး "သူ Cisco ကနေ သုံးဆယ်ဘီလီယမ် အမြတ်ထုတ်သွားတယ်မလား.. ကျုပ် တစ်ဆုံးထိ

ချေမှုန်းပစ်မှာ... ဘယ်ကောင်ကမှ ကျုပ် ကျောက်မိုကို လာကြောလို့မရဘူး..."

ချောင်ကျင်းချိုး ကျောက်မိုကို ကြည့်လိုက်၏။ သူနှင့် လင်းရီတို့ နှစ်ယောက်လုံးက နက်နဲပြီး ခန့်မှန်းရခက်သည့် ခံစားချက်မျိုးကို ပေးစွမ်းနိုင်လေသည်။

လက်ထဲတွင် ဝှက်ဖဲများ မရေမတွက်အောင် ရှိနေပြီး မည်သည့်ကတ် ထုတ်ကစားမလဲဆိုတာ မပြောပြတတ်ချေ။

ထိုနှစ်ယောက်ထိပ်တိုက်ရင်ဆိုင်ရာတွင် မည်သူကနောက်ဆုံး ရယ်မောလျက် အောင်ပွဲခံနိုင်သူ ဖြစ်မလဲဆိုတာ သူမလည်း မခန့်မှန်းတတ်ပေ။

သို့သော်လည်း မပြောင်းလဲနိုင်သည့် တစ်ခုတည်းသော အကြောင်းအရာကတော့ Cisco ၏ ကျရှုံးခန်းပင်။ Cisco မှာ ယခု သမိုင်းမှတ်တမ်းများတွင်သာ ကျန်ရှိခဲ့သည့် လူများကြာလျှင် မေ့ပျောက်သွားတော့မည့် ကုမ္ပဏီတစ်ခု ဖြစ်သွားခဲ့ချေပြီ။

"ကောင်းပြီ.. ခု ကောင်းကောင်းနားလိုက်ဦး.. ကျုပ် တခြား ကိစ္စလေးတွေ သွားကိုင်တွယ်လိုက်ဦးမယ်..."ကျောက်မို ပြောပြီးနောက် "Cisco သူ့ရဲ့အထွတ်အထိပ်ကို ပြန်ရောက်နိုင်မလားဆိုတာကတော့ အချိန်တစ်ခုလောက်အထိ

မစဉ်းစားသေးနဲ့ဦး...အဲ့တာက ခင်များတို့ ဆုံးဖြတ်နိုင်တဲ့ အရာမဟုတ်သေးဘူး..."

"နားလည်ပါပြီ ဒါရိုက်တာကျောက်..."

Cisco မှာ ဒေဝါလီခံခါနီး ဖြစ်နေသော်လည်း ကျောက်မို၏ နှုတ်ခမ်းတွင် အပြုံးတစ်ခု ဖြစ်ပေါ်နေလေသည်။ မသိလိုက်စွာ အကြောဆန့်ရင်း နှုတ်မှ တီးတိုးရေရွတ်လိုက်၏။ "သူက ငါ ကစားပွဲထဲဝင်လာတာကို မျှော်နေတယ်ဆိုတော့ ငါကလည်း သူဘာပြင်ထားပေးမလဲဆိုတာကို စောင့်မျှော်နေတယ်...."

ကလင် ကလင်....

ထိုအခိုက်အတန့်တွင် ချောင်ရှန့်ယွီ၏ ဖုန်းသံ မြည်လာခဲ့၏။ သူ၏ အတွင်းရေးမှူးထံမှပင်။

"ဘာပြောလိုက်တယ်... Sci-tech က ကုန်လှောင်ရုံတွေ အကုန် မီးလောင်နေပြီ.....”

**အခန်း (၅၂၅)**

**အမေ ဘာလို့သူ့ကို ကောင်စုတ်လေးလို့ ခေါ်လိုက်တာ...**

ထိုသတင်းကိုကြားတော့ ချောင်မိသားစုဝင်များအားလုံး ကြက်သေသေသွားကြ၏။

ထွက်ခွာဟန် ပြုနေသည့် ကျောက်မိုပင် သူ၏ ခြေလှမ်းများကို ရပ်တန့်လိုက်လေသည်။

"ကောင်းပြီ.. ငါနားလည်ပြီ... မြန်မြန် မီးငြိမ်းထားခိုင်းလိုက်... ငါ အခုပဲ လာနေပြီ..."

ချောင်ရှန့်ယွီ ဖုန်းချလိုက်ပြီး သူ့အဖေကို ရှော့ခ်ရနေသည့် အကြည့်များဖြင့် ကြည့်ကာ "အဖေ.. ကျွန်တော်တို့ Sci-tech မှာ သိုလှောင်ထားတဲ့ ပစ္စည်းတွေ အကုန်လုံး မီးလောင်ကုန်ပြီတဲ့...."

ချောင်ကျားတုံး သူ၏ လက်များ အဆက်မပြတ် တုန်ခါနေပြီး အသက်ရှူ မဝ ဖြစ်နေကာ "အဲ့တာ....အဲ့တာ လင်းရီ လက်ချက်ပဲ ဖြစ်ရမယ်..."

"သူကလွဲရင် ဘယ်သူက အဲ့လို
လုပ်မှာမို့လို့လဲ .."ချောင်ရှန့်ယွီ တဂျစ်ဂျစ်မြည်အောင်
အံကြိတ်ရင်း "ကျွန်တော် သူ့ဆီ အခုပဲ
ဖုန်းဆက်လိုက်မယ်.... "

ရှင်းပြခြင်း တစ်စုံတစ်ရာမရှိပဲ ချောင်ရှန့်ယွီ လင်းရီကို
ထပ်မံ ဖုန်းခေါ်လိုက်လေသည်။

"လင်းရီ... မင်း ဘယ်လိုတောင် Cisco ရဲ့
ကုန်ပစ္စည်းတွေကို မီးရှို့ရဲတာလဲကွ... ငါမင်းကို
သေချာပေါက် အလွှတ်မပေးဘူး"...

"အာ... Ciscoရဲ့ကုန်ပစ္စည်းတွေကို
မီးနဲ့ရှို့တယ်..."လင်းရီ အံ့အားသင့်ဟန်ဆောင်လိုက်ပြီး
"ချောင်အစ်ကိုကြီး .. ခင်များ စကားတွေက နည်းနည်း

မများလွန်းဘူးလား... ဝပ်ရှော့တွေ၊ ကုန်လှောင်ရုံတွေ၊ ကန်သင်းနဲ့ အိမ်သာတွေက အစ ခင်များရဲ့ ထိန်းချုပ်မှုအောက်မှာပဲလေ... ကျုပ်ရဲ့ အတွင်းရေးမှူးတောင်မှ ဖြတ်လျှောက်ခွင့်မရှိတာကို ဘာဆိုင်လို့ ကျုပ်ကို လာစွပ်စွဲနေတာ... ဒီလိုမျိုး ဆက်လုပ်နေမယ်ဆိုရင် ဥပဒေဘက်ကနေ ကျုပ် တရားမျှတမှုကို ရှာဖွေတော့မှာနော် ..."

"ဟျောင့်.. မင်း စကားကို ဝေ့လည်ကြောင်ပတ် လာမလုပ်နဲ့.. အဲ့တာ မင်းလက်ချက်ဆိုတာ ငါသိတယ်.... "

"အစ်ကိုချောင်.. စိတ်လေး အေးအေးထား..."လင်းရီ ပြုံးလိုက်ပြီး "ခေါင်းအေးအေးနဲ့ တွေးကြည့်ကြည့်...

တကယ်လို့ ကျုပ်လုပ်တယ်ဆိုရင်တောင် ခင်များ ဘာတတ်နိုင်မှာမို့လို့လဲ... ကျုပ်တို့ အရင်တုန်းကတည်းကရင် သဘောတူညီမှုလက်မှတ် ရေးထိုးပြီးသား မဟုတ်ဘူးလား... ကျုပ် ကုန်လှောင်ရုံတွေကို ခင်များဆီ လက်လွှဲထားပေးလိုက်တယ်... မတော်တဆ ကိစ္စတွေ တစ်ခုခုဖြစ်လာရင် ကျုပ်နဲ့ ဘာမှ မသက်ဆိုင်ဘူး... ဒါကြောင့်မို့ ခင်များမှာ ကျုပ်ကို လာပြီးပြောပိုင်ခွင့်မရှိဘူး... မီးဘယ်လိုငြိမ်းမလဲဆိုတာပဲ စဉ်းစားလိုက်... မဟုတ်လို့ကတော့ ကုန်းကောက်စရာ မရှိ ဖြစ်နေဦးမယ်...."

ထိုသို့ ပြောပြီးနောက် လင်းရီ ချောင်ရှန့်ယွီကို စကားပြောရန်ပင် အခွင့်မပေးဘဲ ဖုန်းတန်းချလိုက်၏။ ချောင်မိသားစုဝင်များအားလုံးကတော့ အေးခဲနေကြပြီး သူတို့၏ မျက်နှာထက်တွင်ကြောက်လန့်တုန်လှုပ်မှုများက အထင်းသား ပေါ်လွင်နေလေသည်။

သူတို့ ကုန်လှောင်ရုံများကို လွှဲယူစဉ်အခါက ထိုအချက်များကို အမှန်တကယ် ထည့်သွင်းထားခဲ့လေသည်။ ထိုအချိန်တုန်းကတော့ ချောင်ရှန့်ယွီတို့ သားအဖနှစ်ယောက်မှာ ပျော်ရွှင်လွန်းပြီး ခုန်ပေါက်နေခဲ့ကြ၏။ ချောင်ကျင်းချိုးမှ သူမ၏ သံသယ အတွေးများ ပြောပြလာခဲ့တာကိုပင် သူတို့နှစ်ယောက်လုံး

နားမထောင်ခဲ့ကြပဲ လင်းရီကို ဂျိုကာကြီး
တစ်ယောက်အလား ပေါ့သေးသေး မှတ်ယူခဲ့ကြသည်။

မျှော်လင့်မထားစွာဖြင့် လင်းရီမှာ ထိုစဉ်ကတည်းက
Cisco ၏ ကျရှုံးခန်းအတွက်
ဇာတ်လမ်းများကြိုတင်ပြင်ဆင်ထားခဲ့၏။

အကယ်၍ ကုန်လှောင်ရုံရှိ ပစ္စည်းများသာ
မီးလောင်ကျွမ်းသွားပါက ဆုံးရှုံးမှုပမာဏမှာ လုံးဝ
သေးငယ်လိမ့်မည် မဟုတ်ချေ။

မူလကတော့ Cisco ထိုကုန်ပစ္စည်းများကို အသုံးပြုပြီး
အခြားသော ကုမ္ပဏီ အသေးစားလေးများကို
ထောက်ပံ့ကာ ကုန်ကျငွေများကို အတန်အသင့်
ကာမိအောင် ကြိုးစားရန် စီစဉ်ထားခဲ့၏။ ယခုတော့

ကုန်လှောင်ရုံများမှာ မီးလောင်ကုန်ချေပြီ။ အခြားသော ကုမ္ပဏီများကို မပံ့ပိုးနိုင်ရုံသာမက စာချုပ်လျော်ကြေးအဖြစ် ပမာဏများစွာကိုပါ လျော်ကိမ်းစိုက်သွားခဲ့သည်။

ယခု မတိုင်ခင်ကတော့ ဘီလီယမ်အနည်းငယ် ပြန်ရနိုင်သေးသော်လည်း ယခုတော့ ဘီလီယမ်နဲ့ ချီအောင် ဆုံးရှုံးသွားခဲ့၏။ ဆုံးရှုံးမှု တန်ဖိုးကအနည်းဆုံး  ယွမ် ငါးဘီလီယမ်ပင်။

ချောင်ကျားချိုး သူမ၏ နဖူးကို နာကျင်စွာဖြင့် ဖိနှိပ်ရင်း မျက်စိစုံမှိတ်ကာ စကားမဆိုပဲ ဆိုဖာပေါ်သို့ မှီလိုက်၏။

မူလက လင်းရီ သူမတို့ကို ကောင်းကင်ဘုံမှ လူ့ဘုံသို့ တွန်းချလိုက်သည်ဟု မှတ်ယူထားခဲ့သော်လည်း

ငရဲဘုံအထိပါ အရောက်ပို့နေလိမ့်မည်လို့တော့ ထင်မထားခဲ့ချေ။

......

လျန်ရှူရှယ်၏ အိမ်ရာ၌။

သူမလည်း လင်းရီနှင့် ချောင်ရှန့်ယွီတို့၏ ပြောစကားများကို ကြားလိုက်ရသည်။

ရှော့ခ်ရသည်ထက် သူမ လင်းရီ၏ နည်းလမ်းများကို ပို၍ အံ့အားသင့်မိလေသည်။

အစမှအဆုံးထိ လင်းရီမှာ တစ်ဆင့်ချင်း သေချာစီစဉ်သွားပြီး အဆုံးတိုင် ဖျက်ဆီးပစ်လိုက်သည်။

လျှန်ရှူရှယ် စိတ်မသက်သာစွာဖြင့်
သက်ပြင်းချလိုက်၏။

သူတို့ကလည်း ဘာလို့ လင်းရီကိုမှ
အကြောင်းမရှိရန်လာရှာနေကြတာလဲဟယ်....

"နင်က အရမ်း ရဲတင်းတာပဲ..."''လျှန်ရှူရှယ်
ပြောလိုက်ပြီး "ငါကတော့ နင့်ရဲ့အရှုပ်ထုပ်တွေကို
ရှင်းပေးဖို့ ဒီနေရာ ရောက်နေသလားတောင်
အောက်မေ့ရတယ်... မနက်ဖြန်ဆို ကျောက်မိုက
သေချာပေါက် ရောက်လာတော့မှာ... "

"ငါလည်း ခန့်မှန်းပြီးသားပါ...ငါ့အထင်တော့ ဒီကောင်
ငါ့ကို Didi နဲ့ လင်းယွမ်က တစ်ဆင့် တိုက်ခိုက်ဖို့

ကြိုးစားလာမယ်လို့ ထင်တာပဲ..."လင်းရီ ပြောလိုက်ပြီး "ဒါပေမယ့် အဲ့လိုလုပ်မယ်ဆိုရင်တော့ သေချာပေါက် ပျင်းစရာ ကောင်းသွားပြီ... သူ့နည်းလမ်းတွေက ဘယ်လောက်တောင် အဆင့်အတန်း နိမ့်လိုက်လဲ..... "

"ငါ သူ့ကို နင့်အစား ပြောပေးရမလား..."

"မလိုဘူး..."လင်းရီ ပြောလိုက်ပြီး "မင်းက ဒီကိစ္စထဲမှာ အတတ်နိုင်ဆုံး ဝင်မပါနဲ့.. ငါ တစ်ယောက်တည်း ကိုင်တွယ်မယ်..."

"နင့်မှာ ကျောက်မိုကို ကိုင်တွယ်နိုင်မယ့် စွမ်းရည်ရှိတယ်ဆိုတာ သေချာလို့လား... "

"အမှန်အတိုင်း ဝန်ခံရရင် ငါလည်း ကျောက်မိုကို ဘယ်လို ကိုင်တွယ်ရမလဲ မသိသေးဘူး.. ဒါပေမယ့် အချိန်ကျလာရင်တော့ သူ့ရဲ့အကွက်ချင်းစီတိုင်းကို ပြန်တုံ့ပြန်ဖို့ကတော့ မခက်ခဲပါဘူး....."

"ကောင်းပြီလေ..."လျန်ရှူရှယ် ပြောလိုက်ပြီး "နင်က သောက်ထားတယ်ဆိုတော့ ဒီည မပြန်နဲ့တော့ ... ဒီမှာပဲ အိပ်လိုက်...."

"အင်း... မဒီလေးက ပြောလာမှတော့ ငြင်းပယ်ရလောက်တဲ့အထိ ငါလည်း မမိုက်မဲသေးပါဘူး...."

"နှာဘူး...."

လင်းရီနှင့် ကျောက်မိုကြားရှိ ရန်ငြိုးရန်စများမှာ စကားပြောရုံနှင့် ပြီးသွားလိမ့်မည် မဟုတ်ကြောင်း သိရှိနေသောကြောင့် လျန်ရူရွှယ် လွှတ်ထားရန် ဆုံးဖြတ်လိုက်၏။ အရင်ဆုံး သူမ အမေ၏ အမြင်ကို မေးမြန်းပြီး သူမ ဘာပြောမလဲ ဆိုတာကို နားထောင်ရပေမည်။

"နင် ရေချိုး ဦးမလား.. ငါ နင့်အတွက် ရေဖြည့်ထားပေးမယ်..."လျန်ရူရွှယ် ပြောလိုက်၏။

"ဘာလဲ...ငါ့ နောက်ကျောကို ဆပ်ပြာတိုက်ပေးမလို့လား...."

"နင့်နောက်ကျောကို ဆပ်ပြာတိုက်ပေးရမယ်..."

"အမှန်ပဲလေ.. ဂျပန်ဇာတ်ကားတွေထဲမှာဆို အဲ့လို ပွတ်တိုက်ပေးကြတာချည်းပဲ...."

"နင်ဖင်ကြီးကိုပဲ ပွတ်တိုက်နေလိုက်လေ... မြန်မြန် ရေမိုးချိုးပြီး သွားအိပ်တော့သွား..."

"ဟင်း...."

ည ၁၁ နာရီ ဝန်းကျင်တွင် နှစ်ယောက်လုံး ဆေးကြောလိုက်ကြပြီး အခန်းကိုယ်စီသို့ ပြန်အနားယူလိုက်ကြ၏။

လျန်ရူရှယ် မှန်တင်ခုံရှေ့တွင် facial mask တပ်ပြီး ဝီချက်မှတစ်ဆင့် သူမအမေထံ ဗွီဒီယိုကော ခေါ်လိုက်၏။

အမေနှင့် သမီးမှာ စိတ်ချင်းဆက်ထားသည့်အလား ရှန်းရှူးရီမှာလည်း mask ကပ်ထားလေသည်။

"ဆယ့်တစ်နာရီတောင် ထိုးနေပြီ...နင် ခုထိ မအိပ်သေးဘူးလား..."ရှန်းရှူးရီ မေးမြန်းလိုက်၏။

"သမီး အမေ့ကို မေးချင်တာလေး ရှိလို့.."လျှန်ရူရှယ် ပြောလိုက်ပြီး "ကျိုးဟိုင်မှာ ဖြစ်သွားတဲ့ ကိစ္စကို အမေလည်း သိတယ်မလား..."

"လုံရှင်းနဲ့ Cisco ကိစ္စလား..."

"အွန်း... အဲ့ကိစ္စက အကြီးအကျယ် ဂယက်ထသွားတာ.. ဒါတင်မကသေးဘူး.. လင်းရီက သူများရဲ့ယွမ်

သုံးဘီလီယမ်တန် ကုန်ပစ္စည်းတွေကိုတောင်မှ မီးရှို့လိုက်သေးတယ်....ကိစ္စက အတော်လေး ကြီးသွားပြီ..."

လျှန်ရူရှယ် ပြောလိုက်ပြီး "ကျောက်မိုက Ciscoမှာရင်းနှီး မြှုပ်နှံထားတာလေ.. အဲ့ကိစ္စပြီးတော့ ကျောက်မိုက ချက်ချင်း ကျိုးဟိုင်ကို ရောက်လာခဲ့တယ်... သူတို့နှစ်ယောက် ဖုန်းထဲမှာတောင် စကားပြောလိုက်ကြသေးတယ်... ခုဆို နှစ်ယောက်လုံးရဲ့ အာဃာတတွေက တစတစ ကြီးထွားလာနေပြီးတော့ တစ်ဖက်က မသေမချင်း ကျေအေးမယ့် အနေအထားမှာ မရှိဘူး..."

"ဘာမှ မပူနဲ့.. အဲ့လိုမျိုး လုံးဝ ဖြစ်လာမှာ မဟုတ်ဘူး... နှစ်ယောက်လုံးက အရူးတွေမှ မဟုတ်တာ.. သူတို့ရဲ့ အကန့်အသတ်ကို သူတို့သိတယ်... မဟုတ်ရင် အစောကြီးကတည်းကနေ အဆုံးသတ်နေလောက်ပြီ... "နှစ်ဖက်ရှိ ရန်ငြိုးရန်စများကို စိတ်မဝင်စားသည့် လေသံဖြင့် ရှန်းရှူးရီ ကင်မရာကို ကြည့်ကာ သူမ၏ မျက်နှာ mask ကို ပြုပြင်လိုက်သည်။

"ဘာလို့လဲ.. အမေလည်း ကျောက်မိုရဲ့စရိုက်ကို သိနေတာပဲ မဟုတ်ဘူးလား..."

"ဒါပေမယ့် ဟွာယင်း အုပ်စုက သူပိုင်တာမဟုတ်ဘူးဆိုတာ သမီးမေ့နေပြီလား... သမီးရဲ့အန်တီဝမ်က တာဝန်ရှိသူလေ... သူက

ပိုက်ဆံအများကြီး သုံးစွဲပိုင်ခွင့် ရှိတယ်ဆိုရင်တောင်မှ ရှုပ်ရှုပ်ယှက်ယှက်တော့ လုပ်ရဲမှာ မဟုတ်ဘူး..."

လျှန်ရှုရှယ် မျက်လုံးလှိမ့်လိုက်ပြီး "အမေ့သဘောက လင်းရီ အချိန်တစ်ခုလောက်အထိ ရှင်သန်နိုင်သေးသရွေ့ ဘာပြဿနာမှ မရှိဘူးလို့ ဆိုလိုချင်တာလား...."

"သီအိုရီ အရပေါ့..."

"သီအိုရီအရပဲလား... ဒါဆို တခြား ဖြစ်နိုင်ချေတွေလည်း ရှိသေးတာပေါ့နော်...."

"အဲ့တာတော့ ပြောရခက်တယ်... အဲ့ဒီ ညစ်ပတ်တဲ့ကောင်စုတ်လေးက သူ့လက်ထဲမှာ ဝှက်ဖဲတွေ ဒီလောက်များတာ ... သူ

ဘယ်ကတ်ထုတ်မလဲဆိုတာကို ဘယ်သူက သိမှာလဲတဲ့..."ရှန်းရှူးရီ ပြောလိုက်ပြီး "သူ့မျက်လုံးထဲမှာ Cisco ဆိုတာ သူ့ရဲ့ သေးငယ်တဲ့ နည်းပညာကို ခိုးယူသွားတဲ့ သူခိုးဂျပိုး သာသာလောက်ပဲ... ဒါပေမယ့် လင်းရီက သူတို့ကို ဗုံးနဲ့ ထုသတ်လိုက်တယ်လေ... ဘယ်သူက အဲ့လိုလုပ်မယ်လို့ ခန့်မှန်းထားလို့လဲ....."

ဟွာရှ တစ်ပြည်လုံးတွင် ရှန်းရှူးရီ နားမလည်နိုင်သည့် လူစားမျိုးကို လက်ချိုးရေတွက်၍ ရသည်။ အထူးသဖြင့် ပေချောင်မြို့ရှိ ကိစ္စပင်။ အဆုံးတွင် လင်းရီမှ သူမ၏ CITIC အုပ်စုကို နာမည် ဂုဏ်သတင်း ပေးအပ်လိုက်ပြီး သူကတော့ လက်တွေ့အကျိုးအမြတ်ကို ခံစားနေခဲ့၏။

ကောင်စုတ်လေးက သူ့အဖေအတိုင်းပဲ...

ခေါင်းထဲမှာ ထူးဆန်းတဲ့ အတွေးတွေနဲ့ပဲ
ပြည့်နှက်နေတာ...

"နေဦး..."လျန်ရူရှယ် ရှန်းရှူးရီကို သံသယဖြစ်စွာ
ကြည့်လိုက်ပြီး "အမေ ဘာလို့ သူ့ကို
ကောင်စုတ်လေးဆိုပြီးတော့ ခေါ်လိုက်တာ...
အဲ့ဒီအသုံးအနှုန်းက အရမ်း ရင်းနှီးမနေဘူးလား...."

"အာ...."

"အဲ့တာကလည်း နင်တို့ နှစ်ယောက်ကြောင့်မို့လေ...
ဘာပဲဆိုဆို ငါက သူ့ရဲ့ယောက္ခမလောင်းပဲ မလား...
သူ့ကို အဲ့လိုခေါ်တာ မမှားပါဘူးအေ..."

သူမ လင်းကျင်ကျန့်နှင့် ရင်းနှီးနေသောကြောင်ဘ ရှန်းရှူးရီ သတိလက်လွတ်ဖြစ်သွားကာ ရင်းနှီးသည့် အခေါ်အဝေါ်ကို သုံးစွဲမိလိုက်သည်။ သို့သော်လည်း သူမသမီးမှ သတိထားမိသွားလိမ့်မည်လို့တော့ ထင်မှတ်မထားခဲ့ချေ။ ထို့ကြောင့် အကြောင်းပြချက် တစ်ခု ရှာ၍ ရှင်းပြလိုက်ရတော့၏။

"သမီး ရှင်းပြပြီးပြီလေ... အမေထင်နေသလို မဟုတ်ပါဘူးလို့.. သမီးတို့နှစ်ယောက်က ရိုးရိုးသားသားတွေပါဆိုနေ.... "

ချလပ်....

ထိုစဉ် အခန်းတံခါး ဖွင့်လာပြီး လင်းရီ
သာမန်ကာလျှံကာ ဝင်ရောက်လာခဲ့၏။

"မင်းအိမ်မှာ ရေခဲ သေတ္တာထဲက လွဲရင် ဘယ်နား
ရေရှိသေးလဲ... ငါ အရမ်း ရေဆာနေလို့.... “